# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday 17 November 2019 ၉၈၃၆


## စတုတ္ထအကြိမ်မြောက် Myanmar Entrepreneurship Summit 2019 အခမ်းအနား ကျင်းပ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် Myanmar Entrepreneurship Summit 2019 အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များဖြစ်ကြသည့် ဦးဖြိုးမင်းသိန်း၊ ဦးလှမိုးအောင်နှင့် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ စီးပွားရေးမိတ်ဖက် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် အသင်းသားများ၊ ပြည်တွင်း ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စတုတ္ထအကြိမ်မြောက် Myanmar Entrepreneurship Summit 2019 တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အလုပ်အကိုင်အခွင့်အလမ်း ၁၇၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု**
စာမျက်နှာ » ၇

**ရောဂါပိုးများ၏ မျိုးဗီဇအစီအစဉ် အပြည့်အစုံကို စစ်ဆေးဖော်ထုတ်နိုင်သည့် နောက်ဆုံးပေါ် အဆင့်မြင့်ဆေးပစ္စည်းကိရိယာ လှူဒါန်းပေးအပ်ပွဲ ကျင်းပ**
စာမျက်နှာ » ၉

**ဆေးတက္ကသိုလ်များတွင် စတင်ပြောင်းလဲသင်ကြားတော့မည့် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းအသစ်အကြောင်း**
ဆောင်းပါး စာမျက်နှာ » ၂၁




## ကြေးမုံ

# လွဲမှားစွာပုံဖော်မှု ပြတ်သားစွာကန့်ကွက်

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သော (၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုကော်မတီ) အစည်းအဝေးတွင် မြန်မာ၊ အီရန်၊ ယူကရိန်း၊ ဆီးရီးယားနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် သက်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအား ဦးတည်ချမှတ်သော ဆုံးဖြတ်ချက်အဆို (မူကြမ်း) (၅) ခုကို အရေးယူဆောင်ရွက်ခဲ့သည်။

အိုအိုင်စီနှင့် အီးယူတို့ပူးတွဲတင်သွင်းသော နိုင်ငံရေးအရ ဖိအားပေးသည့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသောဆုံးဖြတ်ချက်အဆို(မူကြမ်း)ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးက ဆုံးဖြတ်ချက်အဆို (မူကြမ်း)အား အရေးယူဆောင်ရွက်ခြင်းမပြုမီ အထွေထွေမိန့်ခွန်းနှင့် မဲခွဲဆုံးဖြတ်ပြီးနောက် မဲရလဒ်အပေါ် ပြတ်ပြတ်သားသား ကန့်ကွက်တုံ့ပြန်ပြောကြားခဲ့သည်။

အထွေထွေမိန့်ခွန်းတွင်ပါသည့် အဆိုမူကြမ်းသည် အများသိထားကြပြီးဖြစ်သည့် သိမ်မွေ့နက်နဲရှုပ်ထွေးသော ရခိုင်ပြည်နယ်အရေးကိစ္စကို ဆိုးဆိုးရွားရွား လွဲမှားစွာပုံဖော်ထားသည်။ ရခိုင်ပြည်နယ်အရေးကိစ္စသည် ဘာသာရေးဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းပြဿနာမဟုတ်သကဲ့သို့ အသိုက်အဝန်းတစ်ခုကို နိုင်ငံအတွင်းမှ မောင်းထုတ်လိုက်သည့် လုပ်ရပ်မျိုးလည်း မဟုတ်ပေ။ ပြဿနာသည် နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းမှု၊ ဆင်းရဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးလျော့ရဲမှု စသည်တို့အပါအဝင် ရှုပ်ထွေးသည့် နိုင်ငံရေးနှင့် စီးပွားရေးအရင်းခံအကြောင်းတရားဖြစ်ရာ ယင်းကို ဓမ္မဓိဋ္ဌာန်ကျကျ မလေ့လာဘဲ လွဲမှားစွာပုံဖော်ထားသည့် အိုအိုင်စီနှင့် အီးယူတို့၏ တတိယကော်မတီသို့တင်သွင်းသော နိုင်ငံရေးအရ ဖိအားပေးသည့် ဆုံးဖြတ်ချက်အဆို (မူကြမ်း)ကို မြန်မာနိုင်ငံအနေဖြင့် ပြတ်ပြတ်သားသားကန့်ကွက်ရမည်သာဖြစ်သည်။

အုပ်စုတူနိုင်ငံအချို့က ၎င်းတို့၏ နိုင်ငံရေးလိုအင်အတွက် ၎င်းတို့သဘောမတွေ့သည့်နိုင်ငံများအပေါ် အုပ်စုလိုက် ဖိအားပေး၊ အုပ်စုလိုက်မဲပေးသော အသုံးချသည့်အလေ့အထကို မရိုးနိုင်အောင် အကြိမ်ကြိမ်တွေ့ခဲ့ရပြီးဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအကြား လူ့အခွင့်အရေးကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံသည့် လုပ်ဆောင်မှုသည် နိုင်ငံများ၏ အချုပ်အခြာအာဏာတန်းတူညီမျှမှုရှိရမည်ဆိုသည့်အချက်ကို စောင့်ထိန်းလိုက်နာမှုမရှိခြင်း၊ မျှတမှုနှင့် သမာသမတ်ကျမှုမရှိခြင်း၊ စံနှုန်းနှစ်မျိုးဖြင့် ခြွင်းချက်ထားသည့် မူဝါဒကိုကျင့်သုံးခြင်း၊ ပစ်မှတ်ထား ရွေးချယ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

တတိယကော်မတီအနေဖြင့် နိုင်ငံငါးနိုင်ငံအပေါ် မည်သို့ပင်ဖိအားပေးဆုံးဖြတ်စေကာမူ ဖိနှိပ်ခံရသော နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံ၊ ၎င်းတို့အစိုးရ၊ ၎င်းတို့မူဝါဒများနှင့်အညီ ခိုင်ခိုင်မာမာ ရပ်တည်တုံ့ပြန်ကြမည်သာဖြစ်သည်။ အဆိုးမြင်စေရန် မမှန်မကန်ပုံဖော်ထားသည့် စိတ်ကြိုက်အာဘော်တွင် မြန်မာနိုင်ငံအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် အင်တိုက်အားတိုက် ကြိုးပမ်းဖြေရှင်းဆောင်ရွက်မှုများကို လျစ်လျူရှုထားသော်လည်း မြန်မာနိုင်ငံအစိုးရအနေဖြင့် မိမိတို့၏ ဆောင်ရွက်ဖွယ်ရာကိစ္စများကို စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ဆက်လက်ဆောင်ရွက်သွားပေလိမ့်မည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာ၏စွပ်စွဲချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် ဖွတ်အတင်း ငြင်းပယ်တုံ့ပြန်နေခြင်းမဟုတ်ဘဲ ပြည်ပမှ ယုံကြည်စိတ်ချရသူများပါဝင်သည့် သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ကိုဖွဲ့စည်း၍ စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး တပ်မတော်အနေဖြင့်လည်း စုံစမ်းစစ်ဆေးရေးခုံရုံးဖြင့် ဖွဲ့စည်းဆောင်ရွက်နေသည်။ ပေါ်ထွက်လာမည့် တွေ့ရှိချက်များအပေါ် ထိုက်သင့်သည့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုသည်သာ မှန်ကန်သည့် လုပ်ဆောင်မှုဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပေါ်တွင် ရည်ရွယ်ချက်ရှိရှိ နိုင်ငံရေးအရ ဖိအားပေးခြင်း၊ ပစ်မှတ်ထားဖိနှိပ်ခြင်းဖြစ်သည့် မည်သည့်ဆုံးဖြတ်ချက်မျိုးကိုမဆို မြန်မာနိုင်ငံအနေဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်တုံ့ပြန်သွားရမည်သာ ဖြစ်ပါကြောင်း။ ။

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၅၇/ ၂၀၁၉) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၅၇/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညွှန့်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်(ကျိုက်လတ်)စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်

**ကျိုက်လတ် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်(ကျိုက်လတ်) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**လာရောက်ပါဝင်ဆင်နွှဲနိုင်**

ကလေးစာပေပွဲတော်(ကျိုက်လတ်)ကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်)တွင် နှစ်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြော၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ စက္ကူခေါက်၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများ၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ အသိပညာပေးပြခန်းများ၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များပါဝင်ပြီး ကလေးစာပေပွဲတော်(ကျိုက်လတ်)သို့ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။


**မြို့နယ် (ပြန်/ဆက်)**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

### (၃) အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ

Facebook သည် အနိုင်ကျင့်ခြင်း သို့မဟုတ် အရှက်ခွဲခြင်းကို လုံးဝသည်းမခံပါ။ အသုံးပြုသူများအား အများနှင့်ဆိုင်သော အကြောင်းအရာ ကိစ္စရပ်များကို လွတ်လပ်စွာပြောဆိုခွင့်ပေးထားပါသည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးအပေါ်၌ နိုင်ထက်စီးနင်း နှောင့်ယှက်ခြင်းများအပေါ် တိုင်ကြားချက်များအား အရေးယူပါသည်။



### (၄) အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့် ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို facebook မှ ပယ်ဖျက်ပါသည်။

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ညွှ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စတုတ္ထအကြိမ်မြောက် Myanmar Entrepreneurship Summit 2019 အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



✻ ရှေ့ဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ ဆုရလူငယ်များအကြောင်း ရိုက်ကူးထားသည့် ဗီဒီယိုမှတ်တမ်းကိုပြသပြီး အကယ်ဒမီ မိရာမိုရ် ဦးစီးသည့် ဂီတကဗျာအဖွဲ့နှင့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ လူငယ်များက MYEA Theme Song ဖြစ်သည့် အောင်မြင်သောခရီး တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

**ယုံကြည်မှုနဲ့ အားပေးခဲ့**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် "ဒီနေ့ကျင်းပတဲ့ အခမ်းအနားဟာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းရဲ့ စတုတ္ထအကြိမ် ညီလာခံဖြစ်ပါတယ်။ အရင်ကျင်းပခဲ့တဲ့ အခမ်းအနား သုံးကြိမ်ကိုလည်း ကျွန်မ နှစ်စဉ်တက်ရောက်ခဲ့ပါတယ်။ ကျွန်မတို့ လူငယ်တွေရဲ့ စွမ်းဆောင်ရည်တွေအပေါ် အပြည့်အဝ ယုံကြည်မှုနဲ့ အားပေးခဲ့တာ ဖြစ်ပါတယ်။

မနှစ်က နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အခမ်းအနားမှာ လူငယ်တွေအနေနဲ့ နိုင်ငံကို အေးချမ်းသာယာအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့၊ အထူးသဖြင့် နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေ လက်တွဲပြီး ဟန်ချက်ညီညီနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့၊ ဒီလို လုပ်ဆောင်ရာမှာလည်း တိုးတက်နေတဲ့ နည်းပညာတွေကိုအခြေခံပြီး နိုင်ငံကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြဖို့အပြင် ထုံးတမ်းအစဉ်အလာအရ တန်ဖိုးထားခဲ့ရတဲ့ အလေ့အထတွေကိုလည်း ထိန်းသိမ်းပြီး ခေတ်နဲ့အညီ တီထွင်ကြံဆလုပ်ကိုင်နိုင်ဖို့ကို တိုက်တွန်းခဲ့ပါတယ်။ လူငယ်တွေမှာ ကျွန်မတို့ လူကြီးတွေထက် ပိုမိုဆန်းသစ်တဲ့ အတွေးအခေါ်တွေ၊ တီထွင်ဖန်တီးမှုတွေ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတွေရှိပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့က အတိတ်ကတန်ဖိုးရှိတဲ့ ကိစ္စတွေကိုလည်း မေ့လို့မဖြစ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့ ရိုးရာယဉ်ကျေးမှုအစဉ်အလာတွေထဲက ကောင်းနိုးရာရာတွေကို ရွေးပြီးတော့ ဆက်လက်ထိန်းသိမ်းရမှာကို ကျွန်မ အမြဲပဲ အထူးတိုက်တွန်းချင်ပါတယ်။

ကျွန်မတို့ အစိုးရတာဝန်ယူတဲ့ကာလမှာ အဘက်ဘက်က စွမ်းရည်ပြည့်ဝတဲ့ လူငယ်မျိုးဆက်သစ်တွေ ပေါ်ပေါက်လာဖို့ ဖန်တီးပေးနိုင်မယ့် စီးပွားရေးမူဝါဒကို ချမှတ်ခဲ့ရာမှာ စွမ်းဆောင်ရည်မြင့်မားတဲ့ လူငယ်မျိုးဆက်သစ်တွေ ပေါ်ထွန်းလာစေဖို့အတွက် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့ ရည်ရွယ်ခဲ့ပါတယ်။

နိုင်ငံတော်ကြီး ရေရှည်ငြိမ်းချမ်းဖွံ့ဖြိုးရေးအတွက် နောင်အနာဂတ် ခေါင်းဆောင်များဖြစ်လာမယ့် လူငယ်မျိုးဆက်သစ်တွေဟာ တစ်ခေတ်ထက်တစ်ခေတ် ပိုမိုထူးချွန်ထက်မြက်စွာနဲ့ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ အရေးကြီးလှပါတယ်။ ကျွန်မ ဒီနေရာမှာ လူငယ်ခေါင်းဆောင်တွေကို ပူးပေါင်းဆောင်ရွက်ဖို့ကို အဓိကထားစေချင်ပါတယ်။ အခုခေတ်မှာ အားလုံးက ခေါင်းဆောင်ပဲ လုပ်နေကြတယ်။ ကျွန်မ ခဏခဏပြောပါတယ်။ အားလုံးက ခေါင်းဆောင်လုပ်လို့ရှိရင် နောက်က ဘယ်သူက လိုက်မှာလဲ၊ ဒါကြောင့်မို့ အားလုံးတန်းတူညီတူ ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ လက်တွဲပြီးတော့ ချီတက်နိုင်ဖို့ ဆိုတာ ခေါင်းဆောင်လုပ်ချင်တဲ့စိတ်ထက် အင်မတန်မှ ပိုပြီး အရေးကြီးပါတယ်လို့ ကျွန်မ ဒါကိုသတိပေးချင်ပါတယ်။

ဒါကြောင့် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ချမှတ်ခဲ့ပြီး ဒီလူငယ်မူဝါဒရဲ့ ရည်ရွယ်ချက်တွေထဲမှာ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်တွေကို နိုင်ငံထဲမှာရှိတဲ့ မူဝါဒတွေ၊ မဟာဗျူဟာစီမံကိန်းတွေမှာ ထည့်သွင်းနိုင်ဖို့၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်ပြီး ရင်ပေါင်တန်းနိုင်တဲ့ လူငယ်တွေ ပေါ်ထွက်လာစေဖို့ စတဲ့ အချက်တွေကို ပါဝင်အောင် ထည့်သွင်းရေးဆွဲခဲ့ပါတယ်။

**လူငယ်တွေရဲ့စွမ်းအားကို အပြည့်အဝယုံကြည်**

ကျွန်မတို့ အစိုးရအနေနဲ့ ကိုယ့်နိုင်ငံက လူငယ်တွေရဲ့ စွမ်းအားကို အပြည့်အဝယုံကြည်ပါတယ်။ အစိုးရက အားပေးရမယ့်အပိုင်းတွေမှာလည်း မူဝါဒပိုင်း၊ လက်တွေ့အကောင်အထည်ဖော်ရမယ့်အပိုင်း အားလုံးမှာ ရှုထောင့်စုံက ကူညီပံ့ပိုးပေးနေပါတယ်။ တစ်ဖက်မှာလည်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်တဲ့ အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းတွေအတွက် လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးနေသလို စီးပွားရေးလုပ်ငန်းတစ်ခုလုံး လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ဖို့လည်း လုပ်ဆောင်နေပါတယ်။

ဒါကြောင့်လည်း မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၂၀ ပြည့်နှစ်အတွက် စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုအရှိဆုံး နိုင်ငံစာရင်းမှာ မြန်မာနိုင်ငံက အတိုးတက်ဆုံးနိုင်ငံ ၂၀ စာရင်းမှာ ပါဝင်ခဲ့သလို အထူးသဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု စတင်လုပ်ကိုင်ဖို့ လွယ်ကူစေတဲ့အဆင့်မှာ ကျွန်မတို့ စတင်တာဝန်ယူခဲ့တဲ့ ၂၀၁၆ ခုနှစ်က အဆင့် ၁၆၀ ရှိခဲ့ရာကနေ လက်ရှိမှာအဆင့် ၇၀ အထိ သိသိသာသာ မြင့်တက်ခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတွေထဲမှာ စီးပွားရေးစတင်လုပ်ကိုင်ရာမှာ အလွယ်ကူဆုံးအဆင့် စတုတ္ထအဆင့်မှာ ရှိနေပါတယ်။ ဒါပေမယ့်လည်း တိုးတက်ဖို့က အများကြီးလိုပါသေးတယ်။

**လူငယ်ခေါင်းဆောင်တွေကို ပူးပေါင်းဆောင်ရွက်ဖို့ကို အဓိကထားစေချင်ပါတယ်။ အခုခေတ်မှာ အားလုံးက ခေါင်းဆောင်ပဲလုပ်နေကြတယ်။ ကျွန်မ ခဏခဏပြောပါတယ်။ အားလုံးက ခေါင်းဆောင်လုပ်လို့ရှိရင် နောက်က ဘယ်သူက လိုက်မှာလဲ၊ ဒါကြောင့်မို့ အားလုံးတန်းတူညီတူ ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ လက်တွဲပြီးတော့ ချီတက်နိုင်ဖို့ဆိုတာ ခေါင်းဆောင်လုပ်ချင်တဲ့စိတ်ထက် အင်မတန်မှ ပိုပြီးအရေးကြီးပါတယ်**

ကျွန်မတို့နိုင်ငံမှာ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒနဲ့သာမက ကုလသမဂ္ဂကချမှတ်ထားတဲ့ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေနဲ့ ကိုက်ညီပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေပါရှိတဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကိုလည်း ရေးဆွဲချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အခုဆိုရင် ဒီအမျိုးသားစီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက သာမက နိုင်ငံတကာက ဖွံ့ဖြိုးရေးအကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**စိန်ခေါ်မှုတွေကို ကြိုတင်မျှော်မှန်းပြင်ဆင်**

ဒီနေ့ကျင်းပတဲ့ အခမ်းအနား ဦးတည်ချက်ဖြစ်တဲ့ စွန့်ဦးတီထွင်မှု ၄ ဒသမ ၀ – ၂၁ ရာစုနဲ့ လိုက်လျောညီထွေမှုရှိအောင် စီးပွားရေးလုပ်ငန်းများကို ပြင်ဆင်ခြင်း (Entrepreneurship 4.0 – Adapting Businesses for the 21st Century) ဆိုတာကိုကြည့်ရင် ၂၁ ရာစုအတွက် လူငယ်မျိုးဆက်သစ်အပါအဝင် စီးပွားရေးနယ်ပယ်တစ်ခုလုံးအတွက် စိန်ခေါ်မှုတွေကို ကြိုတင်မျှော်မှန်းပြင်ဆင်တဲ့ ရည်ရွယ်ချက်အဖြစ် တွေ့ရပါတယ်။ ဒါ့အပြင် ပါဝင်ဆွေးနွေးတဲ့ အစီအစဉ်တွေထဲမှာ ဒီနေ့ နိုင်ငံတကာစီးပွားရေးလောကမှာ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဘဝနဲ့ အောင်မြင်နေကြတဲ့ လုပ်ငန်းရှင်တွေရဲ့ အတွေ့အကြုံတွေကို သာမက ပြည်တွင်းက အောင်မြင်နေတဲ့လုပ်ငန်းရှင်တွေရဲ့ အတွေ့အကြုံတွေကိုလည်း အသိအမြင် ဖလှယ်ခွင့်ရမှာဖြစ်လို့ အထူးကောင်းမွန်အကျိုးရှိတဲ့ အစီအစဉ်တွေ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာလူငယ်တွေက ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးနဲ့ အာဆီယံစီးပွားရေး –ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ASEAN Leaders Summit and ASEAN Business & Investment Summit 2019 ) မှာ အာဆီယံ စီးပွားရေးထူးချွန်ဆု ၂၀၁၉ (ASEAN Business Award 2019)အတွက် ဒစ်ဂျစ်တယ်စနစ်ဆောင်ရွက်တဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း ထူးချွန်ဆု (Digitalised MSME Award–Winner)နဲ့ လုပ်ငန်းစတင်ထူထောင်မှုနဲ့ တီထွင်ဆန်းသစ်လုပ်ငန်း ထူးချွန်ဆု (Startup & Innovation Driven Entrepreneur Winner)ကို ရယူပေးနိုင်ခဲ့ပါတယ်။ ဒါ့အတွက်လည်း များစွာဂုဏ်ယူပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုဆုတွေ သာမက အခြားဆုတွေကိုလည်း နိုင်ငံအတွက်ရအောင် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။ တကယ့် ကျွန်မတို့ အားလုံးရနိုင်တဲ့ အကောင်းဆုံးဆုကတော့ မြန်မာနိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ အဲဒီဟာကိုတော့ ကျွန်မတို့ မျက်ခြည်မပြတ်ဖို့က အရေးကြီးပါတယ်။

**ပိုမိုတိုးတက်ကြိုးစားဆောင်ရွက်**

ယနေ့အခမ်းအနားမှာ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအသင်းကနေ လူငယ်လုပ်ငန်း စတင်ထူထောင်သူထူးချွန်ဆု (Young Startup Award)၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်း ထူးချွန်ဆု (Young Entrepreneurs Award)၊ လူမှုအကျိုးပြုလုပ်ငန်းရှင် ထူးချွန်ဆု(Social Enterprise Award)၊ အားလုံးပါဝင်အောင် စွမ်းဆောင်နိုင်သည့် စီးပွားရေးထူးချွန်ဆု (Inclusive Business Award)၊ နည်းပညာ တီထွင်ဆန်းသစ်လုပ်ငန်းထူးချွန်ဆု (Technopreneurship Award) စတဲ့ ဆုအမျိုးအစား ငါးခု ချီးမြှင့်သွားမယ်လို့ သိရှိရပါတယ်။ ပေးတဲ့ဆုအမျိုးအစားတွေဟာ လူငယ်တွေ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ပိုမိုတိုးတက်ကြိုးစားဆောင်ရွက်အောင် တွန်းအားပေးတဲ့ဆုတွေ ဖြစ်ပါတယ်။ ဒီဆုတွေကို ရရှိမယ့် လူငယ်တွေအတွက်လည်း ကြိုတင်ပြီး ဂုဏ်ပြုပါတယ်။

ဒါပေမယ့် ကျွန်မ ဆုမရတဲ့သူတွေကိုလည်း အားပေးချင်ပါတယ်။ ဆုရတယ်ဆိုတာ အောင်မြင်မှုတစ်ခုကို အသိအမှတ်ပြုတာဖြစ်ပါတယ်။

စာမျက်နှာ ၄ သို့ ✻



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)မှ လူငယ်များနှင့် တွေ့ဆုံစဉ်။

* စာမျက်နှာ ၃ မှ

လူတိုင်း လူတိုင်းဟာ ကိုယ့်ရဲ့ဘဝမှာ အောင်မြင်မှုရအောင်လို့ ကြိုးစားနိုင်ဖို့ အခွင့်အရေးတွေရှိပါတယ်။ ဒါပေမယ့် အောင်မြင်မှုဆိုတာ ဘာလဲဆိုတာကို သေသေချာချာ စဉ်းစားဖို့လိုပါတယ်။ အောင်မြင်မှုဆိုတာ တခြားသူတွေအပေါ်မှာ အောင်မြင်ခြင်းကို ခေါ်ဆိုခြင်းမဟုတ်ပါဘူး။ အဓိက အရေးကြီးဆုံး အောင်မြင်မှုက ကိုယ့်အပေါ်မှာ ကိုယ်အောင်မြင်ခြင်းကို ခေါ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့အားလုံးဟာ ကိုယ့်ရဲ့အားနည်းချက်တွေကို ကျော်လွှားနိုင်ဖို့၊ ဒီအားနည်းချက်တွေပေါ်မှာ အောင်မြင်ဖို့ အထူးအလေးထားပြီး ကြိုးစားဖို့ လိုပါတယ်။

**အစဉ်တစိုက် အားပေး**

နိဂုံးချုပ်အနေနဲ့ မှာချင်တာကတော့ လူငယ်လုပ်ငန်းရှင်တွေရဲ့ စွမ်းဆောင်ရည်နဲ့ အနာဂတ်ကို ကျွန်မတို့ အစိုးရက အပြည့်အဝယုံကြည်တဲ့အတွက် အစိုးရရဲ့ အစဉ်တစိုက်အားပေးမယ့် နိုင်ငံရေး သန္နိဋ္ဌာန် (Political Commitment) အခိုင်အမာ ချမှတ်ထားပြီး ဖြစ်ပါတယ်။

အနာဂတ်မှာ ကြုံတွေ့ရမယ့် စက်မှု 4.0 (Industrial 4.0) အတွက် ကြိုတင်ပြင်ဆင်စရာရှိတာတွေကိုလည်း အာဆီယံနိုင်ငံတွေနဲ့အတူ မူဝါဒလုပ်ငန်းစဉ်တွေ ချမှတ်ပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။

နိုင်ငံရဲ့ လူမှုစီးပွားရေးတစ်ခုလုံးကို တိုးတက်အောင် လုပ်ဆောင်သွားမယ့် မဟာဗျူဟာလုပ်ငန်းစဉ်ဖြစ်တဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကိုလည်း ရေးဆွဲချမှတ်အကောင်အထည်ဖော်နေပြီ ဆိုတာကို ကျွန်မ ပြောပြီးသားဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ စတင်ထူထောင်လုပ်ကိုင်တဲ့အဆင့်ကနေ စီးပွားရေးဝန်းကျင်တစ်ခုလုံး လုပ်သာကိုင်သာရှိတဲ့ လွယ်ကူချောမွေ့စေမယ့် အစီအမံတွေကိုလည်း စနစ်တကျ ချမှတ်ဆောင်ရွက်နေပါတယ်။

**အားလုံးအတူတူ လက်တွဲ**

ဒါကြောင့် လူငယ်လုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံတည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ တီထွင်ဆန်းသစ်တဲ့ အတွေးအခေါ်တွေနဲ့ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။ ဒါနဲ့ ကျွန်မ ဦးဆက်အောင်ကို စမေးပါတယ်၊ ဒီခေတ်မှာရောအမျိုးသမီးတွေရဲ့ ရာခိုင်နှုန်း ဘယ်လောက်ရှိလဲလို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ပထမဦးဆုံး အခမ်းအနားမှာတုန်းက အမျိုးသမီးရာခိုင်နှုန်းက ၄၉ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒုတိယနှစ်ကျတော့ ၅၀ ကျော်လာပြီအခုလည်း ဆက်ပြီးတက်နေတယ်တဲ့၊ သူက အဲဒီလိုပြောတော့ ၆၀ ရာခိုင်နှုန်း နီးလာပြီလား မသိဘူး။ ကျွန်မ အမျိုးသားတွေအတွက် နည်းနည်းတော့ စိတ်ပူသွားတယ်။ ကျွန်မအနေနဲ့ အားလုံးကို တန်းတူညီတူ တိုးတက်စေချင်ပါတယ်။ ကျွန်မတို့အမျိုးသမီးတွေ ရှေ့ကနေပြီးတော့ လက်တွဲသွားဖို့ ဖြစ်ပါတယ်။ လက်တွဲခြင်းဆိုတာ ရှေ့ကနေဦးဆောင်ခြင်းထက် နောက်ကလိုက်ခြင်းက ပိုပြီး အရေးကြီးပါတယ်။ တစ်ဦးနဲ့ တစ်ဦး လက်တွဲပြီးသွားရင် အလိုလိုအင်အားတွေက ပြည့်လာတယ်၊ မိတ်ဆွေနှစ်ဦး လက်တွဲသွားခြင်းဟာ တစ်ယောက်က အရှေ့မှာနေပြီး တစ်ယောက်က နောက်က လိုက်တာနဲ့ ဘယ်လိုမှ မတူပါဘူး။ ချစ်ခြင်းမုန်းခြင်းကလည်း မတူပါဘူး။ ကျွန်မတို့ရဲ့ လူငယ်များ၊ အမျိုးသမီးများ၊ အမျိုးသားများအနေနဲ့ အားလုံးအတူတူ လက်တွဲပြီး ဟန်ချက်ညီညီနဲ့ ရှေ့ကိုတက်လှမ်းစေချင်ပါတယ်။

လက်ရှိနဲ့ အနာဂတ်မှာကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို အခွင့်အလမ်းအဖြစ် အသုံးချပြီးတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနဲ့အတူ လက်တွဲဆောင်ရွက်နိုင်တဲ့ အင်အားတစ်ရပ်အဖြစ် ကြိုးပမ်းလုပ်ဆောင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်ခန်းမတွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)မှ လူငယ်များနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

**မူဝါဒများ ရှင်းလင်းတင်ပြ**

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ အစိုးရနှင့် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များအကြား အမှန်တကယ် ချမှတ်ရမည့် မူဝါဒများအား ရှင်းလင်းတင်ပြခြင်း၊ မြန်မာနိုင်ငံမှ စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များကို နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာ အသိုင်းအဝိုင်းမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံတွင် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့၏ အတွေ့အကြုံများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် Entrepreneurship Policy များကို ရှင်းလင်းဆွေးနွေးခြင်း၊ မြန်မာစွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်ပမှ Investor များ၊ Customer များ ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်တွင် အောင်မြင်နေသော စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များကို ဂုဏ်ပြုခြင်းအစီအစဉ်များ ဆောင်ရွက်ကြသည်။

ယနေ့အခမ်းအနားတွင် လုပ်ငန်းစတင်သူများ၏ ပြခန်းများ၊ 4th Myanmar Entrepreneurship Summit Award ဆုရရှိထားသူတို့၏ ပြခန်းများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညီနောင်အသင်းများ၏ ပြခန်းများကို စုံလင်စွာပြသထားသည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်ဂေဟစနစ်တစ်ခု ပေါ်ပေါက်လာစေရန်၊ ပြည်တွင်းသာမက အာဆီယံဒေသများအပြင် တစ်ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်ကွန်ရက်နှင့်ချိတ်ဆက်ပြီး ပြည်တွင်းမှ စွန့်ဦးတီထွင်လုပ်ငန်ရှင်များ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် တာဝန်သိတတ်သော စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန်၊ အလုံးစုံပါဝင်နိုင်သော စီးပွားရေးလုပ်ငန်းများ (Inclusive Business)များနှင့် ပြည်သူ့အကျိုးပြု စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်အတွက် ရည်ရွယ်၍ Myanmar Entrepreneurship Summit 2019 အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဦးသောင်းထွန်း၊ ဦးကျော်တင်တို့ စတုတ္ထအကြိမ်မြောက် Myanmar Entrepreneurship Summit 2019 အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂/ ၂၀၁၉ မန္တလေးတွင် ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် လူငယ်ထု ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လူငယ်များအကြားတွင် ဖြောင့်မတ်တည်ကြည်မှု မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ နည်းပညာအကူအညီဖြင့် "ဖြောင့်မတ်တည်ကြည်မှု" လူငယ်စခန်း ၂/၂၀၁၉ (Youth Integrity Camp 2/2019)အား မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်/ကောလိပ်ရှစ်ခု၊ စစ်ကိုင်းပညာရေး တက္ကသိုလ်နှင့် ပညာရေးကောလိပ်နှစ်ခု၊ မုံရွာ၊ မန္တလေးမြို့များရှိ ပညာရေးကောလိပ်နှစ်ခု၊ စုစုပေါင်း တက္ကသိုလ်/ကောလိပ် ၁၂ ခုတို့မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၃၁ ဦးဖြင့် မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်တွင် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ (၅)ရက်ကြာ သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာပြန့်ပွားရေးအတွက် အဂတိလိုက်စားမှုနှင့် သဘောသဘာဝများ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ပြည်တွင်းပြည်ပ ပညာရှင်များက ဆွေးနွေးပို့ချမည်ဖြစ်ပြီး ပြည်ပနိုင်ငံမှ လူငယ်အဖွဲ့တစ်ဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိအမြင်များကို ဖလှယ်ကြမည်ဖြစ်သည်။

စခန်းသွင်းကာလအတွင်း နေ့ပိုင်းဘာသာရပ်များကို မန္တလေးရှိ ရွှေပြည်သာဟိုတယ်တွင် ဆွေးနွေးပို့ချပြီး ညနေပိုင်း လှုပ်ရှားဆောင်ရွက်မှုများကို မန္တလေးနည်းပညာတက္ကသိုလ်၌ ပြုလုပ်၍ စခန်းသွင်းနေထိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နော်ဝေနိုင်ငံ ဖရိုလန်းမြို့ရှိ မြို့တော်ဝန်နှင့် “ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ” ၏ အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နော်ဝေနိုင်ငံ ဖရိုလန်းမြို့ရှိ မြို့တော်ဝန် Mr. Ove Gundersen နှင့် “ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ” ၏ အမှုဆောင်ကော်မတီဥက္ကဋ္ဌ Salai Jhon Thang Tam Mang တို့ ဦးဆောင်သောအဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၄) နေအိမ်သို့ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**ပန်းခြံတိုးချဲ့ပြင်ဆင်**

ထို့သို့လာရောက်ဂါရဝပြုတွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဖရိုလန်းမြို့တော်ဝန်နှင့် ပန်းခြံ၏ အမှုဆောင်ကော်မတီဥက္ကဋ္ဌတို့က ပန်းခြံတိုးချဲ့ပြင်ဆင်တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဖရိုလန်းမြို့တော်ဝန်နှင့် ပန်းခြံ၏ အမှုဆောင်ကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှုဆောင်ကော်မတီဥက္ကဋ္ဌက ပန်းခြံဖြစ်စဉ်သမိုင်းအချက်အလက်စာအုပ်ကို ပေးအပ်သည်။

**ဆုတောင်းမေတ္တာ စကားပြောကြား**

ယင်းနောက် ပန်းခြံ၏အမှုဆောင်ကော်မတီအတွင်းရေးမှူး Mr. Oeystein က ဆုတောင်းမေတ္တာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖရိုလန်းမြို့တော်ဝန်နှင့် ပန်းခြံ၏အမှုဆောင်ကော်မတီဥက္ကဋ္ဌတို့ ဦးဆောင်သောအဖွဲ့နှင့်အတူ နေအိမ်ခြံဝင်းအတွင်း မြန်မာ-နော်ဝေချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးကြသည်။

ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသောအားဖြင့် နော်ဝေနိုင်ငံ ဖရိုလန်းမြို့ရှိ “ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ” အား ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါပန်းခြံအား နော်ဝေနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ရှဲလ်မတ်နဲဘွန်ဒယ်ဗစ် ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

**ညီညွတ်မှုကို အမှတ်သင်္ကေတပြု**

အဆိုပါ ငြိမ်းချမ်းရေးပန်းခြံ ကနဦးစိတ်ကူးအရ လူသားတို့၏ မွေးရာပါ ညီညွတ်မှုကို အမှတ်သင်္ကေတပြုရန် အတွက် ပန်းခြံအတွင်း အထူးသစ်ပင်တစ်ပင်ကို မြန်မာနိုင်ငံမှ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စိုက်ပျိုးရန် စီစဉ်ခဲ့သည်။

အချို့သောဒေသခံများသည် ဤစိတ်ကူးနှင့်ပတ်သက်သည့် သတင်းကို ဖရိုလန်းမြို့တော်ဝန် သိရှိအောင် တင်ပြခဲ့ကြသည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် မြူနီစီပယ်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးပန်းခြံဟု အမည်ပေးမည့် ပန်းခြံတည်ဆောက်ရန်အတွက် Froland Verk Grand Garden ပန်းခြံတွင် မြေနေရာချထားပေးခဲ့သည်။

**ငြိမ်းချမ်းရေးပန်းခြံ**

ဒေသခံပြည်သူများက လုပ်အားဒါနပြုခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇွန်လ ၁၉ ရက်တွင် ငြိမ်းချမ်းရေးပန်းခြံဟုလည်း ခေါ်ဆိုသည့် ဒေါ်အောင်ဆန်းစုကြည်ပန်းခြံကို တရားဝင်ဖွင့်ပွဲ အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုယ်တစ်ပိုင်းပုံ ကြေးရုပ်တုကို ထင်ရှားသည့် နော်ဝေလက်မှုပညာရှင်က ထုလုပ်ခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာလက်မှုပညာရှင် ငယ်ဇော်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရုပ်တုကို အထူးဖန်တီးထုလုပ်ခဲ့ပြီး ၎င်းရုပ်တုကို ပန်းခြံဖွင့်ပွဲတွင် ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံ ဖရိုလန်းမြို့ မြို့တော်ဝန်နှင့် “ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ” ၏ အမှုဆောင်ကော်မတီဥက္ကဋ္ဌတို့ ဦးဆောင်သောအဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**❖ ဒုတိယသမ္မတမှ**

အမှတ် ၄၀-၄၂ ဗိုလ်ဆွန်ပက်လမ်းရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးအောင်ထူးနှင့် ဦးတင်လတ်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတအား ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကျောင်းနှင့် ပတ်သက်သည့် အချက်အလက်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ခရီးစဉ်ဒေသများစီမံခန့်ခွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပစေရေးအတွက် လူထုအသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့် အခြားနိုင်ငံများ၏ စီမံခန့်ခွဲမှုများကို လေ့လာသုံးသပ် ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ ခရီးစဉ်ဒေသများကို ကမ္ဘာကသိရှိနိုင်စေရန် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းအတွင်း ဘာသာရပ်များ အလိုက် စာတွေ့လက်တွေ့သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် အမှတ် ၄၅၈-၄၆၀ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ဖြည့်စွက်ရှင်းလင်း**

တွေ့ဆုံစဉ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက သင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက နိုင်ငံအတွင်း ခရီးသွားအများအပြားဝင်ရောက်လာပါက စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြစ်ကြီးနားမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

၁၉၉၂ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဖွဲ့စည်းချိန်၌ ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းကို အဓိကထားဖွင့်လှစ်ပို့ချခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် လူဇင်ဘတ်နိုင်ငံအခြေစိုက် Luxembourg Development Cooperation Agency – Lux Dev ၏ပံ့ပိုးကူညီမှုဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းတို့ကို ပေါင်းစပ်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန Center for Tourism Development – CTD အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါသင်တန်းကျောင်းများတွင် ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှုသင်တန်း၊ ဧည့်ဝန်ဆောင်မှုသင်တန်း၊ အချက်အပြုတ်သင်တန်း၊ ခရီးသွားလုပ်ငန်းသင်တန်း၊ ဧည့်လမ်းညွှန်သင်တန်း၊ ဧည့်လမ်းညွှန်လိုင်စင် ပျက်ပြယ်မွမ်းမံသင်တန်းနှင့် ဘာသာစကားသင်တန်းတို့ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံအပေါင်းကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော်  နိုဝင်ဘာ  ၁၆**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်အဖွဲ့သည် ထိုင်းနိုင်ငံတွင်ကျင်းပမည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat – ADMM Retreat)၊ (၆)ကြိမ်မြောက် အာဆီယံအပေါင်းကာကွယ်ရေးဝန်ကြီးများအစည်းအဝေး(6th ASEAN Defence Ministers' Meeting– Plus–6th ADMM–Plus) များနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဒုတိယအကြိမ် ပါရီငြိမ်းချမ်းရေးဖိုရမ်နှင့် အကြိမ်(၄၀)မြောက် ယူနက်စကိုအထွေထွေညီလာခံသို့ တက်ရောက်

**နေပြည်တော်  နိုဝင်ဘာ  ၁၆**
ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် နိုဝင်ဘာ ၁၂ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပါရီငြိမ်းချမ်းရေးဖိုရမ်နှင့် အကြိမ် (၄၀)မြောက် ယူနက်စကို အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Ministerial Meeting on SDG–4 Quality Education အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**တက်ရောက်ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် International Institute of Educational Planning (IIEP) ညွှန်ကြားရေးမှူး Ms. Suzanne Grant Lewis နှင့်တွေ့ဆုံ၍ ပညာရေးစီမံကိန်း၊ တက္ကသိုလ်အရည်အသွေး အာမခံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယအကြိမ် ပါရီငြိမ်းချမ်းရေးညီလာခံ၏ "Shine Bright: A Better Future with Innovation in Education" ခေါင်းစဉ်ဖြင့် ကျင်းပသော ပညာရေးဆိုင်ရာ ဆွေးနွေးပွဲ(Panel)တွင် တက်ရောက်ဆွေးနွေးခဲ့ပြီး Ministerial Meeting on Inclusion and Mobility in Higher Education အစည်းအဝေးသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဒိန်းမတ်နိုင်ငံ ပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသော High–Level Breakfast Meeting သို့ တက်ရောက်ခဲ့ပြီး General Policy Debate ၌ National Policy Statement မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ယူနက်စကိုနှင့် Nordic မိတ်ဖက်နိုင်ငံများမှ ဝန်ကြီး ၁၇ ဦးတို့နှင့်အတူ Ministerial Breakfast Meeting of the Capacity Development for Education (Cap ED) Program သို့ တက်ရောက်ကာ SDG–4 Quality Education ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အကြိမ် (၄၀) မြောက် ယူနက်စကို အထွေထွေညီလာခံသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပါရီမြို့ရှိ မြန်မာနိုင်ငံ ယူနက်စကို အမြဲတမ်းကိုယ်စားလှယ်အဖွဲ့၏ မြန်မာသံအမတ်ကြီး ဦးကျော်ဇေယျနှင့် ယူနက်စကိုဆိုင်ရာ မြန်မာအမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ် ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်တို့လည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






## မန္တလေးမြို့တွင် အပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ အခမ်းအနားကျင်းပ

**နေပြည်တော်  နိုဝင်ဘာ  ၁၆**
မြန်မာနိုင်ငံငြိမ်းချမ်းမေတ္တာအဖွဲ့မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ (International Day of Tolerance) အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ Hilton Mandalay Hotel အမရပူရခန်းမ၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

အခမ်းအနားတွင် မန္တလေးမှ ဂိုဏ်းချုပ်ဆရာတော် မာရ် ကိုတင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မြန်မာနိုင်ငံငြိမ်းချမ်းမေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဘီရှော့ဂူနာစတောဆက်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်နှင့် ဘဟာအီဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များက မေတ္တာပို့ဆုတောင်းခြင်းများ ဆောင်ရွက်ကြပြီး မန္တလေး အပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ သဘောတူညီမှု ကြေညာစာတမ်းကို ဘာသာအသီးသီးမှ တာဝန်ရှိသူများက ဖတ်ကြားကြသည်။

အပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ကို မတူကွဲပြားသော လူမှုအသိုင်းအဝိုင်းအတွင်း ငြိမ်းချမ်းညီညွတ်စွာဖြင့် အတူယှဉ်တွဲနေထိုင်ရန်၊ လူမှုပေါင်းစည်းညီညွတ်ရေးတို့ကို တိုးမြှင့်စေရန်၊ တစ်ဦးနှင့် တစ်ဦး သည်းခံခွင့်လွှတ်နားလည်မှုများ တိုးပွားပြီး အလေ့အကျင့်ကောင်းနှင့် အပြုအမူကောင်းများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံသားအချင်းချင်း ဘာသာလူမျိုးမခွဲခြားဘဲ ချစ်ခင်ရင်းနှီးစွာ အတူလက်တွဲပူးပေါင်းဆောင်ရွက်နိုင်ကြရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၅ ခုနှစ်မှ စတင်၍ နှစ်စဉ် နိုဝင်ဘာ ၁၆ ရက်တွင် တစ်ကမ္ဘာလုံး၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

**❂ ဆီးဂိမ်းမှ**
ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က) တွင် ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ အုပ်စု (ခ)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၂၆ ရက်တွင် အိမ်ရှင်ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာ ၂ ရက်တွင် မလေးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းနှစ်သင်းနှင့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင်လည်း တွေ့ဆုံခဲ့ပြီး မလေးရှားကို ငါးဂိုးပြတ်၊ ဖိလစ်ပိုင်ကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ပြိုင်ဘက်အသင်းများမှ အခက်အခဲမရှိနိုင်သော်လည်း ဖိလစ်ပိုင်အသင်းသည် အိမ်ရှင်အသင်းဖြစ်နေသောကြောင့် အဖွင့်ပွဲတွင်ရလဒ်ကောင်းရန် အာရုံစိုက်ကစားရမည်ဖြစ်သည်။

၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ငါးသင်းသာရှိသောကြောင့် ပတ်လည်စနစ်ဖြင့်ကျင်းပခဲ့ပြီး ဗီယက်နမ်အသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်နှင့် မြန်မာအသင်းက ကြေးတံဆိပ်တို့ ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခြင်း မရှိသေးဘဲ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခြောက်ခုသာ ရရှိထားသည်။

**သတင်း–ရှိုင်းထက်ဇော်**
**ဓာတ်ပုံ–စိုးညွန့်**




**❍ ၂၀၁၉ MFF ယူ–၁၄ မှ**
နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည့်ပွဲများတွင် မကွေးအသင်းက ရှမ်းမြောက်အသင်းကို ခုနစ်ဂိုး–တစ်ဂိုး၊ မန္တလေးအသင်းက ကယားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု(က) တွင် ရှမ်းအရှေ့၊ ရှမ်းမြောက်၊ ကယား၊ မန္တလေး၊ မကွေး၊ အုပ်စု (ခ) တွင် ချင်း၊ ကချင်၊ မွန်၊ ရန်ကုန်၊ အုပ်စု (ဂ) တွင် ရှမ်းတောင်၊ နေပြည်တော်၊ ပဲခူး၊ ဧရာဝတီ၊ အုပ်စု (ဃ) တွင် ရခိုင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ကရင်အသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ကာ အုပ်စုပွဲများကို တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ကို နိုဝင်ဘာ ၂၄ ရက်၊ ဆီမီးဖိုင်နယ်ကို နိုဝင်ဘာ ၂၆ ရက်၊ ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယနေ့ကို နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် ချင်းအသင်းနှင့် ရန်ကုန်အသင်း၊ ကချင်အသင်းနှင့် မွန်အသင်း၊ ညနေ ၄ နာရီတွင် ရခိုင်အသင်းနှင့် ကရင်အသင်း၊ စစ်ကိုင်းအသင်းနှင့် တနင်္သာရီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော်  နိုဝင်ဘာ  ၁၆**
လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြန်အလှန်ယုံကြည်မှုဖြင့် တည်ဆောက်ရေး။
★ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး။
★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။

## ၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ဖို့၊
တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စို့။

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၁-၁၁-၂၀၁၉)

# အလုပ်အကိုင်အခွင့်အလမ်း ၁၇၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု



**နေပြည်တော် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အဦကဏ္ဍတို့မှ လုပ်ငန်း ရှစ်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၈၅၃ သန်းနှင့် မြန်မာငွေကျပ် ၉၉,၅၄၃ ဒသမ ၃၅၈ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၇၃၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအချိန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၇၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၄ ရာခိုင်နှုန်း ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)မှ တာဝန်ရှိသူများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် စီမံခန့်ခွဲမှုအရာရှိချုပ် ဦးညီငြိမ်းအေးတို့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့က ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ UEHRD ရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် UEHRD ၏ ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ပံ့ရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးစီမံကိန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

■

## ပညာရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များ၌ ကျောင်းအပ်နှံကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် မိဘပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ မူလဝင်ခွင့်ရရှိသည့် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များ၌ ကျောင်းသား၊ ကျောင်းသူကိုယ်တိုင်၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ (၁၈) ရက်မှစတင်၍ ဒီဇင်ဘာ (၁၃)ရက် နောက်ဆုံး မပျက်မကွက် ကျောင်းအပ်နှံကြရန်။

၂။ ကျောင်းပြောင်းရွှေ့လိုသည့် ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်များ၏ ကျောင်းအပ်လက်ခံကာလအတွင်း မူလဝင်ခွင့်ရရှိသည့် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် ကျောင်းအပ်နှံတက်ရောက်ခြင်းမရှိကြောင်း ထောက်ခံစာကို ရယူ၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းပြောင်းရွှေ့ရေးမှုများအတိုင်း ဆက်လက်ဆောင်ရွက်ကြရန်။

၃။ ကျောင်းအပ်နှံခြင်း၊ ကျောင်းပြောင်းရွှေ့ခြင်း၊ ကျောင်းရပ်နားခြင်း၊ ကျောင်းမှ နုတ်ထွက်ခြင်းစသည့် သင်တန်းရေးရာနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ကျောင်းသား၊ ကျောင်းသူကိုယ်တိုင် ကျောင်းသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရန်။

၄။ သင်တန်းနှစ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများသည် သတ်မှတ်ကျောင်းအပ်ကာလအတွင်း ကျောင်းအပ်နှံခြင်း၊ မေဂျာပြောင်းခြင်း၊ ကျောင်းပြောင်းခြင်းများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်နောက်ဆုံးထား၍ ဆောင်ရွက်ကြရန်။

၅။ ကျောင်းအပ်နှံခြင်း၊ ကျောင်းပြောင်းရွှေ့ခြင်းအပါအဝင် သင်တန်းရေးရာနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် သတ်မှတ်ငွေကြေးကိုသာ ပေးသွင်းဆောင်ရွက်ကြရန်။

၆။ ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းမှန်မှန်တက်ရောက်ပညာသင်ယူကြရန်။

၇။ ပညာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်မှုလုပ်ငန်းများ၊ ကျောင်းဖွံ့ဖြိုးရေးလှုပ်ရှားမှုများ (တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု၊ အားကစားပြပွဲ/ပြိုင်ပွဲ စသည်များ) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

၈။ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်သဖြင့် သက်ဆိုင်ရာတက္ကသိုလ်၏ သင်တန်းရေးရာဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်။

၉။ တက္ကသိုလ်များ၏ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရပ်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုစာများပေးပို့လိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၁၃)(email :dpsoffice@moe.edu.mm) သို့မဟုတ် အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်(email:suggestbox.studentaffairs.dhe@gmail.com) သို့ ဆက်သွယ်ပေးပို့ပါရန်။

**ပညာရေးဝန်ကြီးဌာန**






# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Myanmar 100 Handover Ceremony သို့ တက်ရောက် ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထားသော မှုံရွှေရည် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်အား လက်ခံရယူ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာ၌ ကျင်းပသည့် Myanmar 100 Handover Ceremony သို့တက်ရောက်ပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထားသော မှုံရွှေရည်ရုပ်ရှင်ဇာတ်ကားနှင့် ရန်ကုန်မြင်ကွင်း မှတ်တမ်းရုပ်ရှင်အား လက်ခံရယူသည်။

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ ဒုတိယသံအမတ်ကြီးနှင့် Memory Cinema အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ထုတ်လုပ်သူများ၊ Save Myanmar Film အဖွဲ့ဝင်များ၊ ရုပ်ရှင်ချစ်ပရိသတ်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရုပ်ရှင်အမွေအနှစ် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းများ ဂုဏ်ပြုလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ Memory Cinema ရုပ်ရှင်ပွဲတော် မြန်မာနိုင်ငံဆိုင်ရာ နာယက အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ရှင်းလင်းပြောကြားသည်။

### ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲ

ဆက်လက်၍ Memory Cinema အဖွဲ့မှ Mrs. S’everine Wemaere က ၂၀၁၆ ခုနှစ်တွင် ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီနိုင်ငံတို့ပူးပေါင်း၍ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထားသော "မြဂနိုင်ရုပ်ရှင်" ဇာတ်ကား၊ ၂၀၁၇ ခုနှစ်တွင် စင်ကာပူနှင့် ပြင်သစ်နိုင်ငံတို့ ပူးပေါင်း၍ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထားသော "ပျို့ချစ်လင်" ရုပ်ရှင်ဇာတ်ကားတို့ကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ၂၀၁၈ ခုနှစ်တွင် ပြင်သစ်၊ အီတလီနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်း၍ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထားသော မှုံရွှေရည်ရုပ်ရှင်ဇာတ်ကားကို ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် Save Myanmar Film အဖွဲ့မှ ဦးဥက္ကာက မြန်မာ့ရုပ်ရှင် အမွေအနှစ် ရုပ်ရှင်ဇာတ်ကားများနှင့် မှတ်တမ်းရုပ်ရှင်များကို ရှာဖွေစုဆောင်းမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာတွင် Memory Film ရုပ်ရှင်ပွဲတော်ကျင်းပလျက်ရှိသည့် Memory Cinema အဖွဲ့က ပျောက်ကွယ်သွားတော့မည့် မြန်မာ့ရှေးဟောင်း အမွေအနှစ် ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်ထိန်းသိမ်းဖော်ထုတ်သည့် လုပ်ငန်းကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာဂန္ထဝင် ရုပ်ရှင်ဇာတ်ကားများ ဖြစ်သည့် "မြဂနိုင်"၊ "ပျို့ချစ်လင်" နှင့် "မှုံရွှေရည်" တို့ကို Restoration ပြုလုပ်သကဲ့သို့ ဂျပန်နိုင်ငံကလည်း "ဂျပန်ရင်သွေး" ရုပ်ရှင်ဇာတ်ကားကို Restoration ပြုလုပ်ပေးခဲ့ပြီး မြန်မာ့ရုပ်ရှင် ရာပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် လွှဲပြောင်းပေးအပ်ရန် အစီအစဉ်ရှိပါကြောင်း။

ကိုရီးယားနိုင်ငံ ဖလင်ကောင်စီကလည်း မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ "ပယင်းရောင်" ရုပ်ရှင်ဇာတ်ကားကို ဒစ်ဂျစ်တယ်စနစ်သို့ ပြုလုပ်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ ပြန်လည်ရှာဖွေ၍ရသည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် နိုင်ငံတကာ မိတ်ဆွေများက ပြင်ဆင်ပေးသည့် မြန်မာရုပ်ရှင်ဇာတ်ကားများကို စုစည်းကာ လာမည့်မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် ပွဲတော်ရက်သတ္တပတ်တွင် ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရုပ်ရှင်ဇာတ်ကားများသာမက မှတ်တမ်းရုပ်ရှင်များသည်လည်း အလွန်တန်ဖိုးရှိပြီး စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ၎င်းမှတ်တမ်းကားများကိုလည်း ပြန်လည်စုစည်းပြီး ထိန်းသိမ်းနိုင်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံဆိုင်ရာ မှတ်တမ်းရုပ်ရှင်များ သိမ်းဆည်းထားသည်များရှိပါက ပြန်လည်ငှားရမ်းရယူလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေဖြင့် ရုပ်ရှင်လောကသားများနှင့် ပူးပေါင်းပြီး ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် "ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာ" ကို လွန်ခဲ့သည့် တစ်နှစ်ခွဲခန့်က ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာတွင် ရုပ်ရှင်နှင့် ပတ်သက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများ စုစည်းပြီး နှီးနှောဖလှယ်မှုများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးရေးစင်တာမှတစ်ဆင့် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

### စုဆောင်းထိန်းသိမ်းထားရှိ

ယင်းနောက် အီတလီနိုင်ငံ သံအမတ်ကြီးနှင့် ပြင်သစ်နိုင်ငံဒုတိယသံအမတ်ကြီးတို့က ပြင်သစ်၊ အီတလီနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်း၍ မှုံရွှေရည်ရုပ်ရှင်ဇာတ်ကားကို ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှု၊ ၎င်းတို့နိုင်ငံများတွင် ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများနှင့် မှတ်တမ်းရုပ်ရှင်များ စုဆောင်းထိန်းသိမ်းထားရှိမှုနှင့် မြန်မာ့ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ ထပ်မံရှာဖွေပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲရေး ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်နှင့် မြန်မာ့ရုပ်ရှင် အမွေအနှစ် ရုပ်ရှင်ဇာတ်ကားများ၊ မှတ်တမ်းရုပ်ရှင်များ ရှာဖွေစုဆောင်းမှုနှင့် ထိန်းသိမ်းရေးဆောင်ရွက်နေမှုတွင် ပံ့ပိုးကူညီပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။

### လက်ခံရယူ

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးနှင့် ပြင်သစ်နိုင်ငံ ဒုတိယသံအမတ်ကြီးတို့က ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထားသော မှုံရွှေရည်ရုပ်ရှင်ဇာတ်ကားနှင့် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးက ၁၉၀၀ ပြည့်လွန်နှစ်များက ရိုက်ကူးထားသည့် ရန်ကုန်မြို့တွင်းနှင့် ရန်ကုန်ဆိပ်ကမ်းမြင်ကွင်း၊ မြန်မာနိုင်ငံတွင် ဆင်များဖြင့် သစ်ထုတ်လုပ်ရေး ဆောင်ရွက်ခဲ့မှုဆိုင်ရာ မှတ်တမ်းရုပ်ရှင်တို့ကို လွှဲပြောင်းပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယနေ့လွှဲပြောင်းပေးအပ်ခဲ့သည့် ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထားသော အဖြူ/အမည်းရုပ်ရှင်ဇာတ်ကား "မှုံရွှေရည်" ကို ၁၉၇၀ ပြည့်နှစ်တွင် အပေါင်းလက္ခဏာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဝင်းဦးက ရိုက်ကူးခဲ့ပြီး ၎င်းနှင့်အတူ ဦးအောင်လွင်နှင့် ဒေါ်ခင်သန်းနုတို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ၎င်းနှစ်တွင် ကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် "မှုံရွှေရည်" သည် အကောင်းဆုံးရုပ်ရှင်ဇာတ်ကား ဆုရရှိခဲ့သည့်အပြင် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကိုလည်း ဝင်းဦးက ဆွတ်ခူးရရှိခဲ့ကြောင်း၊ ၎င်းရုပ်ရှင်ဇာတ်ကား၏ ဖလင်ကို ပြန်ကြားရေးဝန်ကြီးဌာန ဖလင်ပိဋကတ်တိုက်တွင် ထိန်းသိမ်းထားရှိပြီး ဂျာမနီနိုင်ငံတွင် ရောင်းချထားသည့် မှုံရွှေရည်ရုပ်ရှင်ဇာတ်ကား ဖလင်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ Memory Cinema အဖွဲ့၏ မေတ္တာရပ်ခံချက်အရ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ Arsenal Film Archive အဖွဲ့က ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက် အီတလီနိုင်ငံပိုင် IMGICA Lab သို့ ပို့ဆောင်သန့်စင်၍ Digital Restoration ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

### လွှဲပြောင်းပေးအပ်

ထို့ပြင် Memory Cinema အဖွဲ့သည် ၁၉၃၄ ခုနှစ်က ရိုက်ကူးခဲ့သည့် "မြဂနိုင်" ရုပ်ရှင်ဇာတ်ကားကို ၂၀၁၅-၂၀၁၆ ခုနှစ်များတွင် လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်က ရိုက်ကူးခဲ့သည့် "ပျို့ချစ်လင်" ရုပ်ရှင်ဇာတ်ကားကို ၂၀၁၆-၂၀၁၇ ခုနှစ်များတွင် လည်းကောင်း Digital Restoration ပြုလုပ်ခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ၎င်းဇာတ်ကားများအနက် "မြဂနိုင်" ရုပ်ရှင်ဇာတ်ကားသည် UNESCO ဒေသအဆင့် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Memory Cinema အဖွဲ့မှ ကျင်းပသည့် ရုပ်ရှင်ဇာတ်ကားများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ထံသို့ အီတလီသံအမတ်ကြီးနှင့် ပြင်သစ်ဒုတိယသံအမတ်ကြီးတို့က မှုံရွှေရည်ဇာတ်ကား လွှဲပြောင်းပေးအပ်စဉ်။

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီပံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ကျိုက်လတ်မြို့)
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၈၊၁၉)ရက်၊(တနင်္လာ၊အင်္ဂါ)နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
စုဝေးခန်းမ ၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၊ ကျိုက်လတ်မြို့။

စာပေမြင့်မှ လူမျိုးတင့်မည်

# မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၏ ဇလဘူမိဗေဒ စာအုပ်မိတ်ဆက်ပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြေအောက်ရေဌာနခွဲနှင့် ဩစတြေးလျနိုင်ငံသား ဇလဘူမိဗေဒပညာရှင် ဒေါက်တာလီယိုနာဒ် ဝါရင့် ဒရူရီတို့ပြုစုထားသည့် "မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၏ ဇလဘူမိဗေဒ"စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။





**ရေချိုအရင်းအမြစ်များ စနစ်တကျဖော်ထုတ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မိမိတို့နိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍများ အပါအဝင် အခြားသောရေအသုံးပြု ဆက်စပ်လုပ်ငန်းများတွင် မြေအောက်ရေ ပြည့်ဝလုံလောက်စွာ ရရှိနိုင်ရေးအတွက် ရေနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး မူဝါဒရေးဆွဲရာ၌ ကျေးလက်ဒေသမှ အစပြု၍ နိုင်ငံတစ်ဝန်း သောက်သုံးရေ ပြည့်ဝမှုနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးလာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် အပူပိုင်းဇုန်ဒေသအတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရေချိုအရင်းအမြစ်များ စနစ်တကျဖော်ထုတ်အသုံးပြုနိုင်ရန် အထောက်အကူဖြစ်စေမည့် "မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၏ ဇလဘူမိဗေဒ" စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သော ဇလဘူမိဗေဒ ပညာရှင် ဒေါက်တာ လီယိုနာဒ် ဝါရင့် ဒရူရီနှင့် ပူးပေါင်းပါဝင်အားထုတ်ခဲ့ကြသော ပညာရှင်များကို ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Alex Street နှင့် AWP စီမံကိန်းမန်နေဂျာ Mr. Rory Hunter တို့က စီမံကိန်းဆောင်ရွက်မှု အဆင့်ဆင့်၊ ဘာသာပြန်ပညာရှင် ဦးကျော်ဝင်းက ဘာသာပြန်လုပ်ငန်းအတွေ့အကြုံများ၊ Dr. Len Drury က အပူပိုင်းဇုန်ဒေသအတွင်း မြေအောက်ရေ၏ အရေးပါပုံနှင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် AWP စီမံကိန်းမန်နေဂျာ Mr. Rory Hunter က အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးထံ "မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၏ ဇလဘူမိဗေဒ" စာအုပ်ကို ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ဘာသာပြန်ဆိုသည့် ပညာရှင်များကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

**စိန်ခေါ်မှုများ ဖော်ထုတ်ဖြေရှင်း**

ကမ္ဘာ့ဒေသအသီးသီးတွင် ယုံကြည်စိတ်ချရသော ရေအရင်းအမြစ်များ မရှိခြင်း၊ ရေထွက်နှုန်းနှင့် ရေအရည်အသွေးပြောင်းလဲမှုများခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပိုမိုခက်ခဲစေလျက်ရှိရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ကြိုးပမ်းမှုကိုပါ များစွာနှောင့်နှေးစေလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ရေချိုအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲအသုံးပြုနိုင်ရေးအတွက် မြေအောက်ရေတွေ့ရှိနိုင်မှု လေ့လာဆန်းစစ်ခြင်း၊ ထုတ်ယူသုံးစွဲနိုင်မှုအခြေအနေ၊ အသုံးပြုပုံ၊ မြေအောက်ရေကို ပြန်လည်ဖြည့်တင်းခြင်းနှင့် စိမ့်ထွက်နေခြင်းများ၊ ရေအရည်အသွေး၊ ရေအောင်းလွှာဆိုင်ရာအချက်အလက်များ၊ မြေပေါ်ရေနှင့် ဆက်စပ်နေမှုများ၊ လက်ရှိထုတ်ယူ သုံးစွဲနိုင်မှုအခြေအနေများ၊ ထုတ်ယူသုံးစွဲရာတွင် ကြုံတွေ့နိုင်မည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ ဖော်ထုတ်ဖြေရှင်းရန် လုပ်ငန်းတာဝန်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြိုးပမ်းလျက်ရှိသည်။

"မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၏ ဇလဘူမိဗေဒ" စာအုပ်တွင် မြေအောက်ရေဆိုင်ရာ အချက်အလက်များ အလွယ်တကူမရရှိနိုင်မှုကို ကျော်လွှားနိုင်ရန်၊ ဇလဘူမိဗေဒ ဆိုင်ရာ အသိပညာများ ပိုမိုတိုးတက်လာရန်၊ မြေအောက်ရေသယံဇာတများကို စူးစမ်းလေ့လာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်လာရန်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ စီမံခန့်ခွဲခြင်း စသည်တို့တွင် အထောက်အကူဖြစ်ရန်၊ အချက်အလက်များနှင့်စပ်လျဉ်းပြီး လိုအပ်ချက်ရှိနေကြောင်း တင်ပြနိုင်ရန်၊ တွင်းတူးကုန်ကျစရိတ်သက်သာပြီး အောင်မြင်သော စက်ရေတွင်းများ တူးဖော်နိုင်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ရန်၊ ဇလဘူမိဗေဒပညာရှင်များအား မြေအောက်ရေကို စူးစမ်းရှာဖွေခြင်းနည်းလမ်းများနှင့် စီမံခန့်ခွဲခြင်းတို့အတွက် အထောက်အပံ့ရရှိရန်၊ ဒေသဆိုင်ရာ ရေသယံဇာတဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် အသုံးပြုနိုင်ရန်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များအတွက် သုတေသနလုပ်ငန်းဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်ရန်၊ ရှုပ်ထွေးသော ဘူမိဗေဒအနေအထားများနှင့် ဇလဘူမိဗေဒဆိုင်ရာအခြေအနေများထဲမှ လူထုအတွက် ရေရှည်အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် အထောက်အကူဖြစ်ရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ပြီး မြန်မာဘာသာဖြင့် ထုတ်ဝေသည့် ဇလဘူမိဗေဒဆိုင်ရာ ပထမဆုံးဘာသာပြန် စာအုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဂါပိုးများ၏ မျိုးဗီဇအစီအစဉ်အပြည့်အစုံကို စစ်ဆေးဖော်ထုတ်နိုင်သည့် နောက်ဆုံးပေါ် အဆင့်မြင့်ဆေးပစ္စည်းကိရိယာ လှူဒါန်းပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

နယူးဇီလန်နိုင်ငံ University of Otago၊ New Zealand Myanmar Chamber of Commerce နှင့် Capital Diamond Star Foundation တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ "ရောဂါပိုးများ၏ မျိုးဗီဇအစီအစဉ်အပြည့်အစုံကို စစ်ဆေးဖော်ထုတ်နိုင်သည့် အမေရိကန် ဒေါ်လာ ၂၅၀၀၀ တန်ဖိုးရှိ နောက်ဆုံးပေါ် အဆင့်မြင့်ဆေးပစ္စည်းကိရိယာ illumina iSeq100 (Whole–Genome Sequencing, WGS) machine လှူဒါန်းပေးအပ်ပွဲ" အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုလှူဒါန်းသည့် ဆေးပစ္စည်းကိရိယာကို အသုံးချ၍ တီဘီရောဂါအပါအဝင် ကူးစက်ရောဂါများကူးစက် ပျံ့နှံ့မှုအခြေအနေများကို စောင့်ကြည့်ဆန်းစစ်နိုင်ရုံသာမက ရောဂါပိုးများ၏ မျိုးဗီဇပြောင်းလဲမှုနှင့် ဆေးယဉ်ပါးမှုပုံသဏ္ဌာန်များကိုလည်း အချိန်တိုအတွင်း တိကျစွာသိရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခု ဆေးပစ္စည်းကိရိယာကို ဝန်ကြီးဌာနက လက်ခံရရှိသုံးစွဲနိုင်ခြင်းဖြင့် တီဘီရောဂါဖြစ်ပွားမှုများပြားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနက် ယခုကဲ့သို့သော ခေတ်မီနောက်ဆုံးပေါ် မြင့်မားသည့်နည်းပညာကို အသုံးချနိုင်သည့် နိုင်ငံအနည်းငယ်တွင် ပါဝင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် အလွန်အကျိုးများစေမည့် ဆေးပစ္စည်းကိရိယာကို စေတနာပြည့်ဝစွာဖြင့် လှူဒါန်းပေးအပ်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နယူးဇီလန်နိုင်ငံ အနေဖြင့်လည်း ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သည့် သုတေသနလုပ်ငန်း(multi centric collaborative research) များပိုမိုပြုလုပ်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး Mr. Steve Marshall က အမှာစကားပြောကြားသည်။

ယင်းနောက် နယူးဇီလန်နိုင်ငံ University of Otago မှ ဒေါက်တာထင်လင်းအောင်က အလှူရှင်များကိုယ်စား ဆေးပစ္စည်းကိရိယာလှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆေးပစ္စည်းကိရိယာနှင့် စာရွက်စာတမ်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းထံ လွှဲပြောင်းပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာချိုချိုစန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးမင်းဟန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး) ဒေါက်တာသန်းသန်းနွယ်၊ တာဝန်ရှိသူများနှင့် ဗဟန်းမြို့နယ်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် ... ညော့်ခန်းမ၌တွေ့ဆုံ၍ ဈေးများတွင် ရောင်းချနေသော အသား၊ ငါး၊ အသီး၊ အရွက်များနှင့် စားသောက်ကုန်များ အန္တရာယ်ရှိ ဆိုးဆေးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရောဂါပိုးမွှားများကင်းစင်၍ လုံခြုံစိတ်ချရသော စားသောက်ကုန်များ ဖြစ်စေရေး ကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုဖြည့်စွက်မှာကြားခဲ့သည်။

**သတင်းစဉ်**



# ရန်ကုန် စာအုပ်လမ်းတွင် ပြပွဲ၊ ဟောပြောပွဲရက်များ၌ ရောင်းအားတက်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန် စနေ၊ တနင်္ဂနွေ စာအုပ်လမ်းသည် စာပေရပ်ဝန်းတစ်နေရာဖြစ်လာပြီး အနီးဝန်းကျင်ရှိ ဝန်ကြီးများရုံး၊ ဗဟိုပုံနှိပ်စက်ဝင်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမတို့တွင် အခါအားလျော်စွာကျင်းပလေ့ရှိသည့် အနုပညာနှင့် စာပေဟောပြောပွဲ အခမ်းအနားများနှင့် တိုက်ဆိုင်သည့်နေ့များတွင် ပိုမိုစည်ကားပြီး ရောင်းအားတက်လေ့ရှိကြောင်း သိရသည်။

နိုဝင်ဘာလမှစ၍ စာအုပ်ဆိုင်ခန်းငှားခကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးကာ ရောင်းသူ၊ ဝယ်သူ အဆင်ပြေစေရန် စဉ်ဆက်မပြတ်ပြန်လည်သုံးသပ်ကာ စာအုပ်လမ်းကော်မတီက ဖြေလျှော့ပေးပြီး အများပြည်သူဗဟုသုတ တိုးပွားစေရန် တနင်္ဂနွေနေ့တွင် စာပေဟောပြောပွဲ၊ စာအုပ်မိတ်ဆက်ပွဲ၊ စာပေပဟေဠိ အမေးအဖြေကဏ္ဍ (စာအုပ်စာပေ လက်ဆောင်ကဏ္ဍ)တို့ကိုလည်း စီစဉ်ပေးလျက်ရှိကြောင်း ရန်ကုန် စနေ၊ တနင်္ဂနွေ စာအုပ်လမ်းကော်မတီမှ သိရသည်။

ယနေ့တွင် စာအုပ်ဆိုင် ဖ၈ ဆိုင် လာရောက်ဖွင့်လှစ်ရောင်းချနေပြီး ဒီဇင်ဘာလကုန်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်း ရှေးဦးအရွယ် ကလေးသူငယ်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မသန်စွမ်းသူများအား ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဦးအရွယ်ကလေးသူငယ်ကဏ္ဍဖွံ့ဖြိုးရေးနှင့် မသန်စွမ်းသူများအား ထောက်ပံ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ဆရာမကြီး ဒေါ်ခင်ခင်ဝင်း ဦးစီးသော ကြယ်စင်ကောင်းကင်နေ့ရင်ခွင် ကိုယ့်အားကိုယ်ကိုးစေတနာမူကြိုကျောင်း၌ ကျောင်းကော်မတီအဖွဲ့ဝင်များ၊ ကလေးငယ်များ၏ မိဘများ၊ မိသားစုဝင်များနှင့်တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ကဏ္ဍနှင့်စပ်လျဉ်း၍ ကလေးငယ်များဦးနှောက်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကိုယ်ခန္ဓာပုံမှန်ကြီးထွားစေရန်အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနမှဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းကျောင်းများ၊ မိခင်ဝိုင်းများ၊ မူကြိုကျောင်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လုံလောက်မှုမရှိသေး၍ ရှေးဦးအရွယ်ကလေးသူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိက ပါဝင်ဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ နည်းပညာများကို အစိုးရကပံ့ပိုးပေးမည်ဖြစ်၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ဥပဒေနှင့်အညီ ပုဂ္ဂလိကမူကြိုကျောင်းများ ဖွင့်လှစ်ကြရန်အားပေးလိုကြောင်း၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကြယ်စင်ကောင်းကင်နေ့ရင်ခွင် ကိုယ့်အားကိုယ်ကိုး စေတနာမူကြိုကျောင်းအတွက် သတ်မှတ်ထောက်ပံ့ငွေများကိုပေးအပ်ကြပြီး ကလေးငယ်များအတွက် ဆက်လက်ထောက်ပံ့ပေးနိုင်ရန် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကာ ကလေးငယ်များအား ကစားစရာနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော တရုတ်ကောမူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုကြပြီး ကလေးငယ်များကို ကစားစရာနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

ယင်းနောက် မကွေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မသန်စွမ်းသူများနှင့် မိခင်ဝိုင်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က အမှာစကားပြောကြားကြပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ မိခင်ဝိုင်း ၃၄ ဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၁၇၈ ဒသမ ၆၅ သိန်း၊ ထပ်မံဖွင့်လှစ်မည့် မိခင်ဝိုင်းအသစ် ၁၀ ဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၄၆ ဒသမ ၅၆၂ သိန်း၊ မသန်စွမ်းသူ ၁၂၂၀၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၆၆၂ ဒသမ ၁၀ သိန်း၊ မင်းဘူးမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်းရှိ မိခင်ဝိုင်းများအတွက် သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများထံပေးအပ်ကြရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော မသန်စွမ်းသူများအား ထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်ခြင်းနှင့် ကလေးငယ်များကို ကစားစရာအရုပ်များနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

မွန်းလွဲပိုင်းတွင် မကွေးမြို့ ကန်လှကျေးရွာရှိ မိခင်ဝိုင်းအမှတ်(၃)၌ မိဘများလုပ်ငန်းခွင်ဝင်ချိန်၌ ကလေးများအား စနစ်တကျပြုစုစောင့်ရှောက်ပေးနေမှု လက်တွေ့ဆောင်ရွက်ခြင်းကို ဝင်ရောက်ကြည့်ရှုလေ့လာကြပြီး ကလေးငယ်များအတွက် သင်ထောက်ကူပစ္စည်းများ၊ အာဟာရမုန့်နှင့် ကစားစရာများ ပေးဝေကြသည်။

**သတင်းစဉ်**


# ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အဖွဲ့ ရှန်ဟိုင်းမြို့ရှိ အမှတ်(၁)ဘိုးဘွားရိပ်သာသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အဖွဲ့သည် ယမန်နေ့က ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ရှန်ဟိုင်းမြို့ရှိ အမှတ်(၁) ဘိုးဘွားရိပ်သာသို့ သွားရောက်လေ့လာကာ ရှန်ဟိုင်းဒေသ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် Mr. Qinhao Zhu နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရှန်ဟိုင်းဒေသ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း ရှင်းလင်းရာတွင် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင့် မိဘမဲ့(သို့)မိဘမှ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းမရှိသည့် ကလေးသူငယ်များအား ကူညီပံ့ပိုးလျက်ရှိကြောင်း၊ ရှန်ဟိုင်းမြို့သည် နိုင်ငံတကာသတ်မှတ်ချက်များအရ အသက်ရှည်သူများနေထိုင်ရာမြို့ဖြစ်ပြီး နေထိုင်သူ ၂၅ သန်း၏ ၃၄ ရာခိုင်နှုန်းကျော်မှာ အသက် ၆၀ ကျော် သက်ကြီးနိုင်ငံသားများဖြစ်သောကြောင့် ၎င်းပြည်သူများကို ပံ့ပိုးကူညီပေးရန် ဦးစားပေးဆောင်ရွက်နေကြောင်း၊ ရှန်ဟိုင်းမြို့ရှိ သက်ကြီး ၉၀ ရာခိုင်နှုန်းကျော်အား ၎င်း၏ မိသားစုများက စောင့်ရှောက်လျက်ရှိပြီး ခုနစ်ရာခိုင်နှုန်းကျော်အား ရပ်ကွက်အဆင့် ဘိုးဘွားဝန်ဆောင်မှုဌာနများမှ စောင့်ရှောက်ပေးကာ ကျန်သုံးရာခိုင်နှုန်းခန့်သာ ဘိုးဘွားရိပ်သာတွင် နေထိုင်လျက်ရှိကြောင်း၊ ရှန်ဟိုင်းမြို့တွင် အစိုးရ၊ လူမှုရေးအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီမံခန့်ခွဲနေသော ဘိုးဘွားရိပ်သာ ၇၀၀ ကျော်ရှိပြီး ရပ်ကွက်အဆင့်ဌာန ၃၀၀၀ ကျော်ရှိကြောင်း ရှင်းလင်းဆွေးနွေးရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ကလည်း မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့်မှ သက်ကြီးစောင့်ရှောက်ရေး အလေးထားဆောင်ရွက်နေမှု၊ သက်ကြီးလူမှုရေးပင်စင်အား နိုင်ငံတော်၏ ဘဏ္ဍာငွေလျာထားမှုနှင့်အညီ အသက်အရွယ်များ လျှော့ချထောက်ပံ့ပေးနေမှု၊ မြန်မာနိုင်ငံရှိ ဘိုးဘွားရိပ်သာများအား ကြီးကြပ်ကွပ်ကဲမှု၊ ဘိုးဘွားရိပ်သာတွင် တာဝန်ထမ်းဆောင်သူများအား စွမ်းဆောင်ရည်ကောင်းမွန်စေရေးအတွက် လေ့ကျင့်သင်ကြားပေးမှုတို့ကို ပြန်လည်ဆွေးနွေးသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘိုးဘွားရိပ်သာအတွင်း ဘိုးဘွားများ နေ့စဉ်လူမှုဘဝအသွင် ပြန်လည်ရရှိစေရေးအတွက် စာဖတ်ခြင်း၊ ပန်းချီဆွဲခြင်း၊ ဂီတဖန်တီးခြင်း၊ ရိုးရှင်းသည့် လက်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့အား ကြီးကြပ်ကူညီသူများဖြင့်ဆောင်ရွက်နေမှု၊ ခန္ဓာကိုယ်နှင့် စိတ်ပိုင်းကျန်းမာမှုအတွက် ရိပ်သာမှဆောင်ရွက်ပေးနေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ရေး ဆောင်ရွက်နေမှုများအား လိုက်လံလေ့လာကာ မြန်မာနိုင်ငံတွင် ပြည့်စုံကောင်းမွန်သည့် ဘိုးဘွားရိပ်သာများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**






# ကမ္ဘာ့ဒဿနိကဗေဒနေ့အကြို မြန်မာမော်ဒန်ကဗျာအကြောင်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ကမ္ဘာ့ဒဿနိကဗေဒနေ့ ၂၀၁၉ ကို ကြိုဆိုသောအားဖြင့် မြန်မာမော်ဒန်ကဗျာအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပရာ ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ) ဥက္ကဋ္ဌ ဒေါက်တာမောင်ဆောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာလှဲ့လှဲ့ဝင်းက ဒဿနိကဗေဒပညာရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)အတွင်းရေးမှူး ဦးမြင့်ဆွေက အသင်း၏လှုပ်ရှားမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆရာမောင်မောင်ဇေယျနှင့် Action Aid Myanmar ၏ လုပ်ငန်းမန်နေဂျာ ဒေါ်ခင်လေးနွယ်ထွန်းက အမျိုးသမီးနှင့်လူငယ်များ အကြား အကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍ ဇာတ်လမ်းသရုပ်ဖော်၊ အမေးအဖြေကဏ္ဍတို့ဖြင့် ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာမော်ဒန်ကဗျာအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဆရာမောင်မောင်ဇေယျက အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး ဆရာသစ္စာနီ၊ ဆရာဇေယျာလင်း၊ ဆရာခင်အောင်အေး၊ ဆရာမင်းဇင်၊ ဆရာမဖြူမွန်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**အနုပညာတစ်ခုရဲ့ ဖန်တီးမှု**

"မော်ဒန်ဆိုတာ အနုပညာတစ်ခုရဲ့ ဖန်တီးမှုပါပဲ။ အခုကျတော့ Contemporary လို့ သုံးလာပြီး စဉ်ဆက်မပြတ် ဖန်တီးနေတာကို ဆိုလိုတာပါ။ ရပ်မနေဘူး။ ဖန်တီးတာဆိုပေမယ့် အစဉ်အလာကနေ လုံးဝလွတ်ထွက်သွားတာမဟုတ်ဘူး။ တစ်ခုပေါ်တစ်ခု တည်မှီပြီးတော့ တီထွင်တိုးတက်နေတာ။ ဒီတီထွင်မှုကို နားလည်လက်ခံဖို့ လိုတယ်။ ဒီနှစ် ဖလော်ဆော်ဖီအသင်းနဲ့ပူးပေါင်းပြီး ပထမအကြိမ် စတင်ကျင်းပတာပါ။ နောက်နှစ်တွေလည်း ဆက်လက်ပြုလုပ်သွားမှာပါ။ မော်ဒန်ကဗျာဆိုတာကို နားလည်လက်ခံလာအောင် ပိုပြီးသိမြင်လာအောင် တတ်နိုင်သမျှ ကြိုးစားအားထုတ်နေပါတယ်။ အကျိုးသက်ရောက်မှုက အတိုင်းအတာတစ်ခုအထိတော့ ရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဦးမြင့်ဆွေက ပြောသည်။

ယခုနှစ် ကမ္ဘာ့ဒဿနိကဗေဒနေ့ (၂၀၁၉)၏ဆောင်ပုဒ်မှာ "ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ရေးကို လေ့ကျင့်ပျိုးထောင်စို့" ဖြစ်ပြီး ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) အဖွဲ့က ၂၀၀၂ ခုနှစ်မှစ၍ နှစ်စဉ် နိုဝင်ဘာလ၏ တတိယအပတ် ကြာသပတေးနေ့တွင် ကျင်းပရန် သတ်မှတ်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ဒဿနိကဗေဒနေ့ကို နိုဝင်ဘာ ၂၁ရက်(အမျိုးသားအောင်ပွဲနေ့)တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# နေပြည်တော်မြို့ ကလေးစာပေပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော နေပြည်တော်မြို့နယ် ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်မြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးစာပေပွဲတော်ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးလှမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက ကလေးစာပေပွဲတော် အောင်မြင်စည်ကားစွာ ကျင်းပနိုင်ရန် စီစဉ်ပေးသော တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ထို့နောက် အထက (၂) Grade- 6 မှ မဆောင်းနံ့သာစံက ကလေးစာပေပွဲတော် အထိမ်းအမှတ် သံပေါက်ကဗျာကို ရွတ်ဆိုပြီး နေပြည်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက ကလေးစာပေပွဲတော်ရှိ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသည့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ကလေးစာပေပွဲတော် ဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း**

**ထက်ဝေဖြိုး(နေပြည်တော်)**

# ရာပြည့်သမိုင်းဒေဝီ ဆရာမကြီး ဒေါ်ကြန်(မကြန်)အနားယူသွားပြီ




ဆရာမကြီး ဒေါ်ကြန် နှစ်(၁၀၀)ပြည့် မွေးနေ့ပွဲတွင် ရိုက်ကူးထားသောပုံ

ရာပြည့်သမိုင်းဒေဝီဟု တင်စားဂုဏ်ပြုခြင်းခံရသော သက်တော်ရှည် မြန်မာ့သမိုင်းပညာရှင်၊ စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)(၁၉၁၈-၂၀၁၉) ကွယ်လွန်သွားပြီဖြစ်ကြောင်း နာရီပိုင်းအတွင်းက ကြားလိုက်ရရာ မြန်မာ့သမိုင်းသုတေသနနယ်ပယ်အတွက်သာမက မြန်မာစာပေ၊ မြန်မာပညာရှင်လောက၊ မြန်မာအမျိုးသမီးလောကအတွက် အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ရပ်ဟု ခံစားလိုက်ရပါသည်။

ဆရာမကြီး ဒေါ်ကြန်ကို ၁၉၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် ရခိုင်ပြည်နယ် သံတွဲမြို့၌ အဖ ဦးကျော်ထွန်း၊ အမိဒေါ်ငွေနှစ်တို့မှ မွေးဖွားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် သံတွဲမြို့ အစိုးရဟိုက်စကူးကျောင်းမှ ဟိုက်စကူးဖိုင်နယ်စာမေးပွဲကို (က)အဆင့်မှ အောင်သည်။

ဟိုက်စကူးဖိုင်နယ်အောင်ပြီး သံတွဲအစိုးရဟိုက်စကူးကျောင်းမှာပင် အလယ်တန်းပြဆရာမ၊ ထို့နောက် သံတွဲနှင့်စစ်တွေမြို့စာတိုက်ဌာနတွင် အထက်တန်းစာရေးအဖြစ် အမှုထမ်းသည်။ ၁၉၅၁ ခုနှစ်တွင် အစိုးရဝန်ထမ်းဘဝမှ ထွက်ပြီး ရန်ကုန်တက္ကသိုလ်၌ ပညာဆက်သင်သည်။ ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ဘွဲ့ရပြီး ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာနနည်းပြ၊ ၁၉၅၆ ခုနှစ်တွင် သမိုင်းကော်မရှင်၌ ကျမ်းပြုအရာရှိအဖြစ် ဆောင်ရွက်သည်။ ကျမ်းပြုအရာရှိအဖြစ်ဆောင်ရွက်နေစဉ် ၁၉၅၇ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်တွင် မြန်မာ့သမိုင်းအထောက်အထားများ စုဆောင်းရေးအတွက် အင်္ဂလန်နိုင်ငံကို သွားရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သမိုင်းအထူးပြုနှင့် မဟာဝိဇ္ဇာဘွဲ့ရသည်။ သမိုင်းကော်မရှင်ဥက္ကဋ္ဌ ဆရာကြီး ဦးကောင်း၏အားပေးမှုဖြင့် လုပ်ဖော်ကိုင်ဖက် ဒေါက်တာရီရီနှင့်တွဲ၍ မြန်မာ့သမိုင်းသုတေသနလုပ်ငန်းများကို မမောမပန်းဆောင်ရွက်ခဲ့သည်မှာ ၁၉၇၈ ခုနှစ် အကြီးတန်းသုတေသနမှူးရာထူးမှ အငြိမ်းစားယူသည့်တိုင် ဖြစ်သည်။

အငြိမ်းစားယူပြီး ၁၉၈၂ ခုနှစ်တွင် သမိုင်းကော်မရှင် (သမိုင်းသုတေသနဌာန)တွင် အကြံပေးပုဂ္ဂိုလ်အဖြစ် လေးနှစ်ခန့်ဆောင်ရွက်သည်။ ၁၉၈၆ မှ ၁၉၉၁ ခုနှစ်တိုင် အမှတ်(၁)စက်မှုဝန်ကြီးဌာနတွင် "မြန်မာနိုင်ငံ စက်မှု




ဆရာမကြီး ဒေါ်ကြန်၏ ရာပြည့်ကာလ အမှတ်တရ လက်ရေးကို တွေ့ရစဉ်။

လက်မှုသမိုင်း" ပြုစုရေးအတွက် အကြံပေးပညာရှင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့ရာ ကွယ်လွန်သည့်တိုင် ဖြစ်သည်။ ဆရာမကြီးသည် မြန်မာ့သမိုင်းသုတေသီအဖြစ် သမိုင်းသုတေသနစာတမ်း၊ သုတေသနကျမ်းများအပြင် အများပြည်သူစာဖတ်ပရိသတ်များအတွက် သမိုင်းသုတ၊ ရသဆောင်းပါး၊ စာအုပ်များလည်းရေးသားခဲ့ရာ စာရေးဆရာမကြီးအဖြစ်လည်း ထင်ရှားပါသည်။

ဆရာမကြီး၏ စာပေလက်ရာ၊ သမိုင်းသုတေသနလက်ရာများဖြင့် အမျိုးသားစာပေဆု(သုတဝိဇ္ဇာ)ငါးကြိမ် ချီးမြှင့်ခြင်းခံရသည်။ ၁၉၇၈ ခုနှစ်တွင် မြန်မာနိုင်ငံအခြေအနေ(၁၈၈၅-၈၆)၊ ၂၀၀၂ ခုနှစ်တွင် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ၊ ၂၀၀၃ ခုနှစ်တွင် မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး(၁၈၈၆-၉၇)၊ ၂၀၀၅ ခုနှစ်တွင် ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆-၉၇)၊ ၂၀၀၉ ခုနှစ်တွင် ကုန်းဘောင်ခေတ်အခွန်တော်ရေးရာ စာအုပ်များဖြင့် ရရှိခဲ့သည်။ ထို့ပြင် ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆု၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချီးမြှင့်သော "ထူးချွန်အမျိုးသမီးဆု"၊ ၂၀၀၇ ခုနှစ်တွင် "Selected writing of Daw Kyan" ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုနှင့် ၂၀၁၃ ခုနှစ် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုများရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ချီးမြှင့်ခံရသည်။

ဆရာမကြီး စည်သူဒေါ်ကြန်သည် အသက်(၁၀၂) နှစ်အရွယ်အရောက် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ည ၈ နာရီအချိန်က လှိုင်မြို့နယ် ရတနာမွန်လမ်းမကြီး တိုက်အမှတ် (၅)၊ အခန်း(၂၀၂) နေအိမ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ရာ အဖိုးမဖြတ်နိုင်သော သမိုင်းပညာရှင် တစ်ယောက် ဆုံးရှုံးသွားသည်ဟု ထင်မြင်မိပါသည်။ **မောင်ဇေယျာ**

ဒေါက်တာသန်းထွန်း မကြာခဏ ပြောလေ့ရှိသည်မှာ ဒေါ်ကြန်တို့၊ ဒေါက်တာရီရီတို့လို သမိုင်းသုတေသီမျိုး သူ့တစ်သက်မှာ ထပ်တွေ့ဖို့မရှိတော့၊ သူတို့လို ဇွဲလုံ့လနှင့် ကြိုးစားလေ့လာနိုင်၊ ဖတ်ကြားနိုင်၊ ရေးသားနိုင်တဲ့ သမိုင်းပညာရှင်များ ထပ်မံမပေါ်ထွန်းနိုင်တော့ဟု ဆရာက ပြောခဲ့ပါသည်။

စည်သူဦးသော်ကောင်း

ဆရာမကြီး ဒေါ်ကြန်နှင့် ဒေါက်တာရီရီတို့အပေါ် ဒေါက်တာသန်းထွန်း၏ သဘောထားအမြင်။

ပန်းလှိုင်စီလုံဆေးရုံကြီး၏ နှလုံးရောဂါအထူးကုဌာန

PUN HLAING SILOAM HOSPITALS

ပြည်တွင်း၊ ပြည်ပ နှလုံးအထူးကုဆရာဝန်ကြီးများနှင့် (၂၄) နာရီ ဝန်ဆောင်မှုပေးနေသော ဆေးရုံ

24 HOUR EMERGENCY 013684411



နှလုံး နှင့် ပတ်သက်သော ကျန်းမာရေး စစ်ဆေးခြင်းအမျိုးမျိုး

နှလုံးခုန်နှုန်းထိန်း ကိရိယာ တပ်ဆင်ပေးခြင်း

ရုတ်တရက် နှလုံးသွေးကြောပိတ်ခြင်းအား အရေးပေါ်ကုသပေးခြင်း

နှလုံးသွေးကြောကျဉ်းရောဂါ ရှာဖွေပေးခြင်း

နှလုံးသွေးကြောထောက်ကိရိယာထည့်သွင်း၍ နှလုံးသွေးကြောချဲ့ကုသခြင်း

မွေးရာပါ နှလုံးရောဂါ အမျိုးမျိုးအား ရှာဖွေစမ်းသပ်၍ ဆွေးနွေးတိုင်ပင်ပေးခြင်း

ပန်းလှိုင်စီလုံဆေးရုံ ဖုန်း - ၀၁ ၃၆၈ ၄၃၂၀ ~ ၃၂၃ ၊ ၃၆၈ ၄၃၃၆ (လိုင်းခွဲ - ၂၅၄၆ ၊ ၁၉၉၁) ၊ ၀၉ ၄၃၀ ၀၄၂ ၆၇၉

ပန်းလှိုင်ဆေးခန်း ဖုန်း - ၀၁ ၂၅၀ ၆၇၇ ၊ ၀၂၄ ၅၄၀၀ ၊ ၀၉ ၅၁၃ ၅၈၀၂

facebook Pun Hlaing Siloam Hospitals

## အဝါရောင်ဂျက်ကက်လှုပ်ရှားမှု၏ နှစ်ပတ်လည်အဖြစ် ပြင်သစ်တွင် ဆန္ဒပြပွဲများကျင်းပ

**ပဲရစ် နိုဝင်ဘာ ၁၆**

အဝါရောင်ဂျက်ကက်လှုပ်ရှားမှု၏ နှစ်ပတ်လည်အဖြစ် ပြင်သစ်နိုင်ငံတစ်ဝန်းတွင် ဆန္ဒပြပွဲများပြုလုပ်ပြီး အဆိုပါလှုပ်ရှားမှုအား ထောက်ခံကြောင်းပြသခဲ့ကြသည်။

ပြီးခဲ့သောနှစ် နိုဝင်ဘာ ၁၇ ရက်တွင် စတင်ခဲ့သော ထိုလှုပ်ရှားမှုသည် လွန်ခဲ့သောလများအတွင်းက အရှိန်ကျဆင်းခဲ့ပြီး တနင်္ဂနွေနေ့တွင် နှစ်ပတ်လည်နေ့အဖြစ် ကျရောက်မည်ဖြစ်သည်။ ''မက်ခရွန်မနှစ်သက်လည်း ကျွန်တော်တို့ကတော့ ဒီနေရာမှာရှိနေမှာပဲ''ဟု ဆန္ဒပြသူများက ကြွေးကြော်ခဲ့သည်။

ဆန္ဒပြသူများနှင့် ရဲများအကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး ရဲများက မျက်ရည်ယိုဗုံးများဖြင့်ပစ်ခတ်ခဲ့၍ ဆန္ဒပြသူများက မီးရှို့မှုများပြုလုပ်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များအား အစိုးရဌာနများနှင့် မြေအောက်ရထားဘူတာရုံများတွင် အင်အားအများအပြား တာဝန်ချထားသည်။ အယ်လ်ဘီတက္ကသိုလ်မှထုတ်ပြန်သော ဆန်းစစ်ချက်အရ ပြင်သစ်ပြည်သူများ၏ ၅၅ ရာခိုင်နှုန်းမှာ ဆန္ဒပြသူများအပေါ်တွင် စာနာသနားစိတ်ရှိကြကြောင်းသိရပြီး ၆၃ ရာခိုင်နှုန်းမှာ ဆန္ဒပြပွဲများ ထပ်မံဖြစ်ပွားမည်ကို မလိုလားကြချေ။

''ကျွန်တော်တို့အနေနဲ့ လမ်းတွေပေါ်မှာ တစ်နှစ်တိုင်တိုင် ဆန္ဒပြနေဖို့ မလိုအပ်ပါဘူး''ဟု အဝါရောင်ဂျက်ကက်လှုပ်ရှားမှုအား ဆောင်ရွက်ခဲ့သူ စီးပွားရေးလုပ်ငန်းရှင် ပရစ်စီလီယာလူဒိုစကိုင်းက ပြောကြားခဲ့သည်။

မက်ခရွန်အနေဖြင့် အခွန်ထမ်းပြည်သူများအား ယူရိုငွေ ဘီလီယံပေါင်းများစွာတန်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အခွန်လျှော့ချပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ကိုးကား– အေအက်ဖ်ပီ၊ ဘာသာပြန်– စိုးသူရ**



## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် လေတပ်ဖွဲ့၏ စွမ်းဆောင်ရည်သရုပ်ပြသမှုကို ကြည့်ရှု

**ပြုံယမ်း နိုဝင်ဘာ ၁၆**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပမာဏကြီးမားသော စစ်ရေးလေ့ကျင့်မှုတစ်ခုအတွင်း လေတပ်ဖွဲ့၏ စွမ်းဆောင်ရည်များ သရုပ်ပြသမှုကို ကြည့်ရှုခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

ကင်ဂျုံအန်သည် စစ်ရေးလေ့ကျင့်မှုအခမ်းအနား ကြည့်ရှုရန် နိုင်ငံအရှေ့ပိုင်း ဝန်ဆန်မြို့တော်သို့သွားရောက်ခဲ့သည်ဟု အာဏာရအလုပ်သမားပါတီသတင်းစာ ရိုဒေါင်ဆင်မွမ်က ယနေ့ ဖော်ပြခဲ့သည်။ လေတပ်ဖွဲ့၏ လေကြောင်းလေ့ကျင့်မှုပြိုင်ပွဲကို ရည်ညွှန်းကာ စစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် ဂျက်တိုက်လေယာဉ်များက လက်နက်ကြီးကျည်များပစ်ခတ်ကာ ပစ်မှတ်များအပေါ် ဗုံးများကြဲချခဲ့သည်ဟု အဆိုပါသတင်းစာက ဆိုသည်။ ပြိုင်ပွဲမှာ ရန်သူ့လေယာဉ်ကို အကဲဖြတ်ဖျက်ဆီးနိုင်သည့် ပစ္စည်းကိရိယာများ တီထွင်ထုတ်လုပ်သည့် မြောက်ကိုရီးယားလေတပ်၏ စွမ်းဆောင်ရည်ကို ပြသနေသည်ဟု ကင်ဂျုံအန်က ပြောကြားခဲ့သည်။

သတင်းဖော်ပြမှုတွင် အမေရိကန်နိုင်ငံကို မဖော်ပြခဲ့ပေ။ သို့သော်လည်း တပ်ဖွဲ့အင်အားပြသမှုက အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ လာမည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လက်တုံ့ပြန်မှုတစ်ရပ်အဖြစ် ရည်ရွယ်ဖွယ်ရှိသည်။ ဂြိုဟ်တုဓာတ်ပုံများအရ MiG-29 တိုက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်များ အပါအဝင် မြောက်ကိုရီးယား စစ်ဘက်ဂျက်လေယာဉ် အစင်း ၇၀ ကျော်ကို ဝန်ဆန်မြို့ရှိ လေဆိပ်တစ်ခု၌ တန်းစီထားကြောင်း အမေရိကန် သုတေသနအဖွဲ့တစ်ခုဖြစ်သည့် 38 North က နိုဝင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အဆိုပါနေရာသို့ သွားရောက်လည်ပတ်ဖွယ်ရှိကြောင်း 38 North အဖွဲ့က ပြောသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– ကျော်ထိုက်စိုး**

## ဓာတ်ဆီဈေးနှုန်းမြင့်တက်၍ အီရန်နိုင်ငံတွင် ဆန္ဒပြမှုများ ဖြစ်ပွား

**တီဟီရန် နိုဝင်ဘာ ၁၆**

ဓာတ်ဆီဈေးနှုန်းတိုးမြှင့်ရန်နှင့် ခွဲတမ်းစနစ်ကျင့်သုံးရန် ဆုံးဖြတ်ချက်ကို ရုတ်တရက်ကြေညာပြီး နောက်တစ်နေ့၌ အီရန်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက စနေနေ့က ပြောကြားသည်။ ဆာဂျန်မြို့တွင် သောကြာနေ့က ပြင်းပြင်းထန်ထန် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆန္ဒပြသူများက မြို့တွင်းရှိ ရေနံသိုလှောင်ရုံကို တိုက်ခိုက်ခဲ့ကာ မီးရှို့ရန် ကြိုးစားခဲ့ကြကြောင်း နိုင်ငံပိုင် အိုင်အာရ်အင်န်အေ သတင်းအေဂျင်စီက ပြောသည်။ သို့သော်လည်း ရဲတပ်ဖွဲ့များက ၎င်းတို့ကို ဟန့်တားနိုင်ခဲ့သည်ဟု ယင်းသတင်းဌာနက အစီရင်ခံသည်။

အဘာဒန်၊ အာဗတ်၊ ဘန်ဒါ အဘတ်စ်၊ ဘာဂျန်၊ ဂတ်ချ်ဆာရန်၊ ခိုရမ်ရှား၊ မာရှား၊ မတ်ရှ်ဟာတ်၊ ရှီရတ် မြို့တို့အပါအဝင် အခြားမြို့များတွင်လည်း ဟိုတစ်စု သည်တစ်စု ကန့်ကွက်ဆန္ဒပြမှုများ ရှိခဲ့ကြောင်း၊ ဆန္ဒပြသူများသည် သန်းခေါင်ကျော်အထိ လမ်းများကို ပိတ်ဆို့ခဲ့ကြကြောင်း ယင်းသတင်းဌာနက ပြောကြားသည်။

အီရန်နိုင်ငံသည် သောကြာနေ့က ဓာတ်ဆီခွဲတမ်းစနစ်ကို ချမှတ်ပြီး ဈေးနှုန်းများကို အနည်းဆုံး ၅၀ ရာခိုင်နှုန်း မြှင့်တင်ခဲ့သည်။ ငွေကြေးအကူအညီ လိုအပ်သည့် နိုင်ငံသားများကို ကူညီရန်အတွက် ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းဆောင်ရွက်ချက်မှ ရီယယ် ထရီလီယံ ၃၀၀ ( အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅ ဘီလီယံ) နှစ်စဉ် ရရှိမည်ဟု မျှော်မှန်းကြောင်း အီရန်နိုင်ငံ စီမံကိန်းနှင့် ရသုံးမှန်းခြေငွေစာရင်းဌာန အကြီးအကဲ မိုဟာမက် ဘာဂါ နိုဘတ်က နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ပြောကြားသည်။

ဓာတ်ဆီခွဲတမ်းအစီအစဉ်အရ လောင်စာဆီဝယ်ယူခွင့်ကတ်ပြား ကိုင်ဆောင်သည့် ယာဉ်မောင်းများသည် လစဉ်ဝယ်ယူသည့် ဓာတ်ဆီလီတာ ၆၀ အတွက် တစ်လီတာလျှင် ရီယယ် ၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၃ ဆင့်) ပေးရမည်ဖြစ်ပြီး အပိုဝယ်ယူပါက ဓာတ်ဆီတစ်လီတာလျှင် ရီယယ် ၃၀၀၀၀ ပေးရမည်ဖြစ်သည်။

လောင်စာဆီဝယ်ယူခွင့်ကတ်ပြားများကို ထောက်ပံ့ကြေးစနစ်ကို ပြုပြင်ပြောင်းလဲရန်နှင့် လောင်စာဆီအမြောက်အမြား မှောင်ခိုရောင်းဝယ်မှုကို ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၇ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်မှ အမေရိကန်နိုင်ငံကို ဆွဲထုတ်အပြီး အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ချိန်မှစ၍ အီရန်နိုင်ငံ၏စီးပွားရေး ကျဆင်းခဲ့သည်။

အီရန်သမ္မတ ဟတ်ဆန် ရိုဟာနီက အီရန်နိုင်ငံသား ၇၅ ရာခိုင်နှုန်းသည် လတ်တလောကာလတွင် အခက်အခဲဖိစီးမှုဒဏ်ကို ခံနေရကြောင်း၊ ဓာတ်ဆီဈေးနှုန်းမြှင့်တင်မှုမှ ရရှိလာသည့် အပိုအခွန်ငွေများသည် ၎င်းတို့ထံသို့ ရောက်ရှိသွားမည်ဖြစ်ပြီး အစိုးရဘဏ္ဍာတိုက်ထဲသို့ သွားမည်မဟုတ်ကြောင်း စနေနေ့က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား– အေအက်ဖ်ပီ**
**ဘာသာပြန်– အောင်ဇော်လင်း**

## အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်တွင် အိုင်အက်စ်အဖွဲ့ဝင် ၂၄၁ ဦး လက်နက်ချ

**ဂျကာတာ နိုဝင်ဘာ ၁၆**

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ အိုင်အက်စ်အား သစ္စာခံသည့် စစ်သွေးကြွအဖွဲ့ဝင် ၂၄၁ ဦးတို့သည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ အစိုးရတာဝန်ရှိသူများထံတွင် လက်နက်ချခဲ့ကြောင်း၊ ၎င်းတို့ထံတွင် အမျိုးသား အမျိုးသမီးများနှင့် ကလေးငယ်များလည်းပါဝင်ကြောင်း အာဖဂန်စစ်ဘက်မှ နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

လက်နက်ချခဲ့သည့် အိုင်အက်စ်တို့အား သစ္စာခံသူများတွင် အမျိုးသား ၇၁ ဦး၊ အမျိုးသမီး ၆၃ ဦးနှင့် ကလေး ၁၀၇ ဦးတို့ ပါဝင်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သည့် သုံးရက်အတွင်းက နန်ဂါဟာပြည်နယ်တွင်းရှိ အက်ချင်နှင့် ဟိုမန်ဒါရာခရိုင်များ၌ ဒေသဆိုင်ရာ အာဏာပိုင်များထံ လက်နက်ချအပ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းကြေညာချက်၌ ဆက်လက်ဖော်ပြသည်။

ယင်းအိုင်အက်စ်စစ်သွေးကြွများ လက်နက်ချအပ်ရာတွင် သေနတ်အလက်ရေ ၆၇ လက်ကို လုံခြုံရေး



တပ်ဖွဲ့ဝင်များထံ အပ်နှံခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက်ပိုင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထံတွင် အိုင်အက်စ်အားသစ္စာခံသည့် စစ်သွေးကြွများ လက်နက်ချခဲ့မှုများ၌ ယခုအကြိမ် လက်နက်ချမှုသည် ပမာဏအကြီးမားဆုံးဖြစ်သည်။

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွများသည် နန်ဂါဟာပြည်နယ်နှင့် အိမ်နီးချင်းပြည်နယ်များဖြစ်ကြသော ကူမာနှင့် နူရီစတန်ပြည်နယ်များ၌ ဝင်ရောက်လှုပ်ရှားနေကြပြီး ယခုလက်နက်ချမှု သတင်းအပေါ် အိုင်အက်စ်အဖွဲ့က မှတ်ချက်ပြောကြားခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– ဇော်ဝင်း**

## အိန္ဒိယအရှေ့ပိုင်း၌ ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွား လေးဦးသေ၊ ခြောက်ဦး ဒဏ်ရာရ

**နယူးဒေလီ နိုဝင်ဘာ ၁၆**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ယနေ့နံနက်ပိုင်းက ဘွိုင်လာအိုးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူလေးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသန္တရ ရဲအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် အတည်ပြုပြောကြားခဲ့သည်။

မိုတီဟာရီခရိုင် ဆူဂေါ်လီရေိယာရှိအဆောက်အအုံတစ်လုံးအတွင်း ဘွိုင်လာအိုးတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း အဆိုပါရဲအရာရှိက ပြောသည်။ ဒဏ်ရာရရှိသူခြောက်ဦးကို ကယ်ဆယ်ခဲ့ပြီး အနီးအနားရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့သည်ဟု ၎င်း၏ပြောကြားချက်အရ သိရသည်။ အစားအသောက်ချက်ပြုတ်နေစဉ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု၏ မီးဖိုချောင်တစ်ခုအတွင်း ဘွိုင်လာအိုး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု မီဒီယာသတင်းများအရ သိရသည်။


ဘွိုင်လာအိုးပေါက်ကွဲမှုမှာ အင်အားအလွန်ပြင်းထန်သောကြောင့် အဆောက်အအုံခေါင်မိုး ကွဲထွက်သွားခဲ့ကြောင်း ရုပ်သံပြကွက်များက ပြသခဲ့သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# ဟန်ချက်ညီညာ နိုင်ငံရေးချိန်ခွင်လျှာ

**ကိုရင်ဩ**


PHOTO IMAGE: Adaderana.lk

**“သီရိလင်္ကာနိုင်ငံသည် ၂၀ ရာစု နှောင်းပိုင်းတွင် စစ်ဒဏ်ကို အလူးအလဲခံစားခဲ့ရသည်။ ဆင်ဟာလိစ်နှင့် တမီလ်နိုင်ငံသားများအကြား လူမျိုးရေးတင်းမာမှု မီးပွားမှအစပြု၍ ပြည်တွင်းစစ်မီးကြီး တဟုန်းဟုန်း တောက်လောင်ခဲ့သည်။ ပကတိအားဖြင့် စစ်ဖြစ်ရသည့် နောက်ခံအကြောင်းတရားများမှာ လူမျိုးရေး တင်းမာမှုထက်ပင် ပိုမို၍ ရှုပ်ထွေးလှသည်၊ နက်ရှိုင်းလှသည်။ နိုင်ငံ၏ ကိုလိုနီသမိုင်းကြောင်းနောက်ခံအရ ဝိဝါဒများ မတူကွဲပြားခြားနားမှုသည်လည်း စစ်ဖြစ်စေသော အဓိကအကြောင်းတရားတွင် ပါဝင်သည်ဟု သမိုင်းဆရာတို့က သုံးသပ်”**

တစ်ချိန်တစ်ခါက “ဆီလုံကျွန်း (ဝါ) သီဟိုဠ်ကျွန်း”ဟူ၍ သိရှိခဲ့ကြသော သီရိလင်္ကာနိုင်ငံ၌ သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပလျက်ရှိသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ဒီမိုကရေစီ၏ အခင်းအကျင်း ရွေးကောက်ပွဲကျင်းပခြင်းမှသည် အနာဂတ်နိုင်ငံရေးဗျူဟာသစ်များ မည်သို့ မည်ပုံ အသက်သွင်းမည်ကို သိရှိနိုင်ရန် စေ့ငုလေ့လာမိလေ၏။

တောင်အာရှဒေသရှိ သီရိလင်္ကာနိုင်ငံသည်ကား ဗုဒ္ဓယဉ်ကျေးမှုရှုထောင့်အလိုအရ သမိုင်းအစဉ်အဆက် အစဉ်အလာကြီးမားခဲ့သော ကျွန်းကြီးတစ်ကျွန်းပါပေတည်း။ ဗုဒ္ဓဝင်၊ မဟာဝင်တို့၏ အလိုအရမူ ထိုကျွန်းသည် ကမ္ဘာအဆက်ဆက်ကပင် တည်ရှိခဲ့၍ ဂေါတမဘုရားရှင်၏လက်ထက်တွင် “လင်္ကာဒီပ”ဟု ခေါ်တွင်သည်ဟု ဆိုလေသည်။

**လင်္ကာဒီပဟု သုံးနှုန်း**

အိန္ဒိယကျွန်းဆွယ် တောင်ဘက်စွန်း၏ တောင်ဘက်အရှေ့ခပ်ယွန်းယွန်း၌ တည်ရှိပြီး အရွယ်သေးသော်လည်း အရေးကြွယ်သည့် ကျွန်းနိုင်ငံကို ဗုဒ္ဓစာပေ ကျမ်းဂန်တို့၌ “လင်္ကာဒီပ”ဟု သုံးနှုန်းသည်။ ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နောက်တွင် ဗုဒ္ဓအယူဝါဒ နေလိုလလို ထွန်းပခဲ့သောကျွန်း၊ ယွန်းဆွမ်းအုပ်၏ ပုံသဏ္ဌာန်ကဲ့သို့ မြေမျက်နှာပြင်ရှိသည့်ကျွန်း၊ မဟာဝံသ၊ ဒီပဝံသခေါ် ရေးမှတ်တမ်းများဖြင့် ကျွန်းနိုင်ငံ၏သမိုင်းများကို ထိန်းသိမ်းလာခဲ့သောကျွန်း၊ ပြာလဲ့လဲ့ပင်လယ်ရေပြင်ဖြင့် ဝိုင်းရံလျက်ရှိပြီး စိမ်းစိုသာယာလှပသော ရှုခင်းတို့ဖြင့် တင့်တယ်ရှုမောဖွယ်ရာ ကျွန်းနိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံသည် ကျွန်ုပ်တို့၏ နိုင်ငံနှင့် အိမ်နီးချင်းလည်း ဖြစ်လေသည်။

သီရိလင်္ကာနိုင်ငံ၌ နိုင်ငံရေးဆိုင်ရာ သဘောထားကွဲပြားမှု သရုပ်သကန်ကို ပီပီပြင်ပြင် ထင်ထင်ရှားရှား တွေ့မြင်ကြရသည့် မဲဆွယ်စည်းရုံးမှုများကို အပြိုင်အဆိုင် ပြုလုပ်ခဲ့ကြပြီးနောက် နိုဝင်ဘာ ၁၆ ရက်တွင် ပြည်သူတို့က သူတို့၏ အသည်းကြားမှ မဲတစ်ပြားကို ဖော်ထုတ်ပြသခဲ့ကြလေသည်။

လူဦးရေ ၂၁ သန်းရှိသော သီရိလင်္ကာနိုင်ငံ၌ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၁၃ ရာခိုင်နှုန်းမှာ ဟိန္ဒူဘာသာဝင်များ၊ ၁၀ ရာခိုင်နှုန်းမှာ မွတ်စလင်များ(ဆွန်နီ အဓိက)နှင့် ၆ ရာခိုင်နှုန်းမှာ ရိုမင်ကက်သလစ် ဘာသာဝင်များဖြစ်ကြသည်။

ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးရေးကာလမှာပင် ဘာသာရေးအားပြိုင်မှုများ ပိုမိုပြင်းထန်လာခဲ့ပြီး စီးပွားရေးတိုးတက်မှုနှုန်း အရှိန်အဟုန် ကျဆင်းလာနေမှုကို တွေ့မြင်ခဲ့ကြရ၏။

**ဦးဆောင်ပါဝင်ယှဉ်ပြိုင်**

ကာကွယ်ရေးဝန်ကြီးဟောင်းလည်း ဖြစ်၊ သမ္မတဟောင်း မဟိန္ဒရာဇပါဆာ၏ ညီနောင်လည်းဖြစ်သူ ဂိုတာဘာရာ ရာဇပါဆာသည်လည်းကောင်း၊ အာဏာရညီညွတ်သော အမျိုးသားရေးပါတီ(ယူအင်န်ပီ)၏ သမ္မတလောင်း ဆာဂျစ်ပရီမာဒါဆာ (အိုးအိမ်၊ ဆောက်လုပ်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီး)သည်လည်းကောင်း ထိပ်ဆုံးမှ ဦးဆောင်ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။ ရွေးကောက်ပွဲတွင် သမ္မတလောင်း ၃၅ ဦး အထိ ပါဝင်ယှဉ်ပြိုင်ကြရာ စံချိန်တင်အရေအတွက်ပင် ဖြစ်သည်။

နိုဝင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် မဲရုံများကို စတင်ဖွင့်လှစ်ခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသူ ၁၅ ဒသမ ၉ သန်းတို့က နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒနယ်မြေ ၂၂ ခု အတွက် ဖွင့်လှစ်ထားသော မဲရုံပေါင်း ၁၂၈၄၅ ရုံတွင် မဲပေးလျက်ရှိကြသည်။

မဲရုံများဖွင့်လှစ်ရန် နာရီပိုင်းအလိုမှာပင် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ မြို့တော် ကိုလံဘိုမြောက်ဘက်မိုင် ၁၅၀ အကွာ သန်သီရီမာလီမြို့၌ မဲဆန္ဒရှင် မွတ်စလင်အများစုဖြစ်သည့် လူအများလိုက်ပါလာသော ဘတ်စ်ကား အစီး ၁၀၀ ကျော် ပါဝင်သည့် မော်တော်ယာဉ်တန်းကို မည်သူမည်ဝါမှန်း မသိရသော သေနတ်သမားများက ပစ်ခတ်ခဲ့ကြကြောင်း၊ ထိခိုက်သူမရှိသော်လည်း ထိတ်ထိတ်ပျာပျာဖြင့် ဘတ်စ်ကားများ ဥဒဟို ထွက်ပြေးခဲ့ကြရကြောင်း ရွေးကောက်ပွဲအကြမ်းဖက်မှု လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပလေတိုင်း ပြည်သူများက အားတက်သရော မဲပေးလေ့ရှိကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ၏ ၈၁ ဒသမ ၅ ရာခိုင်နှုန်းကျော်က မဲပေးခဲ့ကြပြီး ယင်းရွေးကောက်ပွဲတွင် မေသရီပါလ သီရိသေနာက အောင်ပွဲခံခဲ့သည်။

သို့ရာတွင် သူသည် ယခုရွေးကောက်ပွဲတွင် ထပ်မံ၍ ပါဝင်ယှဉ်ပြိုင်ခြင်း မရှိချေ။ သူ၏ သီရိလင်္ကာလွတ်မြောက်ရေးပါတီက ရာဇပါဆာကို သမ္မတလောင်းအဖြစ် တင်မြှောက်ခဲ့သည်။

လွန်ခဲ့သည့်နှစ် အောက်တိုဘာလက သမ္မတသီရိသေနာ၏ ဖြုတ်ချမှုဘေးမှ ကျော်လွှားလွန်မြောက်ခဲ့သူ ဝန်ကြီးချုပ် ရာနီးလ် ဝီကရီဆင်းဟာသည် သူ၏ ပါတီမှ သမ္မတလောင်းအဖြစ် ပရီမာဒါဆာကို ထောက်ခံသည်။

**ဦးဆောင်ရေးဆွဲပေးခဲ့သူ**

ရက်သတ္တပတ် ၆ ပတ်ကြာမြင့်သော မဲဆွယ်စည်းရုံးရေးကာလမှာ ပြည်သူများအတွင်း နှစ်ဖက်သဘောကွဲလွဲမှုကို အထင်အရှားပြသခဲ့ကြသောကာလဟု ဆိုနိုင်သည်။ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ရာ ရာဇပါဆာမှာ နိုင်ငံတော်အတွင်း လုံခြုံရေးကောင်းမွန်ခြင်းကို ဆောင်ကြဉ်းပေးမည့်သူအဖြစ် ဖော်ထုတ်ပြသခဲ့သည်။ ရာဇပါဆာသည် တမီလ်သူပုန်တို့၏ ၂၆ နှစ်ကြာ ပုန်ကန်ခြားနားမှုအဆုံးသတ်စေရေးအတွက်စစ်ရေးမဟာဗျူဟာကို ဦးဆောင်ရေးဆွဲပေးခဲ့သူအဖြစ် ထင်ရှားလေသည်။

သီရိလင်္ကာပြည်တွင်းစစ် အဆုံးသတ်စေရေးအတွက် ထိုးစစ်ကြီးဆင်နွှဲခဲ့ရာတွင် ဥပဒေဘောင်ကျော် ဆောင်ရွက်မှုများရှိခဲ့သည်ဟု လူ့အခွင့်အရေးအုပ်စုများက ဆိုကြသည်။

သီရိလင်္ကာနိုင်ငံ၌ “အီစတာ တနင်္ဂနွေနေ့” (၂၀၁၉ ဧပြီ ၂၁) အကြမ်းဖက်တိုက်ခိုက်မှုကြီးအပြီး ခုနစ်လမျှသာ ကြာမြင့်သေးချိန်တွင် သမ္မတ ရွေးကောက်ပွဲကို ကျင်းပခြင်းဖြစ်သည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် ဇိမ်ခံဟိုတယ်ကြီးများကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာတွင် လူပေါင်း ၂၆၉ ဦး သေဆုံးခဲ့ကြရသည်။ မွတ်စလင် အစွန်းရောက်သမားများ၏ လက်ချက်အဖြစ် စွပ်စွဲပြောဆိုခဲ့ကြပြီး ယင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီး ကာလတွင် သီရိလင်္ကာ၏ မွတ်စလင် အသိုက်အဝန်းကို ခြိမ်းခြောက်သည့် လက်ရောက်စော်ကားမှုများ၊ ကာယိန္ဒြေ နှောင့်ယှက်မှုများ၊ စီးပွားရေး သပိတ်မှောက်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သေးသည်။

သမ္မတလောင်း ၃၅ ဦးအထိ ပါဝင်ယှဉ်ပြိုင်ကြသော်လည်း ရာဇပါဆာနှင့် ပရီမာဒါဆာတို့အကြား အကြိတ်အနယ်ယှဉ်ပြိုင်ကြရသည့် ရွေးကောက်ပွဲအဖြစ် ပေါ်လွင်ထင်ရှားနေသည်။ ရာဇပါဆာသည် ဆင်ဟာလိ–ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသားများ ဦးဆောင်သော သီရိလင်္ကာ ပိုဒူဂျာနား ပါရာမူနားပါဒီ (SLPP)ပါတီကို ဦးဆောင်လျက်ရှိသည်။

အကြိတ်အနယ်ရှိလှသည့် ရွေးကောက်ပွဲတွင် လူနည်းစုတိုင်းရင်းသား တမီလ်တို့နှင့် မွတ်စလင်အုပ်စုများမှ မဲဆန္ဒရှင်များက ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲအောင် လုပ်နိုင်သူများအဖြစ် ရှုမြင်ကြရသည်။

မွတ်စလင်အသိုက်အဝန်းသည် ရာဇပါဆာ အောင်ပွဲခံမည့်အရေး အထူးတလည် စိုးရိမ်ပူပန်နေကြသည်များတွင် ပါဝင်ကြသည်။ မတူကွဲပြားခြားနားသော ကိုးကွယ်ယုံကြည်သူများအကြား ဘာသာရေးပဋိပက္ခမီးပွားများ ထွက်ပေါ်လာတတ်သည်မှာလည်း အစဉ်အမြဲ သတိပြုအပ်သော အချင်းအရာပါပေတည်း။

အထူးအားဖြင့် လူမျိုးစုံနေထိုင်သော နိုင်ငံအနောက်မြောက်ပိုင်းဒေသတွင် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အရေးအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့သည်။

သီရိလင်္ကာမြောက်ပိုင်းပြည်နယ်၏ မြို့တော် ဂျက်ဖနာတွင် ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးကို အထူးတင်းကျပ်ခဲ့ပြီး စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေး အလို့ငှာ လမ်းပိတ်ဆို့ထားမှုများပြုလုပ်ခဲ့ရာ ဒေသခံပြည်သူများနှင့် တင်းတင်းမာမာ ဖြစ်ခဲ့ရသည်။ ဂျက်ဖနာတွင် တမီလ်မျိုးနွယ်စုဝင်များက အာဏာရ ညီညွတ်သော အမျိုးသားရေးပါတီ(UNP)ကို ထောက်ခံကြလိမ့်မည်ဟု မျှော်လင့်ရသည်။ ယင်းပါတီမှာ ဝန်ကြီးချုပ် ဝီကရီဆင်းဟာ ဦးဆောင်သောပါတီဖြစ်သည်။ အကယ်၍ ဂျက်ဖနာတွင် မဲပေးသူဦးရေ နည်းပါးပါက ရာဇပါဆာမှာ အသာစီးရသွားနိုင်သည်။

ဂျက်ဖနာမှာ ပြည်တွင်းစစ်ဖြစ်ပွားချိန်အတွင်း တမီလ်လွတ်မြောက်ရေးကျားသူပုန်အဖွဲ့(LTTE)အဖွဲ့က ၁၉၈၆ ခုနှစ်တွင် သိမ်းပိုက်ခဲ့သော မြို့ကြီးဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် အိန္ဒိယငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့က ယင်းမြို့ကို တစ်ခဏကြာမျှ သိမ်းပိုက်ခဲ့သော်လည်း ကျားသူပုန်အဖွဲ့ က ၁၉၈၉ ခုနှစ်မှသည် ၁၉၉၅ ခုနှစ်အထိ ပြန်လည် သိမ်းပိုက်ခဲ့သည်။ ထို့နောက်တွင် သီရိလင်္ကာ ကြည်းတပ်က ယင်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဟောင်း ရာဇပါဆာသည် သီရိလင်္ကာကြည်းတပ်နှင့် နီးနီးကပ်ကပ်ဆက်ဆံရေး တည်ဆောက်ထားနိုင်ခဲ့သူအဖြစ် ထင်ရှားသည်။

ပြည်တွင်းစစ်၏ ဒဏ်ကို ခါးသီးစွာခံစားခဲ့ရသော သီရိလင်္ကာပြည်သူများမှာ ယခုအခါတွင် ငြိမ်းချမ်းပြီး သာယာဝပြောသော နိုင်ငံတော်အဖြစ်သို့ တည်ဆောက်ပေးနိုင်မည့်ခေါင်းဆောင်ကို ယုံကြည်မျှော်လင့်လျက်ရှိကြပေသည်။

ကျွန်းနိုင်ငံ တစ်နိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံသည် ၂၀ ရာစု နှောင်းပိုင်းတွင် စစ်ဒဏ်ကို အလူးအလဲ ခံစားခဲ့ရသည်။ ဆင်ဟာလိစ်နှင့် တမီလ်နိုင်ငံသားများအကြား လူမျိုးရေးတင်းမာမှု မီးပွားမှအစပြု၍ ပြည်တွင်းစစ်မီးကြီး တဟုန်းဟုန်း တောက်လောင်ခဲ့သည်။ ပကတိအားဖြင့် စစ်ဖြစ်ရသည့် နောက်ခံအကြောင်းတရားများမှာ လူမျိုးရေးတင်းမာမှုထက်ပင် ပိုမို၍ ရှုပ်ထွေးလှသည်၊ နက်ရှိုင်းလှသည်။ နိုင်ငံ၏ ကိုလိုနီသမိုင်းကြောင်း နောက်ခံအရ ဝိဝါဒများ မတူကွဲပြားခြားနားမှုသည်လည်း စစ်ဖြစ်စေသော အဓိကအကြောင်းတရားတွင် ပါဝင်သည်ဟု သမိုင်းဆရာတို့က သုံးသပ်ကြသည်။

သမိုင်းနှင့်ချီသော အရှုပ်အထွေးများအရ နိုင်ငံအတွင်း အတူတကွ မှီတင်းနေထိုင်သူများအကြား လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခများ ကျယ်ပြန့်ခဲ့ရသည်။ အမေရိကန် ပြည်ထောင်စုတွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြီးအပြီးတွင် ကမ္ဘာတစ်လွှား အကြမ်းဖက်တိုက်ဖျက်ရေး အစီအမံများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လာခဲ့ကြရာ ကျားသူပုန်အဖွဲ့က ပင်လယ်ရပ်ခြားနိုင်ငံများမှ ငွေကြေးထောက်ပံ့ပေးမှုနှင့် အားပေးထောက်ခံမှုတို့ ဆုံးရှုံးခဲ့ရသည်။

၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် သီရိလင်္ကာ အစိုးရအဖွဲ့နှင့် ကျားသူပုန်အဖွဲ့တို့က အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ နော်ဝေနိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ နှစ်နိုင်ငံ အတူယှဉ်တွဲရပ်တည်ရေး အယူအဆကို ကျားသူပုန်အဖွဲ့က အစောပိုင်းတွင် တောင်းဆိုခဲ့သော်လည်း သီရိလင်္ကာ အစိုးရအဖွဲ့က နိုင်ငံတစ်နိုင်ငံတည်းအဖြစ် ရပ်တည်ရေး အယူအဆကို ကိုင်စွဲခဲ့သည်။ ဖက်ဒရယ်နိုင်ငံတော် ထူထောင်ရေးအတွက် နောက်ဆုံးတွင် စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ခဲ့ကြသည်။

သို့ရာတွင် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကျားသူပုန်အဖွဲ့က နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့ကို ၎င်းတို့က လုံးလုံးလျားလျား ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ရာ အစိုးရအဖွဲ့က အရေးပေါ်အခြေအနေ ထုတ်ပြန်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အစိုးရတပ်ဖွဲ့က နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် ထိုးစစ်ကြီးများကို အကြီးအကျယ် ဆင်နွှဲခဲ့ပြီး ၂၀၀၉ ခုနှစ် မေ ၁၆ ရက်တွင် ကျားသူပုန်အဖွဲ့အပေါ် မိမိတို့အောင်ပွဲခံနိုင်ပြီဟု အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံသာယာဝပြောရေးတွင် တည်ငြိမ်အေးချမ်းမှုရှိရေး အခြေခံအကျဆုံး ဖြစ်ပုံကို ကျွန်ုပ်တွေးတောမိရင်း “ဟန်ချက်ညီညာ နိုင်ငံရေးချိန်ခွင်လျှာ” ဟု ကျူးရင့်မိပါသတည်း။ ။

**Ref: Sri Lanka election: Voting under way after divisive campaign (ALJAZEERA);**

## ရိုးမကြိုးပြင်ကာကွယ်တောအတွင်းမှ တရားမဝင်သစ်စက်နှင့် ကျွန်း၊ ပျဉ်းကတိုး ၇၃ တန်ကျော် သိမ်းဆည်းရမိ



**ရေတာရှည် နိုဝင်ဘာ ၁၆**

ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်က ရိုးမကြိုးပြင်ကာကွယ်တောအတွင်းရှိ သင်းဝင်မြောင်သို့ ရောက်ရှိကာ တရားမဝင် သစ်ခွဲစက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင် ကျွန်း၊ ပျဉ်းကတိုးသစ်လုံး၊ ခွဲသား၊ ခွဲခြမ်း ၁၁၈၄ လုံး/ချောင်း/ခြမ်း၊ (၇၃ ဒသမ ၀၂၆၀ တန်)ကို သိမ်းဆည်းရမိခဲ့သဖြင့် ဆက်စပ်တရားခံများအား ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ပဲခူးရိုးမနှင့် ထိစပ်နေသော ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများသည် အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ မြောက်ဘက်တွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး တရားမဝင်သစ်ခိုးထုတ်မှုများမှာ ယခင်ကထက်များစွာ လျော့နည်းသွားသော်လည်း နည်းလမ်းပေါင်းစုံဖြင့် တရားမဝင် သစ်ထုတ်လုပ်မှုများ ရှိနေဆဲပင်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

■

## သထုံမြို့နယ်၌ ရပ်ထားသောကားအား တိုက်မိမှုကြောင့် တစ်ဦး သေဆုံး

**သထုံ နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် သထုံမြို့သုဓမ္မဝတီအပိုင် သထုံ-ဘားအံ အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ်(၆/၅)နှင့် (၆/၆)ကြား၌ နိုဝင်ဘာ ၁၅ ရက် ည ၈ နာရီခွဲခန့်က ဘားအံမှ သထုံသို့ ဦးတင်ညွှန့် ကြာပန်းကျေးရွာနေထိုင်သူ မောင်းနှင်လာသော ဆိုင်ကယ်သည် လမ်းဘေးတွင် အချက်ပြမီးဖွင့်၍ ရပ်ထားသော ၁၂ ဘီးယာဉ်အား ဝင်ရောက်တိုက်မိပြီး ဦးတင်ညွှန့်မှာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတင်ညွှန့်အား သုဓမ္မဝတီနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

## မိုးကောင်း၌ ထော်လာဂျီအား ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

**မိုးကောင်း နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်၌ နိုဝင်ဘာ ၁၅ ရက် ညပိုင်းက ရပ်တန့်ထားသည့် ထော်လာဂျီအား ဆိုင်ကယ်မှ ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲက မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်မှ ဆားမော်ကျေးရွာအထွက် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းတွင် မိုးကောင်းမှ ဆားမော်ကျေးရွာသို့ မိုးကောင်းမြို့နယ် နမ္မတီးမြို့ ရွှေဝါရပ်ကွက်နေ ဦးဆန်းလွင် မောင်းနှင်လာသည့် ဆိုင်ကယ်သည် ရပ်တန့်ထားသည့် ထော်လာဂျီအား နောက်မှဝင်တိုက်မိပြီး ထိခိုက်ဒဏ်ရာ ရရှိခဲ့၍ မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မရဲစခန်းတွင် သေမှုသေခင်းရေးဖွင့်ထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)



## မိုင်းကိုင်မြို့နယ်၌ ဘိန်းစိုက်ခင်း နှစ်ဧကခန့် ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၆**

မိုင်းကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်က မိုင်းကိုင်မြို့နယ် ခေးအုံဝေ့ကျေးရွာ မြောက်ဘက် လေးဖာလုံခန့်အကွာ၌ အမြင့်လေးလက်မခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း တစ်ဧကနှင့် ၎င်းကျေးရွာ၏ အနောက်ဘက် လေးဖာလုံခန့်အကွာ၌ အမြင့် ခြောက်လက်မခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းတစ်ဧကတို့အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## မဟာအောင်မြေမြို့နယ်တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီက မဟာအောင်မြေမြို့နယ် သံလျက်မှော်(အနောက်)ရပ်ကွက် ပေါ်တော်မူဘုရားဝင်းအတွင်း မြတ်မင်းဦးအား ရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၀၊ ဆိုင်ကယ်တစ်စီးနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ သံလျက်မှော် (အနောက်)ရပ်ကွက် ပေါ်တော်မူဘုရားအရှေ့ပေါက်အနီးရှိ ၎င်းနှင့်အတူနေ ဝင်းနောင်(ခ) ကိုနောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၁၄၈၀ နှင့် ငွေကျပ် ၂၀၇၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် မြတ်မင်းဦး၊ ဝင်းနောင်(ခ)ကိုနောင် (ဖမ်းမမိသေး)တို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ



မြတ်မင်းဦးအား သိမ်းဆည်းရမိသည့်စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး အသိပညာပေးဟောပြော

**လှည်းကူး နိုဝင်ဘာ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်က ရဲမွန်ကျေးရွာအုပ်စု လမ်းသစ်လမ်းထိပ်ဓမ္မဂုံရောင်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေး မဟာဗျူဟာကို ထည့်သွင်းဆွေးနွေးဟောပြောခဲ့ပြီး မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦးက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ခိုးဆိုးလုနှိုက်မှုများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)



# SME အသေးစားစက်မှုလုပ်ငန်း ဆောင်ရွက်နေမှု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**တောင်ကြီး နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်စက်မှုဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ငွေစံအိမ်ရိုးရာအထည်ချုပ်လုပ်ငန်းသို့ သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

SME အသေးစားစက်မှုလုပ်ငန်း ငွေစံအိမ်ရိုးရာအထည်ချုပ်လုပ်ငန်းပိုင်ရှင် ဒေါ်နန်းစံလှိုင်က မိမိတို့စက်ရုံမှ ထွက်ရှိသောအထည်များကို ပြည်တွင်းဈေးကွက်ဖြစ်သည့် ရန်ကုန်မြို့နှင့်ပတ်ဝန်းကျင် မြို့နယ်များ၊ မန္တလေး၊ ပြင်ဦးလွင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း)၊ ပုဂံ ညောင်ဦးနှင့် ခရီးသွားဧည့်သည် ရောက်ရှိသည့် မြို့များကို ဖြန့်ဖြူးလျက်ရှိပြီး အမျိုးသားဝတ်(အင်္ကျီ၊ ဘောင်းဘီ၊ ဝမ်းဆက်)၊ အမျိုးသမီးဝတ် (အနွေးထည်၊ အင်္ကျီ၊ ဝမ်းဆက်၊ လုံချည်၊ ပတ်လုံချည်၊ စကပ်)၊ ကလေးဝတ်၊ လွယ်အိတ် ဒီဇိုင်းမျိုးစုံ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများသည် ကလောမြို့နယ် ဟဲဟိုးမြို့ ဝါးရုံပင်ကျေးရွာ၌ တည်ထောင်ထားသော Myanmar Belle အခြောက်ခံသီးနှံစက်ရုံသို့ သွားရောက်ကြည့်ရှုရာ ဒါရိုက်တာအဖွဲ့ဝင် ဒေါ်တင်ရဝေအောင်က သီးနှံအခြောက်ခံစက်ရုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ရုံအတွင်း ဂေါ်ဖီထုပ်သီးနှံ အခြောက်ခံဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ အခြောက်ခံသီးနှံစက်ရုံတွင် ဂေါ်ဖီထုပ်၊ မုန်လာဥဖြူ၊ မုန်လာအရွက်၊ မုန်လာဥနီအနည်းငယ်နှင့် အခြောက်ခံ၍ ဂျပန်နိုင်ငံသို့တင်ပို့ကာ ဂေါ်ဖီထုပ်မျိုးစေ့များသည် ဂျပန်မျိုးစေ့ဖြစ်၍ မြန်မာနိုင်ငံ၏ နည်းပညာစနစ်ဖြင့် စိုက်ပျိုးကာ အခြောက်ခံပြီးသော သီးနှံများသည် တစ်လကြာ အထားခံကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြေဩဇာစာချုပ် လက်မှတ်ရေးထိုးပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး စက်ရုံအလုပ်ရုံများ တည်ထောင်ရေးကြီးကြပ်မှုကော်မတီနှင့် ကိုရီးယားနိုင်ငံအခြေစိုက် Tae Kwang Myanmar Co., Ltd. တို့ စက်မှုမြေဩဇာစာချုပ် လက်မှတ်ရေးထိုးပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေခြင်း၊ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရရှိစေခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်စေရန် လာရောက်ရင်းနှီးမြှုပ်နှံမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ စက်ရုံများတည်ဆောက်ပြီး အမြန်ဆုံးလည်ပတ်နိုင်စေရေး မိမိတို့ အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အောင်မြင်သောလုပ်ငန်းတစ်ခုဖြစ်နိုင်ပါစေကြောင်း ဆုတောင်းစကားပြောကြားခဲ့သည်။

ထို့နောက် စက်မှုမြေဩဇာစာချုပ် လက်မှတ်ရေးထိုးခြင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ရှေ့မှောက်၌ ဝန်ကြီး ဦးညွန့်ရွှေ၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းနှင့် ကိုရီးယားနိုင်ငံအခြေစိုက် Tae Kwang Myanmar Co., Ltd. မှ Mr. Lee Leong Seng တို့က မြေဩဇာစာချုပ် လက်မှတ်ရေးထိုးခဲ့ကြပြီး စာချုပ်အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းနောက် Tae Kwang Myanmar Co., Ltd. မှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ကိုရီးယားနိုင်ငံတွင် Tae Kwang Myanmar Co., Ltd. မှ လုပ်ငန်းများဆောင်ရွက်နေမှု မှတ်တမ်းဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ ပံ့ပိုးပေးရန် စင်ကာပူနိုင်ငံအခြေစိုက် Surbana International Consultants (Myanmar) Co., Ltd. နှင့်လည်း နားလည်မှုစာချွန်လွှာ စာချုပ်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)တွင် ကာလတိုသင်တန်းများ သင်တန်းသားရရှိရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၆**

ဥရောပသမဂ္ဂကော်မရှင် (EU)၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ဖွင့်လှစ်မည့် ကာလတိုသင်တန်းများတွင် သင်တန်းသားရရှိရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)တွင် ကျင်းပခဲ့သည်။



တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဒေါ်သီတာဆွေက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ၂၀၁၉-၂၀၂၀ တွင် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၃ ရက်တွင် ကျွမ်းကျင်မှု အခြေပြုကာလတိုသင်တန်းကို ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်ပေးသွားမှာ ဖြစ်ကြောင်း၊ အဆိုပါသင်တန်းများတွင် သင်တန်းသားရရှိရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများက အစုအဖွဲ့အလိုက်ခွဲ၍ အမှန်တကယ်သင်ယူလိုကြသည့် သင်တန်းများ၊ သွားလာနေထိုင်ရေးကိစ္စများနှင့် သင်တန်းပြီးဆုံးချိန်တွင် အမှန်တကယ်အထောက်အကူပြုနိုင်ခြင်း ရှိ/မရှိ ပြန်လည် ဆန်းစစ်ရေးကိစ္စများကို ဆွေးနွေးသုံးသပ်ကြပြီး အဖွဲ့အလိုက် ပြန်လည်တင်ပြကြကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဥရောပသမဂ္ဂကော်မရှင်(EU)၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းကို ၂၀၁၈ မှ ၂၀၂၂ အထိ ငါးနှစ်တာစီမံချက်ကာလတွင် ပထမတစ်နှစ်ဖြစ်သည့် ၂၀၁၈-၂၀၁၉ တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် အစိုးရစက်မှုလက်မှုနည်းပညာ အထက်တန်းကျောင်းစုစုပေါင်း ၆၀ ရှိသည့်အနက်မှ ၁၀ ကျောင်းကို ရွေးဦးစွာ လေ့လာစမ်းစစ်ခြင်းနှင့် စစ်ဆေးခြင်းများကို နေပြည်တော်ရုံးချုပ် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြပြီး ယင်းနောက် ကျောင်းလေးကျောင်းအား Pilot School အဖြစ် ရွေးချယ်ခဲ့ရာ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း) ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနေ (ကျောက်ပန်းတောင်း)**

သတင်းစုံကဏ္ဍ

## အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

**ရေး**

အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က မွန်ပြည်နယ် ရေးမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်စွာဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားကာ သင်တန်းသူ ၅၀ တက်ရောက်ကြသည်။ **အောင်ဖြိုး(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုပပျောက်ရေးပညာပေး

**ဗန်းမော်**

မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ သက်ငယ်မုဒိမ်းမှုကျဆင်းရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက ဗန်းမော်မြို့နယ် အလယ်ရွာကျေးရွာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ကိုကို၊ ရဲအုပ်တင်မင်းလှိုင်နှင့် အလယ်ရွာကျေးရွာ အလယ်တန်းကျောင်းအုပ်ကြီး ဒေါ်စန္ဒာညွန့်တို့က အသိပညာပေးဟောပြောခဲ့သည်။ **လှအောင်(ကသာ)**

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်း၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ပန်းတောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုပပျောက်ရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးက အဖွင့်အမှာစကားပြောကြားပြီး ပန်းတောင်းမြို့မရဲစခန်းမှ ဒုရဲအုပ် ပြည့်ဖြိုးဝင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော သိကောင်းစရာများ၊ ဒုရဲအုပ်ကျော်မင်းဦးက လူကုန်ကူးခံရခြင်း အခြေခံအကြောင်းရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ **အောင်မြင့် (ပန်းတောင်း)**




နိုဝင်ဘာဒုတိယပတ်က ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မြို့မ ရဲစခန်းမှူး ဒုရဲမှူး စိုးနိုင်က အထက(၃)ကျောင်းတွင် မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **ကြေးမုံ**













## Save Lives on Road ဗီဒီယိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင်ကျင်းပမည့် 2nd World Youth Assembly for Road Safety တွင် မြန်မာနိုင်ငံကိုယ်စားပြုတက်ရောက်၍ ကမ္ဘာတစ်ဝန်းမှ လူငယ်များနှင့်အတူ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခွင့်ရရှိမည့် Save Lives on Road Video Clip ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

**ရိုက်ကူးဖော်ပြရမည်**

အဆိုပါပြိုင်ပွဲတွင် တစ်ပွဲလျှင် အဖွဲ့ဝင်သုံးဦး (ကျား/မ)ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် ခုနစ်မိနစ်စာ ဗီဒီယိုရုပ်သံဖိုင်ကို ဖန်တီးရမည်ဖြစ်သည်။ လမ်းအသုံးပြုသူတစ်ဦးအနေဖြင့် မိမိနေထိုင်ရာဝန်းကျင် သို့မဟုတ် ရုံး၊ ကျောင်းသို့ သွားရာလမ်းတစ်လျှောက်တွင် ကြုံတွေ့နေရသော အသက်ဆုံးရှုံး၍ ယာဉ်၊ လမ်းအန္တရာယ် မတော်တဆဖြစ်စေနိုင်သည့် ဖြစ်စဉ်တစ်ခုအကြောင်းကို ရှင်းပြကာ မည်သို့တားဆီးနိုင်မည်ကို ရိုက်ကူးဖော်ပြရမည်ဖြစ်သည်။

အထူးပြုလုပ်ချက် Animation များ၊ နောက်ခံစကားပြောတီးလုံးများ၊ အဖွဲ့ဝင်များ၏ လှုပ်ရှား မှုများကို လွတ်လပ်စွာဖန်တီးနိုင်သည်။ ပါဝင်သည့်အဖွဲ့နှင့် အဖွဲ့ဝင်များ တစ်ဦးချင်းမိတ်ဆက်မှုကို ထည့်သွင်းရိုက်ကူးရမည်။ ထိုရိုက်ကူးမှုကို ကန့်သတ်ချက် ခုနစ်မိနစ်အတွင်း ထည့်သွင်းရေတွက်ခြင်းမပြုပါ။ ရိုက်ကူးပြီးစီးသောရုပ်သံဖိုင်ကို MP-4 ဖိုင်အဖြစ် DVD သို့မဟုတ် USB ဖြင့် Suu Foundation ရုံးအမှတ် ၉၇/က အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၄၂၀၀၃၃၉၆၃ သို့ ဒီဇင်ဘာ ၁ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

**ဆန်ခါတင်ငါးဖွဲ့**

ပြိုင်ပွဲဝင်များသည် အသက် ၁၈ နှစ်မှ ၂၉ နှစ်အတွင်းရှိရမည်။ IELTS Band (6.5)နှင့် ညီမျှသော အင်္ဂလိပ်စာဘာသာကျွမ်းကျင်ရမည်။ IELTS စာမေးပွဲဖြေဆိုထားရန်မလိုအပ်ပါ။ Microsoft Power Point အသုံးပြုနိုင်ရမည်။ နိုင်ငံတကာကဏ္ဍမျိုးစုံအကြောင်းအရာ ဗဟုသုတရှိရမည်။ ဖန်တီးလိုစိတ်ရှိခြင်း၊ စုပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း၊ လူများရှေ့တွင် စကားပြောစွမ်းရည်တို့ရှိရမည်။

ပြိုင်ပွဲဝင်အဖွဲ့များထဲမှ ဆန်ခါတင်ငါးဖွဲ့ ရွေးချယ်မည်ဖြစ်ပြီး အရွေးချယ်ခံရသည့်အဖွဲ့များအား ရန်ကုန်မြို့တွင် နောက်ဆုံးအဆင့် ရွေးချယ်မည်ဖြစ်သည်။ နောက်ဆုံးအနိုင်ရရှိသောအဖွဲ့သည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင်ကျင်းပမည့် 2nd World Youth Assembly for Road Safety သို့ အဖွဲ့လိုက် တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ အသေးစိတ်အချက်အလတ်များကို www.wyaroadsafety.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ အဆိုပါပြိုင်ပွဲကို တိုတယ်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း) က ပံ့ပိုးကူညီသည်။ **အောင်သူရ**

## မျိုးဆက်သစ် လူငယ်ရုပ်ရှင်ဒါရိုက်တာနှင့် ထုတ်လုပ်သူ ဆန်ခါတင်ခြောက်ဖွဲ့ရွေးချယ်



**ရန်ကုန် နိုဝင်ဘာ ၁၆**

ရုပ်ရှင်ရိုက်ကူးသူ မျိုးဆက်သစ်လူငယ်များအား မွေးထုတ်ပေးလျက်ရှိသည့် Myanmar Script Fund အစီအစဉ်သည် ယခုနှစ်အတွက် ပြိုင်ပွဲဝင် ရုပ်ရှင်ဒါရိုက်တာနှင့် ထုတ်လုပ်သူ ဆန်ခါတင်ခြောက်ဖွဲ့ ရွေးချယ်ကြေညာမှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာ၌ ကျင်းပသည်။

အဆိုပါခြောက်ဖွဲ့သည် ပြိုင်ပွဲဝင် အဖွဲ့ ၂၀ ထဲမှ နောက်ဆုံးဆန်ခါတင်အဆင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ထိုခြောက်ဖွဲ့ထဲမှ ထပ်မံကာ တစ်ဖွဲ့ကို ဆက်လက်ရွေးချယ်သွားမည်ဖြစ်ရာ ရွေးချယ်ခံရသောအဖွဲ့သည် ၎င်းတို့ရိုက်ကူးထားသည့် ဇာတ်ကားပရောဂျက်အား နိုင်ငံတကာရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် Locarno, Open Door Hub ၌ ပြသခွင့်နှင့် နိုင်ငံတကာမှ ရုပ်ရှင်ဖန်တီးထုတ်လုပ်သူ၊ ဒါရိုက်တာများနှင့် တွေ့ဆုံခွင့်၊ ဆွေးနွေးခွင့်များအပြင် ရုပ်ရှင်နှင့် ပတ်သက်သည့် လေ့လာခွင့်များပါ ရရှိမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာရုပ်ရှင်ကားတွေ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေမှာ ရွေးချယ်ပြသနိုင်အောင် ကူညီထောက်ပံ့ပေးနေပါတယ်။ ယခု လေးကြိမ်မြောက်မှာ မြန်မာရုပ်ရှင်ကားတွေ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို သွားရောက်ပြသတာ လေးငါးကားရှိပါပြီ။ ဒီမှာဝင်ပြိုင်ခဲ့တဲ့ ဒါရိုက်တာ သည်မော်နိုင်ရဲ့ ဇာတ်ကားပရောဂျက်ဆိုရင် ပြင်သစ်နိုင်ငံ ကန်းရုပ်ရှင်ပွဲတော်မှာ ရွေးချယ်ပြသခံရတယ်။ ဆုဆိုလည်း နှစ်ဆုရထားတယ်။ အဲဒါက ဒီပြိုင်ပွဲရဲ့ တိုးတက်မှုပါပဲ"ဟု Myanmar Script Fund ၏ တွဲဖက်ခေါင်းဆောင် Severine Wemaere က ပြောသည်။

ယခုနှစ်အတွက် ဆန်ခါတင် ရွေးချယ်ခံရသည့် ခြောက်ဖွဲ့မှာ Human ပရောဂျက်ဖြင့် ကိုသန်းလွင်ဦး (ဒါရိုက်တာ)နှင့် မပိုးပိုး (ထုတ်လုပ်သူ)၊ Lucky ပရောဂျက်ဖြင့် ကိုမျိုးမင်းထွေး(ဒါရိုက်တာ)နှင့် The Creative Playground(Producer)၊ The Ballet of A New Bud ပရောဂျက်ဖြင့် မမိုးမြတ်မေဇာခြည်(ဒါရိုက်တာ)၊ မတင်ထက်ပိုင်(ထုတ်လုပ်သူ)နှင့် ကိုသက်ဇော်ဝင်း (ထုတ်လုပ်သူ)၊ Through The Breeze of Night ပရောဂျက်ဖြင့် ကိုမောင်ဘုန်း(ဒါရိုက်တာ)နှင့် ကိုသိဒ္ဓိ (ထုတ်လုပ်သူ)၊ Garuda ပရောဂျက်ဖြင့် ကိုဇော်ဘိုဘို ဟိန်း(ဒါရိုက်တာ)နှင့် ကိုလမင်းဦး (ထုတ်လုပ်သူ)၊ The Rooster ပရောဂျက်ဖြင့် ကိုအောင်မင်း(ဒါရိုက်တာ)၊ ကိုနိုင်ဝင်း(ထုတ်လုပ်သူ)နှင့် မစန်းစန်းဦး(Writer) တို့ဖြစ်ကြောင်း သိရသည်။

Myanmar Script Fund(MSF) အစီအစဉ်သည် ၂၀၁၆ ခုနှစ်မှ စတင်ခဲ့ပြီး ယခု ၂၀၁၉ တွင် လေးကြိမ်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်စဉ်ပြိုင်ပွဲဝင်များကို ဇွန်နှင့် ဇူလိုင်လများတွင် ခေါ်ယူခဲ့ပြီး စက်တင်ဘာလတွင် ဖောင်ပိတ်ကာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း အကဲဖြတ်ဒိုင်များက စိစစ်ရွေးချယ်ခဲ့ပြီး ယခု နောက်ဆုံး ဆန်ခါတင်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-မိုးမြင့်မောင်**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲပြုလုပ်



**နတ်တလင်း နိုဝင်ဘာ ၁၆**

လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးများတွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး-၂ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်က လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကဆောင်ရွက်မှုလုပ်ငန်းများမှာပြည်သူများအတွက် ကိုယ်စားပြုရေး၊ ဥပဒေပြုရေး၊ ပေါင်းစပ်ဆောင်ရွက်ရေးတို့ပင်ဖြစ်ကြောင်း၊ ကိုယ်စားပြုရေးတွင်မြို့နယ်အတွင်းဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေးတွင် လွှတ်တော်၌ ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခြင်း၊ ခေတ်နှင့်လျော်ညီသည့်ဥပဒေများကို အသစ်ရေးဆွဲခြင်းများကို ရေးရာကော်မတီဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရခြင်း၊ ကျေးရွာအုပ်စု၊ ရပ်ကွက်နေ ပြည်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနသို့တင်ပြလျှင် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း မိတ္တူပေးစေလိုကြောင်း၊ ဒါမှသာ ဝန်ကြီးဌာနကို သေချာစွာ ပြောပြနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြား၍ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသက်နိုင်က နွေစပါးစိုက်ပျိုးကြမည့် လယ်ဧကများ စာရင်းကို မိမိတို့ဌာနသို့ စာရင်းပေးပို့ကြစေလိုကြောင်း၊ သို့မှသာ ရေပေးဝေမှုတွင် အဆင်ပြေစွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မီးအန္တရာယ်မဖြစ်ပေါ်စေရန် သတိပြုစေလိုကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့ဒေသအတွင်း မီးဘေးသတိမူရေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ပြောပြသွားကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**



## မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ နိုဝင်ဘာ ၁၄ ရက် ည ၇ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးမြထွန်းကျော်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဟောပြောခဲ့ရာ လွတ်လပ်ရေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်လှလှအေးနှင့်အဖွဲ့၊ ရပ်ကွက်နေပြည်သူစုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



နိုဝင်ဘာ ၁၅ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် နတ်မောက်လမ်းရှိ စင်ကာပူ စက်မှုကျောင်းရှေ့တွင် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း ဦးဆောင်၍ မှုခင်းမဖြစ်ပွားစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးခဲ့ကြစဉ်။ **တင်ဝင်းတင်**

## လက်ပံတန်းမြို့နယ်တွင် စာအုပ်စာစောင် ချစ်မြတ်နိုးသူများနှင့် စာဖတ်ဝိုင်းပြုလုပ်

**လက်ပံတန်း နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းက ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ စာအုပ်ဖြင့် စာဖတ်ဝိုင်းကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူများနှင့် စာပေဝါသနာရှင်များ စာပေအမြဲမပြတ်ဖတ်ရှုနိုင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန်၊ စာပေစကားများ ဝိုင်းဝန်းဆွေးနွေးတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများ လစဉ်ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ရှင်းလင်းပြောကြားခဲ့သည်။




ဆက်လက်၍ စာဖတ်ဝိုင်းကို ပြုလုပ်ရာ Book Club ဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်း-ရွှေတောင်)၊ အဖွဲ့ဝင် ဦးစောမြင့်၊ ဦးသန်းညွန့်၊ ဦးတင်လှ (ကောင်းကောင်း-လက်ပံတန်း)တို့က ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ စာအုပ်ပါ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးရာ ကျောင်းသားကျောင်းသူများက စာအုပ်ပါ အကြောင်းအရာများအပေါ် သုံးသပ်ခံစား၍သိရှိလိုသည်များကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းတွင် Book Club၊ Woman Club နှင့် Youth Club အဖွဲ့ဝင်များ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြသည်။ **မောင်ရွှေဝင်း (ပြည်)**

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် နိုဝင်ဘာ ၁၇ ရက်တွင် ပြန်လည်လေ့ကျင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**
ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး နိုဝင်ဘာ ၁၇ ရက်တွင် ပြန်လည် လေ့ကျင့်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြန်လည်မလေ့ကျင့်မီ အပြီးသတ်ကစားသမား ၂၀ ရွေးချယ်သွားမည်ဖြစ်ရာ တရုတ်ခရီးစဉ်သို့ ခေါ်ဆောင်သွားသည့် ကစားသမား ၂၇ ဦးအနက် ခုနစ်ဦးလျှော့ချကာ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက်နောက်ဆုံးပြင်ဆင်မှုအဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် တရုတ်(တိုင်ပေ) လက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဦးဝင်းသူမိုး၊ နည်းပြချုပ်-ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြ ဦးခင်မောင်ထွေး၊ ဒေါ်သန်းသန်းထွေး၊ ဒေါ်မာလာဝင်း၊ ဂိုးနည်းပြ- ဦးမြကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-မေဇင်နွယ်၊ သန္တာဦး၊ မြဖူးငုံ၊ **နောက်တန်း**-အိရတနာဖြိုး၊ အေးအေးမိုး၊ ဝေဝေအောင်၊ ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ **အလယ်တန်း**-ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ငယ်ငယ်ထွေး၊ ခိုင်သဇင်ဦး၊ ရီရီဦး၊ လဲ့လဲ့လှိုင်၊ မြတ်နိုးခင်၊ နုနု၊ ခင်မိုးဝေ၊ မေသူကျော်၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း**-ဂျူလိုင်ကျော်၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်တို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စက်တင်ဘာလလယ်ကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ သွားရောက်လေ့ကျင့်ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် တရုတ်ခရီးစဉ်တွင် တရုတ်ကလပ်ကျန်းဆုဆန်းနင်းအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သော်လည်း တရုတ်လူငယ်အသင်းနှင့် ကစားသည့်ခြေစမ်းပွဲနှစ်ပွဲတွင် ပထမပွဲ၌ လေးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲ၌ တစ်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



## မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က သက်ကြီးဝါရင့်အားကစား ကလောင်ရှင်ကြီးများအား ကန်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**
မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က စီစဉ်သည့် ၂၀၁၈ ခုနှစ်အတွက် အသက် ၇၀ အထက် သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ကန်တော့ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သက်ကြီး ဝါရင့်အားကစား ကလောင်ရှင်ကြီးများအား ကန်တော့ပွဲကို ၂၀၀၈ ခုနှစ်မှ စတင်၍ နှစ်စဉ်နှစ်တိုင်းကျင်းပလာခဲ့ရာ ယခု (၁၁) ကြိမ်မြောက် စီစဉ်ကျင်းပခြင်းဖြစ်ကာ မြန်မာ့အားကစားနယ်ပယ်အတွက် အကျိုးပြုစာပေများကို အစဉ်တစိုက် ရေးသားခဲ့ပြီး အားကစားကလောင်ရှင်အဖြစ် အများပြည်သူလေးစား အသိမှတ်ပြုခြင်း ခံခဲ့ရသည့် သက်ကြီးဝါရင့် အားကစားကလောင်ရှင် ၂၂ ဦးတို့အား ကန်တော့မည်ဖြစ်သည်။ **ခင်ခင်ဝင်း(ပညာရေး)**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ဆဋ္ဌမပွဲစဉ်) ကျင်းပမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၆**
မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ အင်းဝဘဏ် လီမိတက်က အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဆဋ္ဌမပွဲစဉ်) ကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား)(H'cap 0-12) ဝါသနာရှင်အဆင့် (အမျိုးသမီး) (H'cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေး ပေးသွင်းထားသူများသည် နိုဝင်ဘာ ၁၉ ရက်တွင် Official Practice Round ကစားရမည်ဖြစ်သည်။ အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန် လိုအပ်ပြီး အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ပြိုင်ပွဲဝင်ကစားသမားများအတွက် နိုဝင်ဘာ ၁၈ ရက် နံနက် ၆ နာရီတွင် ၉ မိုင် ဂေါက်ကွင်းပြည်လမ်းမှ ပြင်ဦးလွင်သို့ Player Bus ထွက်ခွာမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

## လူငယ်စားပွဲတင်တင်းနစ်အားကစား အတန်းသုံးတန်းယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၁၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပူးပေါင်းစီစဉ်မှုဖြင့် မျိုးဆက်သစ်စားပွဲတင်တင်းနစ် ကစားသမားလူငယ်များပေါ်ထွက်လာရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျွန်းတောလမ်းရှိ Time City Jewellery Mall ၌ Royal-D FUTURE STAR CUP 2019 ပြိုင်ပွဲဖွင့်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားပွဲတင်တင်းနစ်ကစားသမားလူငယ် ၁၀၀ ခန့်ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

"ဒီလိုပြိုင်ပွဲတွေ ကျင်းပတာကနေ နိုင်ငံနှင့်တစ်ဝန်း စားပွဲတင်တင်းနစ် လူငယ်မျိုးဆက်သစ်ကစားသမားတွေ ပေါ်ထွက်လာဖို့ဖြစ်ပါတယ်။ ဒါမှသာနိုင်ငံတော်အတွက် အားထားရမယ့် မြန်မာ့လက်ရွေးစင်ကစားသမားကောင်းတွေ အနာဂတ်မှာပေါ်ထွက်လာမှာပါ။ ဒါ့အပြင် လူထုကြားမှာ ဒီစားပွဲတင်တင်းနစ်အားကစားက ကျယ်ပြန့်လာမှာပါ။ ဒါကြောင့် ဒီလိုပြိုင်ပွဲတွေကို နှစ်စဉ်နှစ်တိုင်းကျင်းပနိုင်ဖို့ လို့အပ်ပါတယ်"ဟု မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြိုင်ပွဲဖွင့်ပွဲတွင် ရှင်းလင်းပြောပြသည်။

ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Wow Sports တို့ကပူးပေါင်းကာ သုံးကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**



## ကမ္ဘာ့လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန် ပေါင်းတည်မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ပေါင်းတည် နိုဝင်ဘာ ၁၆**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ ငြိမ်းချမ်းရွှေတည်ပြည်သူ့ပန်းခြံတွင် MMA One Championship ကမ္ဘာ့လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန်နှင့်အကျိုးဆောင်တောင်သူများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက်က ၁၀ နာရီက ကျင်းပခဲ့သည်။

မြန်မာ့ဩဘာကုမ္ပဏီလီမိတက်၏ပံ့ပိုးကူညီမှု ပေါင်းတည်မြို့နယ် မြန်မာ့ဩဘာကိုယ်စားလှယ် ဦးစိုးဝင်း-ဒေါ်သင်းသင်းလဲ့ ပန်လွင်စိုက်ပျိုးရေးပစ္စည်းဆိုင်တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင် MMA One Championship ကမ္ဘာ့လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန်နှင့် အကျိုးဆောင်တောင်သူများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲပြုလုပ်ခဲ့ပြီး ၎င်း၏ ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ဒေသခံပြည်သူများနှင့် လူငယ်များအား ရည်မှန်းချက်ထား၍ ကြိုးစားကြရန်နှင့် စုစုစည်းစည်းပူးပေါင်းဆောင်ရွက်ကြရန် အားပေးစကားပြောကြားပြီး နိုင်ငံခြားတွင် ပညာရပ်များဆည်းပူးလေ့လာသင်ယူမည်ဖြစ်ကာ မြန်မာနိုင်ငံတွင် မိသားစုနှင့်အတူ အခြေချနေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

## ဆီးဂိမ်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၃ မျိုးအတွက် ရွှေတံဆိပ်ဆု ၂၀ ရရှိရန် မျှော်မှန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**
ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့်အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၃ မျိုးအတွက် ရွှေတံဆိပ်ဆု ၂၀ ရရှိရန် မျှော်မှန်းထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

အကြိမ် (၃၀) မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲ၌ အားကစားနည်း ၅၆ မျိုးအထိ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကစားနည်း ၃၁ မျိုးတွင် အားကစားသမားများနှင့် အုပ်ချုပ်မှုအဖွဲ့များ အပါအဝင် စုစုပေါင်း ၅၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

''ရန်ကုန်မြို့မှာဆိုရင်တော့ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တွေကနေ ပြိုင်ပွဲဝင်များအတွက်အနီးကပ်တာဝန်ယူလေ့ကျင့်ပေးနေသလို နိုင်ငံတော်အစိုးရတာဝန်ရှိသူတွေကလည်းလိုအပ်တာများကိုအမြဲမပြတ်ဆောင်ရွက်ပေးနေပါတယ်၊နေပြည်တော်ကအားကစားလေ့ကျင့်ရေးစခန်းမှာ ဆိုရင်လည်း ပြိုင်ပွဲဝင်များအနေနဲ့စဉ်ဆက်မပြတ်လေ့ကျင့်နေကြပါတယ်၊ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ သူတို့နိုင်ငံရဲ့ရိုးရာအားကစားနည်းများထည့်သွင်းယှဉ်ပြိုင်ကြတာဖြစ်သလို အားကစားနည်းအသစ်များကိုထည့်သွင်းကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ မြန်မာ့သိုင်းအဖွဲ့ချုပ်မှတာဝန်ယူဆောင်ရွက်တဲ့ တုတ်သိုင်းပါဝင်မှာ ဖြစ်ပါတယ်၊ ဒီနှစ် ဆီးဂိမ်းပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားနည်း ၁၃ မျိုးအတွက် ရွှေတံဆိပ်ဆု ၂၀ ရရှိရန်မျှော်မှန်းထားပါတယ်၊ပြီးတော့ဌာနအနေနဲ့ ဆီးဂိမ်းအတွက် လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသလို ဆီးဂိမ်းမှာအောင်မြင်မှုရလာတဲ့သူများအတွက်လည်း ဆုတံဆိပ်များကို ထိုက်တန်စွာချီးမြှင့်ဖို့လုပ်ထားပါတယ်'' ဟု နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အောင်ဆန်းမိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဆီးဂိမ်းအားကစားသမားများအတွက် မိုင်လို(Milo) မှ ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အပြီးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောသည်။

ကရာတေးဒို အားကစားနည်း အမျိုးသမီးတစ်ဦးချင်း အပြပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မသဇင်အေးကလည်း ''သမီးကတော့ပြည်တွင်းပြည်ပပွဲတွေအမြဲဝင်ရောက်ယှဉ်ပြိုင်နေကျပါ၊ ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ကန့်ဝင်ပြီး ပြင်ဆင်လေ့ကျင့်နေသလို နားချိန်မှာလည်း နားချိန်အပြည့်ယူပြီး လေ့ကျင့်နေပါတယ်၊ ခုချိန်အထိ ဆုတံဆိပ်စုစုပေါင်း ရွှေတံဆိပ်ရှစ်ဆု၊ ငွေတံဆိပ်သုံးဆုနဲ့ ကြေးတံဆိပ်သုံးဆု ဆွတ်ခူးရရှိခဲ့တာဆိုတော့ ဒီနှစ်ဆီးဂိမ်းအတွက် လည်း သမီးတို့က အားလုံး ၁၃ ဦး သွားပြိုင်မှာဆိုတော့ ရွှေတံဆိပ်ဆုအများကြီး မျှော်မှန်းထားပါတယ်၊ အကောင်းဆုံးကြိုးစားသွားမှာပါ''ဟုပြောသည်။

အကြိမ်(၃၀)မြောက်ဆီးဂိမ်းပြိုင်ပွဲ၌ အားကစားနည်း ၁၃ မျိုးခန့်အတွက် ရွှေတံဆိပ်ဆုများ မျှော်မှန်းကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**



# ဘိုင်ယန်သို့ပြောင်းရွှေ့ရန် မန်စီးတီးမှ ဆာနေး ထွက်ခွာမည်

မန်စီးတီး တောင်ပံကစားသမား လီရွိုင်းဆာနေးဟာ လာမယ့်နှစ်မှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့ကစားဖို့ ရည်ရွယ်ထားတဲ့အတွက် အီတီဟက်ဒ်ကနေ ထွက်ခွာဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဆာနေးကို ခေါ်ယူဖို့ ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ဆန္ဒရှိခဲ့တာဖြစ်ပြီး ဩဂုတ်လအတွင်းက ညာဒူးဒဏ်ရာရရှိခဲ့တာကြောင့် ဆာနေးရဲ့ ဒဏ်ရာနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတဲ့အချိန်အထိ ဘိုင်ယန်မြူးနစ်က စောင့်ကြည့်နေခဲ့တာ ဖြစ်ပါတယ်။

ဆာနေးရဲ့ စာချုပ်သက်တမ်းဟာ ၁၂ လ ကျန်ရှိနေသေးပြီး မန်စီးတီးအသင်းအနေနဲ့ အသက် ၂၃ နှစ်အရွယ်ရှိ ဆာနေးရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၁၃၇ သန်းအထိ သတ်မှတ်ထားတယ်လို့ သိရပါတယ်။ ဆာနေးအနေနဲ့ မန်စီးတီးအသင်းကနေ ထွက်ခွာမယ်ဆိုရင် သူ့နေရာမှာ အစားထိုးကစားသမား ခေါ်ယူသွားဖို့လည်း အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

ဆာနေးဟာ မန်စီးတီးအသင်းကစားသမားတွေထဲမှာ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ ဩဂုတ်လအတွင်းက ဝင်ဘလေမှာယှဉ်ပြိုင်ကစားခဲ့တဲ့ ကွန်မြူနတီဒိုင်း ပွဲစဉ်ကတည်းက ဒဏ်ရာရရှိနေခဲ့တာ ဖြစ်ပါတယ်။

တောင်ပံကစားသမား ဆာနေးဟာ ၂၀၁၆ ခုနှစ်က ရှော်လ်ကေးအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၄၂ သန်းနဲ့ မန်စီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အီတီဟက်ဒ်ကို ရောက်ရှိလာခဲ့ချိန်ကစလို့ ၁၃၄ ပွဲ အထိ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၃၉ ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။



ဆာနေးဟာမန်စီးတီးအသင်းကနေ ထွက်ခွာဖို့စီစဉ်နေတဲ့အပြင် ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားကလည်း အခု ပရီမီယာလိဂ်ဘောလုံးရာသီကုန်မှာ မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်း ကုန်ဆုံးမှာဖြစ်လို့ စပိန်ကွင်းလယ်ကစားသမား အင်နီယေစတာ ကစားလျက်ရှိတဲ့ ဂျပန်ဂျေလိဂ်ကလပ် ဗစ်ဆယ်ကိုဘီအသင်းကို ပြောင်းရွှေ့ကစားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ငွေကြယ်- စုစည်းသည်



## လေးနှစ်အတွင်း ပထမဆုံး နိုင်ငံတကာသွင်းဂိုးတစ်ဂိုး ကာဇိုလာသွင်းယူ

ကွင်းလယ်ကစားသမား ဆန်တီကာဇိုလာဟာ ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်မှာ အုပ်စုအဆင့်ပွဲစဉ်အဖြစ် မော်လ်တာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဲဒီပွဲစဉ်မှာ စပိန်အသင်းက မော်လ်တာအသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းဟာ အဲဒီလိုအနိုင်ရရှိခဲ့လို့ အုပ်စုအဆင့်မှာ ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့တာဖြစ်ပြီး စပိန်အသင်းအတွက်သွင်းဂိုးတွေကို ၂၃ မိနစ်မှာ မိုရက်တာ၊ ၄၁ မိနစ်မှာ ကာဇိုလာ၊ ၆၂ မိနစ်မှာ ပါအူတောရက်စ်၊ ၈၃ မိနစ်မှာ ဆရာဘီယာ၊ ၆၉ မိနစ်မှာ အိုလ်မို၊ ၇၁ မိနစ်မှာ မိုရီနိုနဲ့ ၈၅ မိနစ်မှာ နာဗက်စ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။


စပိန်အသင်းနဲ့ မော်လ်တာအသင်းတို့ရဲ့ ပွဲစဉ်မှာစပိန်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမားကာဇိုလာဟာ လေးနှစ်အတွင်း ပထမဆုံး နိုင်ငံတကာသွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

ကာဇိုလာဟာ စပိန်လက်ရွေးစင်အသင်းအတွက် နောက်ဆုံးသွင်းယူခဲ့တဲ့ နိုင်ငံတကာသွင်းဂိုးကတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းကစားခဲ့တဲ့ အင်္ဂလန်အသင်းနဲ့ပွဲစဉ်မှာ တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ စပိန်အသင်းက အင်္ဂလန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

# အနုပညာ

## ဆွမ်မန်းဒပ်စ်နဲ့ တေးသီချင်းသစ်တွေ ပူးပေါင်းဖန်တီးသွားမှာဖြစ်ကြောင်း ကမ်မီလာကပ်ဘဲလို ဆို

ပေါ့ပ်ကြယ်ပွင့် ကမ်မီလာကပ်ဘဲလိုဟာ လတ်တလောမှာ Time Next 100 Gala ပွဲကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ဒီအခမ်းအနားရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ် ပေါ့ပ်ကြယ်ပွင့်ကို သူ့ရဲ့ချစ်သူ ဆွမ်မန်းဒပ်စ်နဲ့ တေးသီချင်းတွေ



ပူးပေါင်းဖန်တီးသွားဖို့ရာ အစီအစဉ်နဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာ ပေါ့ပ်ကြယ်ပွင့်က သူတို့နှစ်ဦးကို တေးသီချင်းတွေမှာ အတူတွေ့မြင်ရမှာဖြစ်ကြောင်း ဖြေကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုက နိုဝင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့တဲ့ တွေ့ဆုံပွဲမှာ တေးအယ်လ်ဘမ်သစ်အကြောင်း ဖြေကြားရင်း ချစ်သူတေးသံရှင် ဆွမ်မန်းဒပ်စ်နဲ့ ပူးပေါင်းဆောင်ရွက်မယ့်အကြောင်းကို ဖြေကြားခဲ့တာဖြစ်ပါတယ်။ ကမ်မီလာကပ်ဘဲလိုက သူနဲ့ ဆွမ်မန်းဒပ်စ်တို့ဟာ ဘဝမှာ အတူပူးပေါင်းဆောင်ရွက်နေတာဖြစ်ကြောင်း၊ ဒါကြောင့် သူတို့နှစ်ဦးကို တေးသီချင်းတွေမှာ အတူတွေ့မြင်သွားရမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

မကြာမီထွက်ရှိတော့မယ့် ကမ်မီလာကပ်ဘဲလိုရဲ့ Romance တေးအယ်လ်ဘမ်မှာလည်း သူနဲ့ဆွမ်မန်းဒပ်စ်တို့ရဲ့ အချစ်ဇာတ်လမ်းအကြောင်း ရေးသားထားတဲ့ တေးသီချင်းတွေ ပါဝင်နေပြီး ဒီတေးအယ်လ်ဘမ်မှာ အချစ်သီချင်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ကမ်မီလာကပ်ဘဲလိုက လက်ရှိမှာ သူဟာ အချစ်ကိုခံစားနေရသူတစ်ဦးဖြစ်ပြီး ဒီခံစားချက်တွေက သူ့ရဲ့ တေးအယ်လ်ဘမ်သစ်အပေါ် လွှမ်းမိုးထားတာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာ ပေါ့ပ်ကြယ်ပွင့်ရဲ့ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း အချစ်နဲ့ပတ်သက်ပြီး ခံစားခဲ့ရသမျှတွေ ပါဝင်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ကမ်မီလာကပ်ဘဲလိုဟာ ကမ္ဘာကျော်မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ TIME မဂ္ဂဇင်းကြီးရဲ့ နိုဝင်ဘာ ၂၅ ရက်ထုတ် မဂ္ဂဇင်းအတွက် မျက်နှာဖုံးရှင်အဖြစ်လည်း ဖော်ပြခြင်းခံခဲ့ရပါတယ်။ အနာဂတ်မျိုးဆက်သစ် ၁၀၀ အတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ မဂ္ဂဇင်းမှာ ကမ်မီလာကပ်ဘဲလိုက မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခံခဲ့ရတဲ့အပေါ် ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံနဲ့အတူ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနဲ့ ကျေးဇူးတင်မိကြောင်း ထည့်သွင်းရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ကမ်မီလာကပ်ဘဲလိုဟာ လက်ရှိမှာ ၂၀၁၉ ခုနှစ် အမေရိကန်တေးဂီတဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေသွားဖို့ရာ ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။

ကမ်မီလာကပ်ဘဲလိုရဲ့ တေးအယ်လ်ဘမ်သစ် Romance ကို လာမယ့် ဒီဇင်ဘာ ၆ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်



## နယူးယောက်မှာ ရုပ်ရှင်ရိုက်နေတဲ့ ဂျနီဖာလိုပက်ဇ်

ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ဟာ လတ်တလောမှာ နယူးယောက်မှာ ရုပ်ရှင်သစ်တစ်ကားကို ရိုက်ကူးနေတာဖြစ်ပါတယ်။ သူ့ရဲ့ ရုပ်ရှင်သစ်က Marry Me လို့ အမည်ရပြီး အချစ်ရုပ်ရှင်အမျိုးအစားဖြစ်တယ်လို့လည်း သိရပါတယ်။

Marry Me မှာ ဂျနီဖာလိုပက်ဇ်ဟာ အိုဝန်ဝေဆန်နဲ့တွဲဖက်ကာ ခေါင်းဆောင်အဖြစ် ပါဝင်ထားတာဖြစ်ပြီး ပြီးခဲ့တဲ့သောကြာနေ့က ရိုက်ကွင်းမှာ ဂျနီဖာလိုပက်ဇ်ဟာ အပြုံးတွေဝေဆာနေပြီး အိုဝန်ဆီက လက်ဆောင်လက်ခံရရှိခဲ့တဲ့ အခန်းကို ရိုက်ကူးနေတာကိုလည်း တွေ့ရပါတယ်။

အဆိုပါရုပ်ရှင်မှာ ဂျနီဖာလိုပက်ဇ်ဟာ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ သူပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ စေ့စပ်ထားတဲ့ ချစ်သူရဲ့ သစ္စာဖောက်မှုနဲ့ ကြုံတွေ့ခဲ့ရပြီးနောက် သာမန်ယောကျ်ားတစ်ဦးနဲ့ တွေ့ဆုံကာ ချစ်ကြိုက်ခဲ့ပါတယ်။ နောက်ဆုံးမှာ အချစ်ကိုရွေးချယ်ကာ သာမန်အမျိုးသားတစ်ဦးနဲ့ လက်ထပ်ခဲ့တဲ့အကြောင်း ပုံဖော်ထားတာဖြစ်ပါတယ်။

Marry Me ဟာ ဂျနီဖာလိုပက်ဇ်နဲ့ အိုဝန်ဝေဆန်တို့ ဒုတိယအကြိမ် တွဲဖက်ရိုက်ကူးထားတဲ့ ရုပ်ရှင်ဖြစ်ပြီး အဆိုပါရုပ်ရှင်ကို လာမယ့် ၂၀၂၀ ပြည့်နှစ်အတွင်း ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဆေးတက္ကသိုလ်များတွင် စတင်ပြောင်းလဲသင်ကြားတော့မည့် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းအသစ်အကြောင်း

မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစ၍ သင်ရိုးညွှန်းတမ်းအသစ်ဖြင့် စတင်ပြောင်းလဲသင်ကြားတော့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားရေး (Medical Education)သည် ဗြိတိသျှကိုလိုနီခေတ် ၁၉၀၇ ခုနှစ်မှစ၍ ဆေးကုသရေးလိုင်စင်ရသင်တန်း (Licentiate of Medical Practice: LMP) အဖြစ် ယခင်ရန်ကုန်ဆေးရုံကြီးနေရာတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းကာလ လေးနှစ်ဖြစ်ပါသည်။ ၁၉၂၃ ခုနှစ်မှစတင်၍ ခြောက်နှစ်တာ ဆေးပညာဘွဲ့သင်တန်း (MBBS) အဖြစ် တိုးမြှင့်သင်ကြားခဲ့ရာ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံဆေးတက္ကသိုလ်မှ ပေးအပ်သော MBBS ဘွဲ့သင်တန်းကို ဗြိတိသျှဆေးကောင်စီ (General Medical Council of Great Britain) က အသိအမှတ်ပြုခဲ့ပြီး ကမ္ဘာ့အဆင့်အတန်းမီ ဆေးပညာရှင်များကို မွေးထုတ်နေခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ကြာမြင့်ခဲ့သော ဆေးပညာသင်ကြားရေးသမိုင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအဆက်ဆက် ဆေးတက္ကသိုလ်များ၏ အမည်နာမကို Government medical School၊ Medical College၊ Institute of Medicine၊ University of Medicine စသည်ဖြင့် ပြောင်းလဲခဲ့ပါသည်။ ဆေးပညာသင်ကြားရေးညီလာခံများကို ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး ဆေးပညာသင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီဖြစ်ရန် ပြုပြင်ပြောင်းလဲမှုများရှိခဲ့ပါသည်။ သို့သော် ရှေးယခင်မှစ၍ ကျင့်သုံးသော ဘာသာရပ်အခြေပြုသင်ကြားခြင်းပုံစံ (Discipline Based Curriculum Model) အတွင်း၌သာ သင်ကြားသည့်အကြောင်းအရာ၊ သင်ကြားပုံနည်းစနစ်နှင့် စမ်းစစ်ခြင်း (Content၊ Teaching Methods၊ Assessment) များကို ဘာသာရပ်တစ်ခုစီအတွင်း၌သာ ပြောင်းလဲခဲ့ခြင်းဖြစ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ဒသမအကြိမ် ဆေးပညာသင်ကြားရေးညီလာခံမှ ကမ္ဘာတစ်ဝန်း တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်သင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု နည်းပညာများနှင့် လိုက်လျောညီထွေရန်အတွက် မြန်မာနိုင်ငံ၏ ဆေးတက္ကသိုလ်သင်ရိုးများကို ဘာသာရပ်အခြေပြုသင်ရိုးမှ မျှော်မှန်းရလဒ်အခြေပြုသော ဘာသာရပ်များအချင်းချင်း ချိတ်ဆက်သင်ကြားသည့်သင်ရိုး (Outcome Based Integrated Curriculum)သို့ ပြောင်းလဲရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၎င်းသင်ရိုးညွှန်းတမ်း ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနရှိ ဆေးတက္ကသိုလ်အားလုံးမှ ပါမောက္ခချုပ်များနှင့် ဝါရင့်ပါမောက္ခကြီးများပါဝင်၍ ဆေးပညာသင်ကြားရေးတွင် အတွေ့အကြုံများစွာရှိသော ပါမောက္ခချုပ်(ငြိမ်း)၊ ဂုဏ်ထူးဆောင်ပါမောက္ခ၊ ပါမောက္ခဒေါက်တာ အေးမောင်ဟန် ဦးဆောင်သော “Outcome Based Integrated Curriculum” ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါကော်မတီဖွဲ့စည်းပြီးချိန်မှစ၍ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတကာမှ ဆေးပညာသင်ကြားရေး၊ ကျွမ်းကျင်ပညာရှင်များဦးဆောင်သော သင်တန်းများ စသည်တို့ကို စုစုပေါင်း အကြိမ် ၇၀ ကျော် ပြုလုပ်ခဲ့ပါသည်။ နိုင်ငံခြားတက္ကသိုလ်များ (UK၊ USA၊ Singapore၊ Korea၊ Japan၊ Hong Kong)တို့သို့လည်း လေ့လာရေးအဖွဲ့များကို စေလွှတ်ခဲ့ပါသည်။ သင်ရိုးညွှန်းတမ်း အသေးစိတ်ရေးဆွဲခြင်း (Curriculum Blue Print) ကို အမေရိကန်နိုင်ငံ Johns Hopkins University၊ School of Medicine တွင် သင်ရိုးပြောင်းလဲခြင်းကို ဦးဆောင်ခဲ့သော အဖွဲ့ဝင်တစ်ဦးဖြစ်သည့် Professor Catherine D Angelis အား ကျွမ်းကျင်ပညာရှင်အဖြစ် အကြံဉာဏ်ပေး၊ လမ်းညွှန်မှုပြုလုပ်နိုင်ရန် ဌားရမ်းခဲ့ပါသည်။ မြန်မာပြည်၏ အခြေအနေနှင့်ကိုက်ညီသော သင်ရိုးအား မြန်မာ့ဆေးတက္ကသိုလ်များ၏ ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမများပါဝင်သော အဖွဲ့များကို အတန်းလိုက်၊ မော်ဂျူး (Module) အလိုက် ဖွဲ့စည်းကာ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

### သင်ရိုးသစ်၏ ဝိသေသထူးခြားချက်များ

ခေတ်သမိုင်းတစ်လျှောက် လူ့ဘောင်အဖွဲ့အစည်းများသည် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြပါသည်။ ပြုပြင်ပြောင်းလဲမှုတိုင်းသည် အခြေအနေ အချိန်အခါနှင့် သမိုင်း၏ လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲခဲ့ကြခြင်းသာ ဖြစ်ပါသည်။ မြန်မာပြည် ဆေးပညာသင်ကြားရေး၏သင်ရိုးကို ပြောင်းလဲခြင်းသည်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။ ယခင်သင်ရိုးဟောင်းတွင် ကောင်းသည့်အချက်များစွာ ရှိပါသည်။ ထိုသင်ရိုးဖြင့် သင်ကြားတတ်မြောက်ခဲ့သော မြန်မာပြည်မှ ဆရာဝန်များလည်း ကမ္ဘာအရပ်ရပ် နိုင်ငံတကာတွင် ရပ်တည်နိုင်ကြ၊ အောင်မြင်နေကြသည်ပင် ဖြစ်ပါသည်။ သို့သော် ၂၁ ရာစုခေတ်၏ တိုးတက်ပြောင်းလဲလာသော ပညာရပ်ဆိုင်ရာနည်းပညာ၊ သင်ကြားသင်ယူမှုဆိုင်ရာ နည်းစနစ်များအပြင် ကမ္ဘာနှင့်တစ်ဝန်း ပြောင်းလဲကျင့်သုံးလာသည့် သတင်းအချက်အလက် ဖြန့်ဝေမှုနည်းပညာများကြောင့် မြန်မာ့ဆေးပညာသင်ကြားရေးသည်လည်း လိုက်လျောညီထွေပြောင်းလဲရခြင်း ဖြစ်ပါသည်။

ဆေးပညာသည် လူနာကိုအခြေပြု၍ လူနာခံစားရသော ရောဂါဝေဒနာအား ကုသပေးခြင်းဖြစ်သောကြောင့် ဘာသာရပ်တစ်ခုချင်း (ဥပမာ-ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ)ကို အစမှအဆုံး တစ်ဘာသာချင်း သီးခြားသင်ကြားခြင်းထက် ပိုမို၍ထိရောက်သော ဘာသာရပ်အချင်းချင်း ပူးပေါင်းချိတ်ဆက်ပြီး လူ့ခန္ဓာကိုယ်၏ ပုံမှန်ဇီဝကမ္မဖြစ်စဉ်များအကြောင်း၊ ၎င်းပုံမှန်အခြေအနေမှ ရောဂါဝေဒနာပေါ်ပေါက်လာရသော ရောဂါဗေဒဖြစ်စဉ်များအကြောင်း၊ ၎င်းဝေဒနာပေါ်ပေါက်ရခြင်း အကြောင်းတရားကို ပြန်လည်တည့်မတ်ကုသပေးသော ဆေးဝါးကုထုံးများ၏ အကြောင်းတို့ကို ဆက်စပ်ပူးပေါင်း၍ လူနာ (သို့မဟုတ်) ရောဂါကို အခြေပြုပြီး သင်ကြားသည့် သင်ရိုးညွှန်းတမ်းအသစ်ဖြစ်ပါသည်။ ဆေးတက္ကသိုလ်များမှ ပညာဆည်းပူးပြီး အောင်မြင်သွားသော ဘွဲ့ရဆရာဝန်တစ်ယောက်တွင် ရှိသင့်ရှိအပ်သော ဆေးပညာရပ်ဆိုင်ရာ ဗဟုသုတ (Knowledge)၊ ဆေးကုသခြင်းဆိုင်ရာ အတတ်ပညာကျွမ်းကျင်မှု(Skills) နှင့် သမားကောင်းတစ်ယောက်၏ ကျင့်ဝတ်သီလနှင့် စိတ်ခံယူမှု (Attitude) ဟူသော ဒေါက်တိုင်ကြီးသုံးခုကိုအခြေခံပြီး ဆေးပညာဘွဲ့ရ ကျောင်းသားတစ်ယောက် မဖြစ်မနေတတ်ကျွမ်းသွားရမည့် အသေးစိတ်အချက်အလက်များကို မိမိတို့တက္ကသိုလ်များ၏ ဆေးပညာသင်ရိုးညွှန်းတမ်း၏ မျှော်မှန်းချက် (Expected Outcomes) အဖြစ် ရေးဆွဲကြပြီးနောက် ၎င်းရလဒ်များရရှိနိုင်ရန် နှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားတတ်မြောက်ရမည့် မျှော်မှန်းချက်အဆင့်ဆင့် (Level Outcomes) ကို ပြဋ္ဌာန်းပြီးမှ အသေးစိတ်သင်ကြားမည့် အကြောင်းအရာ၊ သင်ကြားမည့်နည်းစနစ်များကို ရေးဆွဲကြခြင်းဖြစ်ပါသည်။ စာမေးပွဲစမ်းစစ်ခြင်းများသည်လည်း စဉ်ဆက်မပြတ်အကဲခတ်၍ ဆန်းစစ်အမှတ်ပေးခြင်း (Continuous Assessment) နှင့် နှစ်ကုန်အတန်းတင်စာမေးပွဲစစ်ခြင်းတို့အား အချိုးတူပေါင်းစပ်၍ စစ်ဆေးသွားမည် ဖြစ်ပါသည်။

ယခုသင်ရိုးညွှန်းတမ်းအသစ်သည် ဆရာအခြေပြုသင်ကြားခြင်းစနစ်မှ ကျောင်းသားအခြေပြုသင်ကြားခြင်းစနစ်ဖြစ်ပါသည်။ ကျောင်းသားများက မိမိသိရှိတတ်မြောက်ရမည့် အကြောင်းအရာများကို ကိုယ်တိုင်ရှာဖွေလေ့လာရမည်ဖြစ်ပြီး ဆရာသည် သင်ကြားခြင်းတာဝန်တစ်ခုတည်းမဟုတ်ဘဲ ကျောင်းသားများ၏ စာတွေ့သင်ယူမှုများအား လက်တွေ့နှင့်ဆက်စပ်တွေးခေါ်နားလည်နိုင်ရန်၊ လက်တွေ့တွင် ချင့်ချိန်ဆုံးဖြတ်နိုင်ရန်၊ ဆွေးနွေးတိုင်ပင်ပြီး လမ်းညွှန်တည့်မတ်ရသော တာဝန်လည်း လုပ်ကိုင်ရမည်ဖြစ်ပါသည်။

> **ယခုသင်ရိုးညွှန်းတမ်းအသစ်သည် ဆရာအခြေပြုသင်ကြားခြင်းစနစ်မှ ကျောင်းသားအခြေပြုသင်ကြားခြင်းစနစ် ဖြစ်ပါသည်။ ကျောင်းသားများက မိမိသိရှိတတ်မြောက်ရမည့် အကြောင်းအရာများကို ကိုယ်တိုင်ရှာဖွေလေ့လာရမည်ဖြစ်ပြီး ဆရာသည် သင်ကြားခြင်းတာဝန်တစ်ခုတည်းမဟုတ်ဘဲ ကျောင်းသားများ၏ စာတွေ့သင်ယူမှုများအား လက်တွေ့နှင့် ဆက်စပ်တွေးခေါ်နားလည်နိုင်ရန်၊ လက်တွေ့တွင် ချင့်ချိန်ဆုံးဖြတ်နိုင်ရန်၊ ဆွေးနွေးတိုင်ပင်ပြီး လမ်းညွှန်တည့်မတ်ရသော တာဝန်လည်း လုပ်ကိုင်ရမည်ဖြစ်**

### သင်ရိုးသစ်၏သင်ကြားပုံနည်းစနစ်

သင်ရိုးသစ်၏ သင်ကြားပုံနည်းစနစ်များတွင် အုပ်စုငယ်ဖြင့် သင်ကြားခြင်း (Small Group Teaching)၊ အဖွဲ့လိုက်သင်ကြားခြင်း (Team Based Learning)၊ ပုံစံတူပြုသင်ကြားခြင်း (Simulation Teaching) များကို ယခင်ကထက် ပိုမိုထည့်သွင်းထားပါသည်။ ၎င်းသင်ကြားမှု၏ အချိန်တိုင်းအတွက် ကျောင်းသား ကျောင်းသူများက ကြိုတင်လေ့လာထားရမည့် အကြောင်းအရာများကို ဆရာ ဆရာမက ပေးအပ်သောညွှန်ကြားချက်အတိုင်း ကိုယ်တိုင်ရှာဖွေလေ့လာရမည်များလည်း ရှိပါသည်။ အဖွဲ့လိုက်ဆွေးနွေးခြင်းများတွင်လည်း ပြဿနာ/ရောဂါအခြေပြု တွေးခေါ်စဉ်းစားခြင်း (Problem Solving, Case Based Learning) များနှင့် အုပ်စုအလိုက် တင်ပြဆွေးနွေးခြင်းများပါရှိပြီး မေးခွန်းတို့ဖြေကြားခြင်းများလည်း ပြုလုပ်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းမှန်မှန်မတက်ဘဲ ကျူရှင် ဆရာ ဆရာမ (သို့မဟုတ်) Guide ဖြင့် သင်ယူပြီး ဒါကျက်၊ ဒါဖြေ အချိန်တန်စာမေးပွဲအောင်မည့် နည်းစနစ်မဟုတ်တော့ပါ။

## ပါမောက္ခဒေါက်တာခင်မာမြင့်
## ဒုတိယပါမောက္ခချုပ် (သင်ကြား)
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

“ကျောင်းမှန်မှန်တက်၊ စာမခက်” ဟူသော ဆိုရိုးစကားနှင့်အညီ ပုံမှန်ကျောင်းတက်ရပြီး ပေးအပ်သော အတန်းတွင်းလုပ်ရပ်များနှင့် စဉ်ဆက်မပြတ် အကဲဖြတ်စမ်းစစ်ခြင်း (Continuous Assessment)များကို ဖြေဆိုနိုင်မှသာ စာမေးပွဲအောင်မြင်နိုင်သော သင်ရိုးအသစ်ဖြစ်ပါသည်။

### သင်ရိုးသစ်ဖြင့် သင်ကြားသင်ယူကြမည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ တာဝန်

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည့် ဆေးတက္ကသိုလ်များ၏ ပထမနှစ်သင်တန်းကို တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆေးပညာကို နှစ်သက်၊ စိတ်ဝင်စားပြီး မိမိကိုယ်တိုင်ပညာကို လိုချင်သောစိတ်ဖြင့် လေ့လာသင်ယူတတ်သော (Adult Learning) ကျောင်းသား ကျောင်းသူများဖြစ်ရန် ရည်ရွယ်ပါသည်။ အခြေခံပညာအထက်တန်းတွင် အမှတ်အများဆုံးရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများဖြစ်သည့်အားလျော်စွာ ဉာဏ်ရည်မြင့်မားသူများအဖြစ် တက္ကသိုလ်ပညာများကို ဆည်းပူးနိုင်ကြမည်ဖြစ်ပါသည်။ ယခုသင်ရိုးညွှန်းတမ်းအသစ်တွင် အာဂုံဆောင်၊ အလွတ်ကျက်သည့် သင်ကြားမှုများကို အလေးမပေးတော့ဘဲ မိမိလေ့လာထားသည့် ပညာရပ်များကို တွေးတော၊ ဆင်ခြင်၊ သုံးသပ်ပြီး လက်တွေ့သဘောတရားများကို နားလည်သဘောပေါက်၍ မှန်ကန်သောဆုံးဖြတ်ချက်များ ချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမည် ဖြစ်ပါသည်။ ခြောက်နှစ်တာ သင်ရိုးတစ်လျှောက် သင်ယူလေ့လာမှုများသည် မိမိကိုယ်တိုင် ရှာဖွေလေ့လာရခြင်း (Self Directed Learning)၊ အသင်းအဖွဲ့ဖြင့် သင်ယူလေ့လာရခြင်း (Team Based Learning)၊ ဆေးရုံများတွင် လူနာနှင့် သင်ယူလေ့လာခြင်း (Hospital Based Learning) အပြင် လူထုဘဝအတွင်း သင်ယူလေ့လာခြင်း (Community Based Training) များ ပါရှိမည်ဖြစ်ပါသည်။ ဆေးပညာနှင့်ဆိုင်သော ဘာသာရပ်များအပြင် ကိုယ်ရည်ကိုယ်သွေးနှင့် ပညာရှင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားမှုအစီအစဉ်များ (Personal and Professional Development Program) နှင့် အမူအကျင့်ဆိုင်ရာ သိပ္ပံပညာ (Behavior and Social Science)၊ ပြည်သူ့နီတိ၊ လူ့ကျင့်ဝတ်၊ သမားကျင့်ဝတ်၊ ခေါင်းဆောင်မှုပညာ စသည်တို့ကိုလည်း နှစ်အလိုက် ထည့်သွင်းသင်ကြားသွားမည် ဖြစ်ပါသည်။ သင်ရိုးတစ်လျှောက် စဉ်ဆက်မပြတ် အကဲဖြတ်မှု (Continuous Assessment) များစွာ ထည့်သွင်းထားသည်ဖြစ်သောကြောင့် မိမိကိုယ်ကို ပြင်ဆင်ထားရမည် ဖြစ်ပါသည်။

သမားကောင်းတစ်ယောက် ဖြစ်မြောက်ရန် ကျောင်းသား၊ မိဘ၊ ဆရာနှင့် နိုင်ငံတော် စသော ဘက်ပေါင်းစုံမှ ရင်းနှီးမြှုပ်နှံမှုကြီးစွာ စိုက်ထုတ်ကာ သင်ကြား သင်ယူရသော ပညာရပ်ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများ အသီးသီးတွင် တာဝန်ယူကြမည့် စွမ်းရည်ပြည့်ဝ၊ နှလုံးလှသော ဆရာဝန်များ ဖြစ်ပေါ်လာရေးအတွက် ပြုပြင်ပြောင်းလဲရေးဆွဲထားသော ဆေးတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်း “Outcome Based Integrated Curriculum” အကြောင်း မိတ်ဆက်တင်ပြလိုက်ရပါသည်။ ။

# "၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မြင်းခြံအနာဂတ်" ခေါင်းစဉ်ဖြင့် ဟောပြော

**မြင်းခြံ နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြင်းခြံခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် မြင်းခြံမြို့ရှိ လက်လီလက်ကားစီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်များအတွက် "၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မြင်းခြံအနာဂတ်" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြင်းခြံခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဟောပြောပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ "၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မြင်းခြံအနာဂတ်"အကြောင်းကို ဦးကျော်ကျော်ထွန်း (Digital Multimedia Marketing Agency)၏ Managing Director က မန္တလေးတိုင်းဒေသကြီး၏ ရောင်းဝယ်ဖောက်ကားမှုစီးပွားရေးကောင်းမွန်လာမည်ဖြစ်၍ မြင်းခြံမြို့လည်း စီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်လာမှုနှင့်အတူ ဒစ်ဂျစ်တယ် အွန်လိုင်းစီးပွားရေးကို ကျင့်သုံးလာကြမည်ဖြစ်၍ နည်းပညာများ ပိုမိုသိရှိကျွမ်းကျင်ရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားပြီး မိမိတို့လုပ်ငန်းများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်နှင့် ဆိုရှယ်မီဒီယာများအသုံးပြုကာ မိမိကုန်ပစ္စည်းများ ဈေးကွက်ရရှိအောင် ပြုလုပ်နိုင်ကြောင်း ဟောပြောခဲ့သည်။

အဆိုပါ "၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မြင်းခြံအနာဂတ်" ဟောပြောပွဲသို့ မြင်းခြံမြို့ရှိ ကုန်သည်ပွဲစားများ၊ စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသူများ၊ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းကို စိတ်ဝင်စားသူလူငယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ကြော်ငြာ

**ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်**
**ပဓာနနာယက**
**ဆရာတော်ဘုရား၏ သက်တော် (၈၂) နှစ်ပြည့်**
**ဝိဇာတမင်္ဂလာနှင့် စာအောင်သံဃာဂုဏပူဇော်ပွဲ ဖိတ်ကြားလွှာ**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဧ/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက် ပဓာနနာယက ဆရာတော်ဘုရား၏ သက်တော် (၈၂)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် စာအောင်သံဃာတော်များ ဂုဏပူဇာ အခမ်းအနားကို ၁၃၈၁ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၂၁-၁၁-၂၀၁၉(ကြာသပတေးနေ့) နံနက် (၉:၃၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့**

---

**Golden Asia Travel**
**ကျိုက်ထီးရိုး (နေ့ခြင်း)**
ကလော၊ လွိုင်ကော်၊ ဒီမောဆိုး Nov
ဘားအံ၊ ဂူ(၅)ဂူ၊ ချစ်သူမြိုင် 20,22,29
**09-43092336**

---

**အောင်သဗြေ**
• ရွှေဘို(ကိုးဌာန)၊ ဟန်လင်း၊ စစ်ကိုင်း၊ မင်းကွန်း အင်း၀ကျောက်ဆည်၊ သက်တော်ရှည် ဆရာတော်ဘုရားကြီး။ 55000
• မိုးကုတ်၊ ရေလုံးတောင်၊ ရွှေဘို(ကိုးဌာန)။ 80000
ခရီးစဉ်တိုင်း စား/ငြိမ်း Nov , 20
Ph: 250006277, 09 420065577

---

**Asia Dragon (အာရှနဂါး)**
09 300 300 30, 09 300 300 90, 09 799 100 100, 09 797 100 100

---

**ဓါနိဝင်းနှင့်ရောင်းရင်းများ**
**ဒီဇင်ဘာရုံးပိတ်ရက် အင်းတော်ကြီးနှင့် ပြင်ဦးလွင်ပန်းပွဲတော်**
အပါအဝင် အထက်မြန်မာပြည်ခရီးစဉ်များ
...ကြိုတင်လက်မှတ်များရောင်းချပေးနေပါပြီ...
၂၇၇၊ ပန်းဆိုးတန်းလမ်း 09-780055553,09-780055554,01-249871,01-255553

---

မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်
**MYANMA ENERGY SECTOR DEVELOPMENT PUBLIC CO., LTD**
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 09-963304915, Fax : 01-218390
e-mail : mesdp.myanmar@gmail.com

**နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် ညစာစားပွဲဖိတ်ကြားခြင်း**

မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်
(Myanma Energy Sector Development Public Co., Ltd)၏

နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၂၃-၁၁-၂၀၁၉ (စနေနေ့)
အချိန် ။ ။ ညနေ ၅:၀၀နာရီ မှ ၉:၀၀နာရီထိ
နေရာ။ ။ Lotte Hotel၊ ပြည်လမ်း။

---

**မိတ်ဆုံပွဲဖိတ်ကြားခြင်း**

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဥပဒေပညာဌာန
B.A(Law),LL.B(4th Batch)မှ
အတန်းဖော် သူငယ်ချင်းများ၏ မိတ်ဆုံပွဲကို
အောက်ပါအစီအစဉ်အတိုင်း ပျော်ရွှင်နွေးထွေးစွာ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၇-၁၂-၂၀၁၉ရက် (စနေနေ့)
အချိန်။ ။ နံနက် ၁၀နာရီ
နေရာ။ ။ PANDA Hotel
ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

**မိတ်ဆုံပွဲကျင်းပရေးအဖွဲ့**

---

**မိတ်ဆုံပွဲဖိတ်ကြားခြင်း**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)
ပြည်သူ့ရေးရာ အရာရှိသင်တန်း(အောင်ဆန်း-၆)မှ
သင်တန်းဖော် သူငယ်ချင်းများ၏ မိတ်ဆုံပွဲကို
အောက်ပါအစီအစဉ်အတိုင်း ပျော်ရွှင်နွေးထွေးစွာ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၈-၁၂-၂၀၁၉(တနင်္ဂနွေနေ့)
အချိန်။ ။ နံနက် ၁၀နာရီ
နေရာ။ ။ PANDA Hotel
ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

**မိတ်ဆုံပွဲကျင်းပရေးအဖွဲ့**

---

**နိုင်ငံတကာသတင်းဂျာနယ်**
အမှတ်စဉ် - ၁၂၇
မြို့တော်သစ်ဆီသို့ မျှော်မှန်းနေတဲ့ ထိုင်းနိုင်ငံ
သမိုင်းနိဂုံးချုပ်ပြီဆိုသော ဟောင်ကောင်ကို ပြန်လည်ခြေရာကောက်ခြင်း
ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းမည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်
အစွဲရေးပိုင်ဆိုင်ထားသည့် ချူကာလီးယားလက်နက်များ
အိုင်အက်စ်အဖွဲ့ကို ဆက်လက်ဖိအားပေးမည့် ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့များ
ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်နေသော အယ်လ်ရှာဘတ်အဖွဲ့



**တနင်္လာနေ့တိုင်းထွက်ပြီ**
Gmail - internationaljournalmm@gmail.com

---

**KMD Institute** (Since 1988)

**University of Greenwich (UK) BSc(Hons)**
**Degree Program ၏ နောက်ဆုံးနှစ် Degree သင်တန်းများ**
**( December Intake )**

Second Year Diplomas
- NCC Education — Level 5 Diplomas
- SQA — HNDs
- Pearson Edexcel — HNDs
- Others — Others can also Apply

UNIVERSITY of GREENWICH

Final Year
- BSc(Hons) Computing
- BSc(Hons) Computing (Information Systems)
- BSc(Hons) Computing (Network Systems)

- အထက်ပါ ဒီပလိုမာ ပြီးဆုံးထားသူများမှ ဗြိတိန်နိုင်ငံသက်ရောက် နောက်ဆုံးနှစ် ဒီဂရီကို ရွေးချယ်တက်ရောက်နိုင်ပါသည်။
- သင်တန်းကြေးကို လစဉ်အရစ်ကျ စနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။
- ဘွဲ့ရသည်အထိ ပြည်တွင်းမှာပင် အချိန်နှင့် ကုန်ကျစရိတ် သက်သာစွာဖြင့် ရယူနိုင်ပါသည်။

ဒီဇင်ဘာလ (၂၃) ရက်နေ့မှစ၍ တက်ရောက်နိုင်ပါသည်။

**Call Now 09770867903**
KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 8381776, 8381036, 7502233, 7527436, 8220555, 700895 www.facebook.com/KMDNCC

"ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း"

HTUN NAY WUN

HTUN NAY WUN THITSAR CO., LTD. နှင့်

DOOSAN Infracore Co., Ltd. တို့မှ ၁၆-၁၁-၂၀၁၉ (စနေနေ့) ၌

Meliá Yangon Hotel တွင် စီစဉ်ကျင်းပခဲ့သည့်

"2019 WINTER OPEN HOUSE"

Opening Ceremony သို့ ဝမ်းမြောက်ပျော်ရွှင်စွာ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသည့်
အစိုးရဌာနဆိုင်ရာများမှ လူကြီးမင်းများ၊ စက်ယန္တရားများ ဝယ်ယူအားပေးကြသော စီးပွားရေးလုပ်ငန်း နယ်ပယ်အသီးသီးမှ
လုပ်ငန်းရှင်ကြီးများအား ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။
၉ - နှစ်ကျော်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းခွင်များအတွက် စက်ယန္တရားကြီးများ ဝယ်ယူအားပေးခဲ့ကြသည့် မိတ်ဖက်လုပ်ငန်းရှင်
ကုမ္ပဏီကြီးများအား ယခုထက်ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်
ထွန်းနေဝန်းသစ္စာကုမ္ပဏီလီမိတက်
အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ နှင့် ကုမ္ပဏီဝန်ထမ်းများ




ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### စည်သူဒေါ်ကြန်

အသက်(၁၀၂)နှစ်

အမျိုးသားစာပေတစ်သက်တာဆုရ

ထွန်းဖောင်ဒေးရှင်းစာပေတစ်သက်တာဆုရ

အမျိုးသားစာပေငါးဆုရှင်

မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်

ချစ်ခင်လေးစားရပါသော ဆရာမကြီးစည်သူဒေါ်ကြန် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**
**ဇနီး ဒေါ်ခိုင်နွယ်ဦး မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### စည်သူဒေါ်ကြန်

အသက်(၁၀၂)နှစ်

အမျိုးသားစာပေတစ်သက်တာဆုရ

ထွန်းဖောင်ဒေးရှင်းစာပေတစ်သက်တာဆုရ

အမျိုးသားစာပေငါးဆုရှင်

မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နေ (ဦးကျော်ထွန်း-ဒေါ်ငွေနှစ်)တို့၏ သမီး၊ (ဦးသာထွန်းအောင်)၊ (ဒေါ်သန်း)၊ (ဦးထွန်းလှအောင်-ဒေါ်အေးအေးမြင့်)တို့၏ အစ်မကြီး၊ (ဦးမြင့်ထွန်းအောင်)-ဒေါ်ခင်မာမာ၊ ဒေါ်ကြည်ကြည်အောင်၊ ဒေါက်တာသန်းထွန်းအောင်-ဒေါ်မိမိနိုင် တို့၏ ချစ်လှစွာသောအန်တီကြီး၊ မြတ်ဆုအောင်၊ Ariella Aung၊ Alex Aung၊ Winn Aung တို့၏ ဘွားဘွားကြီး ဆရာမကြီးစည်သူဒေါ်ကြန်သည် ၁၆-၁၁-၂၀၁၉ (စနေနေ့) ည ၈ နာရီတွင် တိုက်အမှတ်(၅)၊ အခန်း(၂၀၂)၊ ရတနာမွန်လမ်းမကြီး၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ကြည်း ၆၆၆၂ ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်(ငြိမ်း)

**စစ်ထောက်ချုပ်(ငြိမ်း)၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)၊**
**ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)**

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ အမှတ်(၇၀/ခ)နေ (ဦးရှိန်-ဒေါ်အေး)တို့၏သား၊ (ဦးခင်လှ-ဒေါ်ကြည်ကြည်)၊ (ဦးခင်မြ-ဒေါ်တင်မြင့်)တို့၏ ညီ/မောင်၊ (ဦးတင်မောင်သန်း)-ဒေါ်ကြည်လှိုင်၊ ဒေါက်တာကျော်ထွေး-ဒေါက်တာရီရီလွင်တို့၏ အစ်ကို၊ (ဒေါ်ခင်တင့်)၏ ခင်ပွန်း၊ ဦးသန်းထွဋ်-ဒေါ်ခင်လှိုင်ဦး၊ ဒုတိယဗိုလ်မှူးကြီးတင်ထွဋ်(ငြိမ်း)-ဒေါ်ကေသီနိုင်၊ ဒုတိယဗိုလ်မှူးကြီးကိုကိုဇော်-ဒေါ်စန္ဒာမြင့်၊ ဦးမျိုးထွဋ်-ဒေါ်အေးအေးသင်းတို့၏ ဖခင်၊ မောင်ထွဋ်သန့်စင်-မမြေင့်မို၊ မောင်နေဦးထွဋ်-မမြစပယ်ငုံ၊ မောင်နိုင်ဦးထွဋ်၊ မောင်အောင်ဇော်ထက်-မမေသူသူဝင်း၊ မောင်ဘုန်းသန့်၊ မဆုနွယ်အောင်၊ မောင်ဟိန်းထွဋ်လင်း၊ မောင်လင်းဇော်ထက်၊ မောင်ထက်ဦးထွဋ်တို့၏ အဘိုး၊ မောင်လင်းဘုန်းထွဋ်တို့၏ ဘိုးဘိုးကြီးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်(ငြိမ်း)သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်၊ ည (၉)နာရီ (၁၀)မိနစ်တွင် ရွှေဂုံတိုင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၉ ရက် တနင်္လာနေ့ ညနေ (၃)နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဇေယျကျော်ထင်ဗိုလ်ချုပ်စန်းအောင်(ငြိမ်း)

ကြည်း-၉၆၉၀၊ DSA(6)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၆)၊ (၈)မိုင်ပြည်လမ်းနေ (ဦးမြအောင်-ဒေါ်သန်းတင်)တို့၏ သားကြီး၊ ဒေါ်ရင်ရင်ဝိုင်း (ကျောင်းအုပ်ဆရာမကြီး ဝိုင်းမွန်တက်ဆိုရီစင်တာ)၏ ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခ ဒေါက်တာမိုးဝင့်အောင် (Department of Endocrinology၊ ဆေးတက္ကသိုလ်-၁)၊ ဦးထင်ကျော်စိုး-ဒေါ်မိုးပွင့်အောင် (မူကြိုကျောင်းအုပ်၊ ဝိုင်းရင်ခွင် Preschool)၊ ဒေါက်တာမိုးမြတ်အောင် (အစာအိမ်အူလမ်းကြောင်းခွဲစိတ်အထူးကုဆရာဝန်)-ဒေါ်ဖြိုးမြင့်သူတို့၏ ချစ်လှစွာသောဖခင်၊ မောင်နေထူးအောင်၊ မောင်လင်းခန့်၊ မအိန္ဒြာကြည်ဖြူ၊ မောင်ရဲစွမ်းထက်၊ မသွန်းမြတ်ဝတီတို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၉ (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ကျေးဇူးအထူးတင်ရှိခြင်း

(၁၀-၁၁-၂၀၁၉) တနင်္ဂနွေနေ့၌ ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးစိန်ထွန်း(ငြိမ်း)/ ရေ(၃၂၉၇) နာမကျန်းဖြစ်၍ ဆေးရုံတက်ရောက်ကုသစဉ် အထူးကြပ်မတ်ကုသ ကူညီဆောင်ရွက်ပေးကြသော ဂရင်းဟံသာ (International) အထူးကုဆေးရုံကြီးမှ တာဝန်ရှိဆရာဝန်ကြီးများ၊ တာဝန်ကျ ဆရာဝန်/ဆရာမများနှင့် သူနာပြုများ၊ နာရေးကိစ္စအတွက် လူကိုယ်တိုင်လာရောက်အားပေး မေးမြန်းကြသော အငြိမ်းစား-ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ရေ) နှင့် စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ သင်္ချိုင်းလှူဖွယ်ဝတ္ထု၊ လွမ်းသူပန်းခြင်းများပေးပို့သော ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် ဇနီး၊ စစ်ဦးစီး(ဗိုလ်မှူးချုပ်) (ရေ)နှင့် ဇနီး၊ စစ်ဦးစီးစက်မှုလက်မှုအရာရှိချုပ်(ရေ) နှင့် ဇနီး၊ Professional Security Service Co.,Ltd (PSS)မှ တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ စျာပနအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေး သော ဗားကရာတောရဆရာတော်နှင့် လိုက်ပါပို့ဆောင်ပေးကြသော ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး၊ ရေတပ်ပင်မ ပစ္စည်းထိန်းတပ် တပ်မှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ၊ လာရောက်၍ တသွယ်၊ ဖုန်းဆက်၍ တဖုံအားပေးမေးမြန်း ကူညီနှစ်သိမ့်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဓမ္မမိတ်ဆွေများ၊ သူငယ်ချင်းများ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### Dr.ထွန်းလွင်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန

အသက်(၇၂)နှစ်

ချစ်ခင်လေးစားရပါသော မိုးလေဝသပညာရှင်ကြီး ဒေါက်တာထွန်းလွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဒေါက်တာထွန်းလွင် ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း မြန်မာနိုင်ငံတစ်ဝန်း မိဘပြည်သူအပေါင်းနှင့် မြန်မာ့နဝရတ် မျက်မှန်မိသားစုက ဆုတောင်းမေတ္တာပေးပို့ပါသည်။

**မြန်မာ့နဝရတ် မျက်မှန်ဆိုင် (မိသားစု)**

---

ဘုရား၊ သိမ်၊ ကျောင်း အလှူ ဒါယိကာမကြီး

### ဒေါ်တင်ကြည်

အသက်(၈၆)နှစ်

(ဦးလှတင်-ဒေါ်မယ်ခင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဦးဘကျော်လမ်း၊ ခြံအမှတ် (၁/က)နေ (ဦးအောင်ရှိန်)၏ ဇနီး၊ ဦးငွေအောင်၊ ဦးကြည်ဝင်း-ဒေါ်နွေနှင်းအေး၊ ဦးအေးဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးသိန်းဝင်း-ဒေါ်ညိုညိုမောင်၊ ဦးမျိုးနိုင် (YGIL ကျောက်မျက်ပညာသင်တန်းကျောင်း)-ဒေါ်လတ်လတ်စိမ်း၊ ဦးငွေလွင်-ဒေါ်ဝေဝေချို တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၆-၁၁-၂၀၁၉ ရက် နံနက် ၅:၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးစိုးမြင့်အောင်

(ဆောက်/လျှပ် ကုန်သွယ်ရေး-ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ (၅)လမ်း၊ အမှတ် (၁၀၀၀/E)နေ (ဒေါ်ခင်ဝင်းကြည်)၏ခင်ပွန်း၊ ဦးရဲဝင်းအောင် (MD TKS Co.,Ltd)-ဒေါ်ဝင်းမာအောင် (Chairperson TKS Co.,Ltd.)၊ ရန်ကုန်မြို့၊ ပုဇွန်တောင် မြို့နယ်၊ ရေကျော်ရပ်ကွက်၊ အမှတ်(၁၁)၊ ပ-ထပ်၊ ဝတ်ကျောင်းလမ်းနေ ဒေါက်တာသူရကျော် (အထူးကုဆရာဝန်ကြီး၊ ကင်ဆာရောဂါဌာန YGH)-ဒေါက်တာသက်သက်အောင်(အထူးကုဆရာဝန်ကြီး၊ အကြောအဆစ်ဌာန EYGH)တို့၏ ချစ်လှစွာသောဖခင်၊ မောင်သုခစံ (2nd Year YTU)၊ မမိုးပြည့်ပြည့်ကျော် (1st Year UIT)၊ မောင်ဝေယံမိုးအောင် (Grade-2၊ အထက-၅၊ ဗိုလ်တထောင်)တို့၏အဘိုးသည် ၁၆-၁၁-၂၀၁၉ ရက် ညနေ ၄:၄၁နာရီတွင် EYGH ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၉ (သောကြာနေ့)တွင် အမှတ် (၁၀၀၀/E)၊ ရွှေနှင်းဆီ (၅)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## အနူးအညွတ်တောင်းပန်အပ်ပါသည်

၁၆-၁၁-၂၀၁၉ (စနေနေ့) ကြေးမုံသတင်းစာပါ (Dr.ထွန်းလွင်)အတွက် အထူးဝမ်းနည်းကြေကွဲခြင်းတွင် ဝါကျအထားအသို မှားယွင်းခြင်းအတွက် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**မြန်မာ့နဝရတ် မျက်မှန်ဆိုင်**
**(မိသားစု)**




သင့်

သွေးဖြင့်

အသက်

ကယ်ပါ

---

### ဦးဝင်းတင်

အသက်(၆၇)နှစ်

မြန်မာ့ကြံ့လုပ်ငန်း (ငြိမ်း)

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်နေ [ဦးစံမောင် (မူ/ပြ၊ ကျောင်းအုပ်)-ဒေါ်အေးတင်]တို့၏ သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ [ဦးရင်မောင် (လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ)-ဒေါ်ညိုညို]တို့၏ သားသမက်၊ (ဦးထွန်းရွှေ-ဒေါ်ခင်အေး)၊ ဦးမောင်လေးကြီး (ကျောင်းအုပ်)-(ဒေါ်အုန်းတင်)၊ [ဦးစိုးမြင့် (ဦးစီးမှူး)]-ဒေါ်တင်မေ၊ (ဦးကျော်ရှင်)-ဒေါ်သန်းကြည်၊ (ဦးကျော်ရင်-ဒေါ်သောင်းကြည်)တို့၏ ညီ/မောင်၊ (ဦးစောမောင်)-ဒေါ်တင်ဝင်းတို့၏ အစ်ကို၊ ဦးထိန်ဝင်း (မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ယုယုလွင် (မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်)၊ ဦးဇော်မင်းဦး-ဒေါ်ခင်ခင်လွင် (ကုန်စုံဆိုင်)၊ မမွန်မွန်လွင် (Business & Company Consultancy Group Co., Ltd)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်ခင်သက်၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းတင်(မြန်မာ့ကြံ့လုပ်ငန်း-ငြိမ်း)သည် ၁၅-၁၁-၂၀၁၉ (သောကြာနေ့) ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (အမှတ်-၈၊ သဃ်န်းကျွန်း ဘဏ်ရိပ်သာရပ်ကွက်၊ ဘဏ်ရိပ်သာလမ်း၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု**

---

## သံတွဲခရိုင်အသင်း (ရန်ကုန်)

### အထူးဝမ်းနည်းကြေကွဲခြင်း

### Agnes ဒေါ်ခင်သန်းရီ

အသက်(၆၅)နှစ်

ဦးရဲဝင့်ထွဋ်တင် (မန်နေဂျင်းဒါရိုက်တာ၊ နောင်ရိုးနည်းပညာများကုမ္ပဏီ) Olivia ဒေါ်ခိုင်သက်မွန် (ဒါရိုက်တာ၊ နောင်ရိုးနည်းပညာများကုမ္ပဏီ)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး Agnes ဒေါ်ခင်သန်းရီသည် ၉-၁၁-၂၀၁၉(စနေနေ့) ည ၅:၂၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**သံတွဲခရိုင်အသင်း (ရန်ကုန်)**
**ရန်ကုန်မြို့**

---

### ဒေါက်တာအောင်လင်း(ဟသ်ာတ) (၇၁)နှစ်

ဆေးရုံအုပ်ကြီး(ငြိမ်း)၊ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)

မြန်မာနိုင်ငံဆရာဝန်များအသင်း-ဗဟို (Emergency Ambulance Service)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၄၅၄)နေ (ဦးစိုးမောင်-ဒေါ်တင်ကြည်)တို့၏သားကြီး၊ (ဦးဘသောင်း-ဒေါ်မြ)တို့၏ သားသမက်၊ ဒေါ်အမာရီ (အမှတ်-၂၊ သတ္တုတွင်းလုပ်ငန်း-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးနေလင်းဦး-ဒေါ်မာလာထွန်း (Blessing Interdrate Co., Ltd.)၊ ဒေါ်ကြည်သာလင်း (ပန်းလှိုင်စီလုံဆေးရုံ)၊ ဒေါ်ချမ်းမြေ့လင်း(Coca Cola Pinya Beverages Myanmar Ltd.)၊ ဦးကျော်စွာထက်(ခေတ္တ-Australia)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မရွှေဇင်လင်းလက်(အထက-၁၊ ဒဂုံ)၊ မောင်ဉာဏ်ဘုန်းလင်းထက် (အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသော အဘိုးသည် ၁၆-၁၁-၂၀၁၉ (စနေနေ့) နံနက် ၅:၃၀ နာရီတွင် ခုတင်(၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

### ဦးသောင်းရုံ (ပုလောမြို့)

အသက်(၇၉)နှစ်

အသင်းဝင်အမှတ်-၅၉၆၅

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်းနေ ဒေါ်ခင်စန်း၏ ခင်ပွန်း၊ ဦးချစ်ထွေး (ဒုတိယဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်သောင်းရီတို့၏ အစ်ကိုသည် ၁၅-၁၁-၂၀၁၉ (သောကြာနေ့) ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

**အမှုဆောင်အဖွဲ့**

---

သထုံမြို့နယ်အသင်း(ရန်ကုန်)

### ဦးခင်မောင်တင်(သထုံ)

အသက်(၇၁)နှစ်

အသင်းဝင်အမှတ်(၉၇၁)

ကျူရှင်ဆရာ

သထုံမြို့နေ [ဦးလှရွှေ-ဒေါ်သန်းမေ(ခ)အသန်းကြီး]တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၁၄)၊ ပထမထပ်(ခြေရင်း)ခန်းနေ ဒေါ်မြင့်မြင့်ခိုင်၏ ခင်ပွန်းသည် ၁၄-၁၁-၂၀၁၉ ရက်တွင် (ခုတင်-၅၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၉ (စနေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

AG Resources Myanmar Co.,Ltd. ၏ ဦးစီးဦးဆောင်ဖြစ်သော သဘော်ကပ္ပတိန် ဦးဇော်မင်းဝင်း(Managing Director) အသက်(၅၃)နှစ်သည် ၁၃-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားခြင်းအတွက် AG Resources Myanmar Co.,Ltd. ၏ သားတပည့်ဝန်ထမ်းမိသားစုများမှ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**AG Resources Myanmar Co.,Ltd.**
**ဝန်ထမ်းမိသားစုများ**

---

## တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းအတွင်း ဘာသာရပ်များအလိုက် စာတွေ့လက်တွေ့သင်ကြားပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မြစ်ကြီးနားမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တွေ့ဆုံ**

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ခရီးသွားလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

## ၂၀၁၉ MFF ယူ-၁၄ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

MFF 100 Plus Cup Boy's ယူ-၁၄ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည်။

**ပူးပေါင်းကျင်းပ**

ယခုပြိုင်ပွဲကို မျိုးဆက်သစ်ကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**ကြည့်ရှုအားပေး**

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး 100 Plus မှ Country Manager ဖြစ်သည့် Mr. Freddy Oh က နှုတ်ခွန်းဆက်ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး ပထမနေ့နံနက်ပိုင်းပွဲစဉ်များကို ကြည့်ရှုအားပေးသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးအသင်းတို့ တွေ့ဆုံခဲ့စဉ်။

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် အိမ်ရှင်ဖိလစ်ပိုင် အဖွင့်ပွဲ ကစားရမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၆ ရက်၊ ၂၈ ရက်နှင့် ဒီဇင်ဘာ ၂ ရက်၊ ဆီမီးဖိုင်နယ်ကို ဒီဇင်ဘာ ၅ ရက်၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဒီဇင်ဘာ ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းခြောက်သင်းသာ **စာမျက်နှာ ၆ ကော်လံ ၄ သို့ ❂**

ကြေးမုံ ယနေ့ဖတ်စရာ

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်တွင် အိုင်အက်စ်အဖွဲ့ဝင် ၂၄၁ ဦး လက်နက်ချ
စာမျက်နှာ » ၁၂

ဟန်ချက်ညီညာ နိုင်ငံရေးချိန်ခွင်လျှာ
စာမျက်နှာ » ၁၃


**မျိုးဆက်သစ်ရင်ပြင် အချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ရင်ပြင် အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိပါသည်။



ဝတ္ထုတို

## ■ နေရဗ္ဗ (မြောင်)



(၁)

"မောင် အလုပ်ထွက်လိုက်တော့" မကြာခဏကြားရသော စကားဆိုသော်လည်း ကြားတိုင်းလည်း စိတ်မကောင်းဖြစ်ရသည်။ မိမိ၏အလုပ်ကို မိမိဘယ်လောက်အထိ တန်ဖိုးထားသည်ကို သူမကိုယ်တိုင် သိနေသောကြောင့်ပင်။

"မဟုတ်တာ မရာ မောင်ပြောပြီးပြီပဲ။ မောင် ဒီကျောင်းဆရာဘဝကို ခံယူခဲ့တာက ထွက်ဖို့မှမဟုတ်ဘဲ" ပင့်သက်ကို ခပ်လေးလေးချပြီး မက သူ့ကို စကားများစွာဆိုသည်။

"မ နားလည်တယ် မောင်။ ဒါပေမယ့် မောင်ရဲ့တန်ဖိုးက ဘာလဲ။ အခု မတို့မှာ သမီးလေးရှိလာပြီ။ သမီးလေးရဲ့နောင်ရေးကို မတို့ စဉ်းစားရမယ် မဟုတ်လား။ မ ပြောမထွက်ပေမယ့် ပြောရလိမ့်မယ်။ မောင်ရဲ့လစာနဲ့ မတို့မိသားစု လူတန်းစေ့နေနိုင်ကြတယ်။ လူရာဝင်ကြတယ်လို့ မောင်ယူဆသလား"

မ၏ လူတန်းစေ့ဆိုသော စကားနှင့် လူရာဝင်ဆိုသောစကားတို့ကို သူခွဲခြမ်းစိတ်ဖြာနေမိသည်။ သူ မကို ပြောဖို့စကားလုံးတွေကို ရွေးနေမိ၏။ သို့သော် မပြောဖြစ်။ ထိုစကားလုံးများက သူအကြိမ်ကြိမ်ပြောခဲ့ဖူးပြီး မလည်း သိနေသောစကားများ ဖြစ်၍ဖြစ်သည်။ သူ၏ စကားများအစား မ၏ စကားများကိုသာ ကြားရသည်။

"အခု မောင်နယ်ကို ရာထူးတိုးနဲ့ ပြောင်းရတော့မယ်။ မတို့သားအမိကို ထားခဲ့တော့မလို့လား မောင်ရယ်။ မကို UK က အစ်ကိုငယ်က ဖုန်းဆက်တယ် ဟိုမှာ မောင့်အတွက် အလုပ်တစ်နေရာစာ ရှာပေးမယ်တဲ့။ မောင်သွားမယ် မဟုတ်လားဟင်။ သမီးလေးအတွက်ပါ မောင်ရယ်" မတို့ သားအမိကို ထားခဲ့တော့မလို့လားတဲ့။ သူတာဝန်ကျတဲ့ဆီကို လိုက်ခဲ့မည်ဟု တစ်ခွန်းမဟဘဲ ပြောထွက်လွှန်းခဲ့သော မကို သူ စိတ်မှတ်မဲ့စွာ အချိန်တော်တော်ကြာအောင် စူးစိုက်စွာကြည့်နေမိသည်။ သူ့ဆီက စကားသံများ မကြားရသောအခါ မဆီက စကားများကိုသာ သူရရှိခဲ့ပါသည်။

"မောင် မတို့သားအမိကို လျစ်လျူရှုလိမ့်မယ်လို့ ထင်မထားခဲ့ဘူး။ မောင်တာဝန်ကျတဲ့ဆီကို မ မလိုက်နိုင်ဘူး။ အစ်ကိုငယ်နောက်သုံးလနေရင် မြန်မာပြည်ကို လာလိမ့်မယ်။ အဲဒီအချိန်ဆို မောင့်ဆီမှာ အဖြေတစ်ခုတော့ရှိလိမ့်မယ်လို့ မ ယူဆပါတယ်"

(၂)

"ဒိုင်း" တံခါးရွက်နှင့် စာသင်ခန်းနံရံ ရိုက်ခတ်မှုကြောင့် ထွက်ပေါ်လာသော ဒိုင်းခနဲ အသံကို ကြားရသောအချိန်တွင် မိမိ၏ အတွေးများ ရပ်ရတော့သည်။ ဒီနေ့မှ လေတွေမြူးနေသည်။ ကောင်းခြင်းလား ဆိုးခြင်းလားဆိုသည်ကိုတော့ မသိပါ။ သူ "မ" နှင့် လွှန်ခဲ့သော နှစ်ရက်က ဖုန်းအဆက်အသွယ်ရသည်။ မနဲ့ သမီး သူ့ကျောင်းကို လာမည်တဲ့။ မ ဒီမှာ နေတော့မှာလားလို့ သူဝမ်းသာစွာမေးသောအခါ မက မဖြေဘဲ စကားလွှဲသွားခဲ့သည်။ သေချာတာကတော့ မ၏အစ်ကိုငယ် မြန်မာပြည်လာဖို့က ရက်အနည်းငယ်သာလိုတော့သည်။

ကျောင်းဝိုင်းရှေ့တွင် ဦးမောင်ထွန်း၏ လှည်းရောက်ပြီဟု ဆရာမတစ်ဦးက လာပြောပါသည်။ မနှင့် သမီးလေးကို ကြိုဖို့ ကျောင်းရှေ့ကို ထွက်ခဲ့လိုက်သည်။

"ဆရာကြီး မင်္ဂလာပါဗျ"

"အေး အေး မင်္ဂလာပါ"

"မင်္ဂလာပါ ဆရာကြီး"

"အေး မင်္ဂလာပါကွယ်"

ကျောင်းရှေ့တွင်ရှိသော ဦးမောင်ထွန်း၏ လှည်းဆီသို့မရောက်ခင် တပည့်ငယ်များ၏ နှုတ်ဆက်စကားများက သူ့ကို အားဖြစ်စေပါသည်။ ထိုနှုတ်ဆက်စကားများဖြင့်ပင် သူ့၏ တစ်နေ့တာပေါင်းများစွာကို သူ ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ရသည် မဟုတ်ပါလား။ သူ လှည်းဆီသို့ရောက်သောအခါ မနှင့် သမီးတို့ပင် လှည်းပေါ်မှ ဆင်းပြီးခဲ့ပြီ။

"ဟာ ဆရာကြီး ဒီမှာ ဆရာကြီးဇနီးနဲ့ သမီးတော့ရောက်ပြီဗျို့။ ဆရာကြီးဇနီး ချောချက်တော့ဗျာ။ ကျုပ်က မြို့မှာ ရုပ်ရှင်ရိုက်တာလားမေးတော့ မဟုတ်ပါဘူးတဲ့။ ကျုပ်တော့ မယုံဘူးရယ်။ ဒါနဲ့ ဖိုးဥက သူ့လှည်းမကြုံရလို့တဲ့ ကျုပ်ကို ဂြိုလ်လုပ်နေတယ်။ အခုမှ သူ့ဆရာကြီး လာလုပ်နေတာ။ ဘာရမတုန်း ဆရာကြီးက ကျုပ်ဆရာကြီးဟာ"

ဦးမောင်ထွန်း၏ ရိုးသားပွင့်လင်းသော စကားများကြောင့် သူတွင်မဟုတ် မပါ သဘောကျစွာပြုံးနေပါသည်။ သမီးက ဖေဖေဟု ခေါ်ပြီး သူ့ဆီလက်လှမ်းသည်။

"ကိုဖိုးဥကို ကျွန်တော်ပြောလိုက်ပါ့မယ်။ အခုလို တကူးတက လှည်းနဲ့ကြိုပေးတဲ့ ဦးမောင်ထွန်းကို ကျေးဇူးတင်ရပါတယ် "

"ကျေးဇူးဘာလို့တင်မတုန်း တင်ချင်ရင် ကျုပ်ကသာတင်ရမှာရယ်" ဦးမောင်ထွန်းကို ကြည့်ပြီး သူ၏ အတွေးများက လွန်ခဲ့သော ကာလတစ်ခုဆီသို့ ကူးပြောင်းသွား၏။ ထိုကာလ၏ တစ်ခုသော ကျောင်းဖွင့်ရက်တစ်ခုတွင် မိမိကို ဆရာမတစ်ဦးမှ ကျောင်းသားမိဘတစ်ဦးက တွေ့ချင်ကြောင်း အကြောင်းကြားလာပါသည်။

"ဆရာကြီး ရွာထဲက ဦးမောင်ထွန်းက ဆရာကြီးနဲ့ တွေ့ချင်လို့တဲ့"

"ဩော် ဟုတ်လား လွှတ်လိုက်လေ ဆရာမ" အချိန်ရှိခိုက် ကျောင်းခေါ်ချိန်မှတ်တမ်း၊ ဆရာ ဆရာမများ၏ အချိန်ပြောင်းမှတ်တမ်း စာအုပ်များကို စစ်ဆေးနေ၍ အနည်းငယ် ပျက်ယွင်းသွားသော ဆရာမ၏ မျက်နှာကို သတိမပြုမိခဲ့။

"ဆရာကြီး ဟို ဟိုလေ ဦးမောင်ထွန်းက မူးနေတယ်ထင်တယ် နည်းနည်းလည်း သွေးဆိုးတယ် ဖြစ်ပါ့မလား" ဆရာမ၏ စကားကြားရမှ လုပ်လက်စအလုပ်ကို လက်စသတ်ပြီး ဦးမောင်ထွန်းဆီကို အပြည့်အဝ အာရုံပို့ရတော့သည်။

"ဟုတ်လား နည်းနည်း အသောက်အစားရှိပုံရတယ်။ ကျွန်တော်ပဲ သွားတွေ့ပေးလိုက်ပါ့မယ်" ရုံးခန်းကနေ ကျောင်းရှေ့မှာ စောင့်နေမည့် ဦးမောင်ထွန်းဆီသို့ သွားရ၏။

"ဟော ဦးမောင်ထွန်းဆိုတာလားဗျ"

"ဟုတ်တယ် ခင်ဗျာလား ကျုပ်သားကို ရိုက်တာ ကျောင်းဆရာက လူပါးဝလို့ ကဲကွာ ဖြောင်း"

အဖြစ်အပျက်က မထင်မှတ်စွာ မြန်ဆန်လွန်းလှ၍ စကားဆိုချိန်ပင်မရလိုက်။ ဦးမောင်ထွန်း၏ ရိုက်ချက်က မိမိ၏ ဦးခေါင်းဆီသို့ရောက်လာကာ ဦးခေါင်းမှ သွေးအနည်းငယ်ပင် ယိုစီးလာပါသည်။

"ဟာ ဆရာကြီးကို ဒီမှာ ရိုက်လို့ဟေ့ လာကြပါဦး" ဆရာမတစ်ဦး၏ အော်သံကြောင့် ဆရာ ဆရာမများ ပြေးလာကြပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြပါသည်။ ဆရာမတစ်ဦးက ကျန်းမာရေးဆရာမကို အပြေးသွားပင့်၏။ စိတ်ဆတ်သည့် ဆရာတစ်ဦးက ဦးမောင်ထွန်းကို ရိုက်မည်ပြောကာ တုတ်ဆွဲနေ၍ ဆရာမများက ဝိုင်းဆွဲရပြန်သည်။ ဦးမောင်ထွန်းကတော့ ဖြစ်ပျက်သွားသော အဖြစ်အပျက်ကို သူပြုမူသည်မဟုတ်သကဲ့သို့ ကြက်သေသေကာ ငူငူကြီးရပ်နေသည်။ အဝတ်အစားတို့က ဖရိုဖရဲဖြစ်နေကာ နီရဲမို့အစ်နေသော မျက်လုံးများက အရက်ကို လူမှန်းမသိအောင် သောက်လာသည့်ပုံကို ပြနေ၏။ ကျန်းမာရေးဆရာမနှင့်အတူ ရပ်ရွာလူကြီးပါ ရောက်လာပြီး ဦးမောင်ထွန်းကို ဆူငေါက်ကာ ရဲစခန်းပို့မည့်ဟု ဆို၏။ ဆရာမက မိမိ၏ သွေးထွက်နေသော ဒဏ်ရာကို စစ်ဆေးကာ လိုအပ်သောကုသမှုကို ပြုပေးပါသည်။

"တော်သေးတာပေါ့ဆရာ တုတ်က ဆွေးနေတာမို့။ နောက်ပြီး ရိုက်ချက်မပြင်းလို့သာ တော်တော့တယ်။ အခု ဒဏ်ရာကို ဆေးကြောပြီး ပတ်တီးစည်းပေးထားတယ်။ လိုအပ်တဲ့ သောက်ဆေးလည်းပေးခဲ့မယ်။ ဆေးတစ်လုံးလည်း ထိုးပေးခဲ့မယ်။ လှုပ်လှုပ်ရှားရှားလည်း မလုပ်နဲ့ဦး ဆရာ။ ခေါင်းမူးလာတာ အော့အန်လာတာမျိုးဖြစ်လာရင် ကျွန်မကို ချက်ချင်းပြောနော်" ရွာလူကြီးနှင့် ဆရာ ဆရာမများက မိမိကို အားနာရှက်ရွံ့နေကြသည်။

"ကျောင်းဆရာ ဘယ်လိုဖြစ်ချင်လဲ ဒီကောင် မောင်ထွန်း ရိုင်းလွန်းလှတယ်။ ရဲစခန်းမှာ အမှုဖွင့်မလား "

"မဖွင့်ပါနဲ့ သူ မူးနေလို့ဖြစ်ပါလိမ့်မယ်။ အမူးပြေတဲ့အခါသာ ကျွန်တော့်ဆီကို ခေါ်လာပေးပါ။ ကျွန်တော့်ကို ပြောချင်တာတွေရှိပုံရတယ်ဗျ"

နောက်တစ်နေ့ မိမိဆီသို့ ရွာလူကြီးနှင့် အတူ ဦးမောင်ထွန်း ရောက်လာပါသည်။ ဦးမောင်ထွန်းပုံဟန်က အရင်နေ့ကကဲ့သို့ မူးနေဟန်မရှိတော့။ ရိုးသားသည့်အသွင်သဏ္ဌာန်ကို မြင်ရပြီး မိမိကို အားနာရှက်ရွံ့နေပုံရသည်။ မူရင်းစိတ်အခံက သဘောဆိုးမည့်ပုံ မပေါ်ပါ။ သူမှားကြောင်း၊ အရက်ဝိုင်းမှာ အသောက်လွန်ရင်း သူ့သားကို အပြစ်မရှိဘဲရိုက်သော ဆရာကို မကျေနပ်ကြောင်းပြောမိရာ အပေါင်းအသင်းများမှ ပြန်ရိုက်သင့်ကြောင်းပြော၍ မစဉ်းစားမဆင်ခြင်ဘဲ လုပ်မိလုပ်ရာ လုပ်ဖြစ်ကြောင်း ပြောလာပါသည်။ မိမိက ဦးမောင်ထွန်း၏သား ခိုက်ရန်ဖြစ်ပွားကြောင်းကို ရှင်းပြရသည်။

ခိုက်ရန်ဖြစ်ပွားသောအခါ တစ်ဦးတစ်ယောက်ကိုသာ ခေါ်ယူဆုံးမသည်မဟုတ်ကြောင်းကို နားလည်အောင် ပြောရပါသည်။ ခိုက်ရန်ဖြစ်ပွား၍ နှစ်ဦးလုံးကို ခေါ်ယူသတိပေး၍ နောင်မဖြစ်ပွားအောင် ဆိုဆုံးမခြင်းသာဖြစ်ကြောင်းကို ပြောရပါ၏။ ရွာလူကြီးက ဦးမောင်ထွန်းအား နောင်ဤကဲ့သို့ မပြုမူရန် ဆိုဆုံးမပြီး အရက်မသောက်ရန် ပြောပါသည်။ အမှုဖွင့်ပါက အချုပ်အသင်းရောက်မည့်အကြောင်း ပြောသောအခါ စိုးရိမ်စွာ မိမိကို ကြည့်လာပါသည်။

မိမိက အမှုအသင်းလုပ်မည်မဟုတ်။ သို့သော် ဖြစ်နိုင်ရင် အရက်သေစာသောက်စားသည်ကို လျှော့ဖို့ ကတိပေးပါရန် တောင်းဆိုပြီး အရက်သောက်ခြင်း၏ ဆိုးကျိုးများကို ရှင်းပြပေးပါသည်။ ဦးမောင်ထွန်းက နားစိုက်ထောင်ပြီး ဆင်ခြင်ပါမည်ဟု ကတိပေးခဲ့ပါ၏။ ယခုအချိန်တွင် ဦးမောင်ထွန်းတစ်ယောက် လုံးဝပြောင်းလဲသွားပြီး အရက်လုံးဝမသောက်တော့သည်ကို အံ့ဩဝမ်းသာစွာ တွေ့ရပါသည်။

"ဆရာ ဒီပစ္စည်းတွေ အဆောင်ပို့လိုက်မယ်" ဦးမောင်ထွန်းက လှည်းပေါ်က ပစ္စည်းတွေကို သူနေသည့် အဆောင်ထိ လိုက်ပို့မည်လုပ်နေ၍ ရပါသည်တောင်းပန်ကာ ပြန်ခိုင်းလိုက်ရသည်။ ညနေကို သူတို့အိမ်ကလည်း ထမင်းပို့မည်ဟု ပြောဖြစ်အောင် ပြောနေသေးသည်။ ကျေးဇူးတင်ပါကြောင်းပြောရင်း မ၏ ပစ္စည်းများနှင့် သမီးကို သူနေသည့်အဆောင်ကလေးဆီ ခေါ်ခဲ့ရသည်။ သူ့၏လက်အတွင်းမှ သမီး၏ အသုံးအဆောင်ပစ္စည်းကို ဆရာမတစ်ဦးက လာယူပါသည်။ မက သူ၏ခရီးဆောင်အိတ်ကို သယ်လာသည်။ ထိုအချင်းအရာကို မြင်သောအခါ တပည့်ငယ်များနှင့် ဆရာမနှစ်ဦးက အပြေးကလေးလာကြိုပါသည်။

(၃)

သူနှင့် "မ"က ကျောင်းဝတ်စုံ ဝတ်ထားသော သမီးလေးကိုကြည့်၍ ပြုံးပျော်နေကြသည်။ အိပ်မက်လား တကယ်လားဟု ဝေခွဲမရစွာ သူပြောမိသောအခါ မက အိပ်မက်မဟုတ်ကြောင်း သူ့လက်ကို ကြင်နာစွာ ဆုပ်ကိုင်ပေးလာပါသည်။ မနှင့် မြို့ကို ပြန်လိုက်ရမည့်အစား မနှင့် သမီးလေးက ကျောင်းမှာပဲ သူနှင့် အတူနေခဲ့ကြပါသည်။ ယခုအချိန်ထိတိုင်အောင် လွှန်ခဲ့သောရက်ပေါင်းများစွာက "မ" ပြောခဲ့သောစကားများကိုသာ ကြားယောင်နေမိပါတော့သည်။

"မ မောင့်ကို မျက်နှာပူတယ်။ မ ကိုယ့်ကိုယ်ကိုလည်း ရှက်တယ်။ မောင့်ရဲ့ တန်ဖိုးကို မောင့်ရဲ့လစာနဲ့ တိုင်းတာခဲ့မိတယ်။ လူတန်းစေ့နေနိုင်တယ်ဆိုတာ တိုက်နဲ့ ကားနဲ့ နေရမှ လူတန်းစေ့တယ်လို့ ထင်ခဲ့တယ်။ ပိုက်ဆံချမ်းသာတဲ့သူတွေနဲ့ ပေါင်းသင်းမှ လူရာဝင်တယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် တောရွာကလေးမှာ ချို့ချို့တဲ့တဲ့နဲ့ စာသင်နေရတဲ့ ကလေးလေးတွေနဲ့ စေတနာရှေ့ထားပြီး စာသင်ပေးနေတဲ့ မောင့်ကိုမြင်လိုက်မှ တန်ဖိုးဆိုတာကို နားလည်ခဲ့ရတယ်။

လူရာဝင်တယ်ဆိုတာ အများအတွက် အကျိုးရှိရာကို ဆောင်ရွက်ပြီး အများက ချစ်ခင်လေးစားတဲ့သူမှ လူရာဝင်တယ်ဆိုတာကိုပါ သိခဲ့ရတယ်။ တိုက်နဲ့ကားနဲ့ လူတန်းစေ့ဆိုတဲ့စကားထက် ပျော်ပျော်ရွှင်ရွှင်နဲ့ ရိုးသားစွာနေထိုင်ရတဲ့ လူတန်းစေ့ကို "မ"နားလည်ခဲ့ရပြီ မောင်။ မလေ မောင်ကို သိပ်ပြီးတန်ဖိုးထားမိသလို သိပ်ပြီးလည်း ကျေးဇူးတင်ရပါတယ် "

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **စာတည်းအဖွဲ့**

ဆောင်းပါး

■ မောင်မေယု(ဘူးသီးတောင်)

# အောင်မြင်လိုသော စိတ်

လူတိုင်းမှာ တန်ဖိုးကိုယ်စီရှိကြသည်။ မရှိဆိုသော သူများသည် ကိုယ့်တန်ဖိုးကို ကိုယ်မသိ၊ အသုံးမချတတ်၍သာ ဖြစ်ပေမည်။ မရင့်ကျက်သော လူငယ်များသည် ဘဝကို လွယ်လွယ်နှင့် အရှုံးပေးတတ်ကြ၏။

ဆယ်တန်းတစ်နှစ်ကျသည်နှင့် သူ့ကိုယ်သူ အသုံးမကျသောသူတစ်ယောက်အဖြစ် သတ်မှတ်ပြီး ဘဝကို ဖြစ်သလို နေထိုင်သော လူငယ်တစ်ယောက်၊ လုပ်ငန်းခွင်ဝင် စာမေးပွဲများ ဖြေတိုင်းမှာ မအောင်မြင်၍ ဘဝကို တိုင်းတစ်ပါးမှာ ကျွန်အဖြစ် မြုပ်နှံရန် ကြိုးစားနေသော လူငယ်တစ်ယောက်၊ မိသားစုအတွက် ငွေလုံလောက်စွာ မရှာပေးနိုင်၍ ဘဝကို အားမလိုအားမရဖြစ်ပြီး စိတ်ပျက်နေသော လူငယ်တစ်ယောက်၊ ဘွဲ့မရနိုင်၊ ရည်းစားနှင့် အဆင်မပြေနိုင်၍ ဘဝကို အရက်နှံ့ထဲ နှစ်ပစ်သော လူငယ်တစ်ယောက်၊ စီးပွားရေး အဆင်မပြေသဖြင့် စိတ်ဓာတ်ကြီးကျနေသော လူငယ်တစ်ယောက် စသည်ဖြင့် ဘဝကို အလွယ်တကူ အရှုံးပေးသော၊ ရှုံးနိမ့်မှု၏ဒဏ်ကို မခံနိုင်သော လူငယ်များအား ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် များစွာတွေ့မြင်နေရပေသည်။

ထိုလူငယ်များအား စာရေးသူပြောချင်သည်မှာ ကျရှုံးခြင်းသည် လုံးဝကျရှုံးခြင်းလား၊ မဟုတ်အောင်မြင်ရန်အတွက် အစမ်းသပ်ခံရခြင်းပင် ဖြစ်ပေသည်။ ရှုံးနိမ့်မှု၏ဒဏ်ကို ကြံ့ကြံ့ခံ၍ ထိုအရှုံးထဲမှ အမြတ်ကို ရှာဖွေတတ်မှ လူတော်ဖြစ်ပေမည်။ လောကကြီး၌ အောင်မြင်သူတိုင်းသည် မအောင်မြင်ခြင်းကို ရှုံးနိမ့်ခြင်းဟု မသတ်မှတ်ချေ။ အောင်မြင်ရန်အတွက် ကြိုးစားမှုများဟု သတ်မှတ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လူငယ်များအားလုံး ထိုသို့ စိတ်ဓာတ်များ ကိန်းအောင်းရန် လိုအပ်ပေသည်။

တစ်ကြိမ်တစ်ခါ အောင်မြင်ရန်အတွက် အကြိမ်တစ်ထောင်မက ရှုံးနိမ့်ဖူးသော်လည်း ထိုရှုံးနိမ့်မှုအား အောင်မြင်ရန်အတွက် ကြိုးစားမှုဟု သတ်မှတ်ခဲ့သော သောမတ်အယ်ဒီဆင်(လျှပ်စစ်မီးလုံးတီထွင်သူ)ကို အတုယူသင့်ပေသည်။ တန်ဖိုးရှိသော အောင်မြင်မှုကိုရရှိရန် တန်ဖိုးရှိသောအချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်မှ ဖြစ်ပေမည်။ အဓိက သတိထားရမည့်တစ်ခုမှာ အောင်မြင်ချင်လျှင် အောင်မြင်လိုစိတ်ကို မွေးရန်ပင် ဖြစ်သည်။

ဤနေရာ၌ ဆရာမနိုင်းနိုင်းစနေ၏ ဘာသာပြန်စာစုတစ်ခုအား ကောက်နုတ်တင်ပြချင်ပေသည်။ ဟိမဝန္တာတောင်သည် ကမ္ဘာ့အမြင့်ဆုံးတောင်တစ်တောင်ဖြစ်သည်။ ထိုတောင်အား ငှက်များတောင် ကျော်ဖြတ်၍ မရနိုင်ဟု ဆိုကြသည်။ သို့သော်လည်း ထိုတောင်အား Demoiselle ကြိုးကြာငှက် ငါးသောင်းခန့် နှစ်စဉ်နှစ်တိုင်း ကျော်ဖြတ်ကြသည်ဟု ဆိုသည်။ ထိုငှက်များသည် အိန္ဒိယ၌ ဆောင်းခိုရန် ဖြတ်သန်းကြခြင်းလည်း ဖြစ်ပေသည်။

ထိုပြောင်းရွှေ့မှုသည် ကမ္ဘာမှာ အခက်ခဲဆုံး ရွှေ့ပြောင်းမှုဟုလည်း သတ်မှတ်ကြသည်။ ထိုတောင်ထိပ်တွင် မိုးလင်းအရုဏ်၌ လေကြမ်းများ တိုက်ခတ်လေ့ရှိသည်။ ထို့ကြောင့် ထိုငှက်များသည် လေကြမ်းနှင့်မတွေ့အောင် လုံလောက်သောအချိန်၌ လုံလောက်သောအမြင့်သို့ ရောက်အောင် ပျံသန်းကြရသည်။ လုံလောက်သောအမြင့်သို့ မရောက်ခဲ့လျှင် အရုဏ်လေကြမ်းနှင့် တွေ့ပြီး ပြန်ဆုတ်ခွာကြရသည်။

ထိုငှက်များသည် မအောင်မြင်သရွေ့ နေ့သစ်များကို မျှော်လင့်ချက်အသစ်နှင့် ကြိုးစားပျံသန်းကြလေသည်။ အစာရေစာငတ်သော်လည်း လေနွေးငွေ့ကို ရှူရှိုက်၍ အောင်မြင်အောင် ပျံသန်းကြလေသည်။ တောင်ထိပ်ကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း သူတို့အတွက် အန္တရာယ်က မပြီးဆုံးသေးပေ။ တောင်တစ်ဖက်၌ သူတို့အား ကိုက်ဖြတ်စားသောက်ရန် လင်းယုန်ငှက်တို့က အသင့်စောင့်နေကြသေးသည်။ ထိုငှက်တို့အား လွတ်အောင်ရှောင်နိုင်မှ အေးချမ်းစွာ ဆောင်းခိုခွင့်ရကြပေမည်။

ထိုသို့ ဆိုးရွားသော ရာသီဥတုနှင့် ဝိုင်းအုံကိုက်ဖြတ်စားသောက်သော ရက်စက်မှုများသည် ကြိုးကြာငှက်တို့၏ အရှုံးမပေးတတ်သောစိတ်ဓာတ် တစ်နည်းအားဖြင့် အောင်မြင်လိုသော စိတ်ဓာတ်အား မဖြိုခွဲနိုင်ခဲ့ပေ။ ထို့ကြောင့် အောင်မြင်ချင်လျှင် အောင်မြင်လိုသောစိတ်သည် အရေးအကြီးဆုံးပင် ဖြစ်ပေသည်။

ထို့ကြောင့် လူငယ်များအနေဖြင့် တစ်ကြိမ်တစ်ခါ ကျရှုံးဖူးတိုင်း ဘဝကိုအရှုံးမပေးသင့်ပေ။ အရှုံးထဲမှ သင်ခန်းစာအားယူ၍ အမြတ်ထုတ်နိုင်ရန် Demoiselle ကြိုးကြာငှက်များကဲ့သို့ မလျှော့သောဇွဲနှင့် ကြိုးစားရန် လိုအပ်ပေသည်။ အထက်မှာပြောခဲ့သော လူငယ်များသည်လည်း ကမ္ဘာ့အမြင့်ဆုံးတောင်ကို ခက်ခဲစွာ ကျော်ဖြတ်နိုင်သော ကြိုးကြာငှက်များကဲ့သို့ ဘဝ၏ ရှုံးနိမ့်မှုဒဏ်ကို ကျော်ဖြတ်နိုင်သော စိတ်ဓာတ်ခိုင် လူငယ်များဖြစ်ရန် လိုအပ်ပါသည်။

## အမျိုးသားအောင်ပွဲနေ့ တို့မမေ့

နယ်ချဲ့ရေးတဲ့ အက်ဥပဒေ
ကျွန်ပညာရေး ဆိုးအမွေ။
သာကီမျိုးတွေ ဆန္ဒပြ
တော်လှန်ဆန့်ကျင်ကြ။
ထိုနေ့မှစ ရှင်သန်လာ
မျိုးချစ်စိတ်ဓာတ်ပါ။
စည်းလုံးစွာလေ ခရီးဆက်
အမျိုးသားကျောင်းတွေ တည်လျက်။
ခေတ်အဆက်ဆက် မှတ်စေလို
တန်ဆောင်မုန်းလဆုတ် တစ်ဆယ်ကို။
ကျူးရင့်တေးဆို ခေါ်တွင်ပေ့
ငါတို့ အမျိုးသားအောင်ပွဲနေ့။
တစ်သက်ဘယ်မမေ့။

စိုင်းနေဝန်း

ဆောင်းပါး

■ ကိုပြည့်(သုည)

# အမွေအနှစ်များ သိဖို့ရာ

အမွေအနှစ်ဟု ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် အရင်ဆုံးအမေးခံရသည်က "အဲဒါကဘာလဲ"ဆိုသည့် မေးခွန်းပဲ ဖြစ်ပါသည်။ အမွေအနှစ်ဆိုသည်မှာ ထူးခြားသော သွင်ပြင်လက္ခဏာရှိပြီး မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာသော အဖိုးတန်သည့်အတိတ်က အရာများကို ဆိုလိုပါသည်။ အမွေအနှစ်အဖြစ် သတ်မှတ်ရာတွင် လူသားတို့၏ သမိုင်းဖြစ်တည်မှုအရဖြစ်စေ၊ ယဉ်ကျေးမှုတန်ဖိုးအရဖြစ်စေ၊ အနုပညာတန်ဖိုးအရနှင့် သမိုင်းတန်ဖိုးအရဖြစ်စေ စသည့်အချက်များကိုအခြေခံကာ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ တည်ရှိမှု၊ လူမျိုးတစ်မျိုး၏ ဖြစ်တည်မှုစသည်များကိုသိရှိနားလည်ရန်မှာ ထိုနိုင်ငံ ထိုလူမျိုး၏ ကျန်ရှိနေသော အမွေအနှစ်များကို လေ့လာခြင်းဖြင့်သာ သိရှိနိုင်ပါသည်။ အမွေအနှစ်များ ပျောက်ပျက်ခြင်း (သို့မဟုတ်) ဖျက်ဆီးခံရခြင်းသည် ထိုနိုင်ငံထိုလူမျိုး၏ ဖြစ်တည်လာမှုသမိုင်းကြောင်းကို အပြီးအတိုင် ပျောက်ကွယ်စေနိုင်ပြီး ၎င်းမြေပေါ်တွင် မိမိတို့၏ ဘိုးဘေးများ နေထိုင်ခဲ့သည်ဆိုခြင်းမှာ ယုံတမ်းပုံပြင်အဖြစ်သာ ရှိနေပေလိမ့်မည်။ နိုင်ငံ၏သမိုင်းကြောင်း၊ ခမ်းနားထည်ဝါမှု၊ တင့်တယ်မှု စသည့် ဂုဏ်ဒြပ်များလည်း ပျောက်ဆုံးသွားသည့်အပြင် သည်မြေပေါ်တွင် မိမိတို့အစဉ်အဆက်နေထိုင်ခဲ့သည်ဆိုသည်ကို မေ့ပျောက်သွားနိုင်သည်အထိပင် ရိုက်ခတ်မှုကြီးမားလှပါသည်။ အမွေအနှစ်များကို လက်ရှိအချိန်၌ တည်တံ့စွာ တွေ့မြင်နေရခြင်းမှာ မျိုးဆက်အဆင့်ဆင့် ထိန်းသိမ်းလာခြင်းကြောင့်ဖြစ်ပြီး လက်ရှိမျိုးဆက်အနေနှင့် ဆက်လက်ထိန်းသိမ်းရမည့်တာဝန်မှာ လုပ်ဆောင်သင့် ထမ်းရွက်သင့်သော တာဝန်သာ ဖြစ်ပါသည်။ သို့မှသာ တာဝန်ကျေသောမျိုးဆက်အဖြစ်ဖြင့် နောက်မျိုးဆက်ဆီသို့ လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် ကမ္ဘာ့အမွေအနှစ်ဆိုသည့် ဂုဏ်ပုဒ်နှင့်အတူ ရရှိလာမည့် အကူအညီအထောက်အပံ့များဖြင့် ဆက်လက်တည်တံ့အောင် လုပ်ဆောင်သင့်ပါသည်။ ယူနက်စကို (UNESCO) ၏ ၁၉၇၂ ခုနှစ်တွင် ပြုလုပ်သော ကမ္ဘာ့အမွေအနှစ်ညီလာခံထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် နှစ်ခုမရှိလောက်အောင် ထူးခြားရှားပါးသည့် တန်ဖိုးများရှိသောကြောင့် ကမ္ဘာ့လူသားအားလုံးကပင် စံထားရလောက်သည်အထိ အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်သင့်သော ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသနှင့် အဆောက်အအုံများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု ခေါ်ဆိုပါသည်။ ထိုနေရာဒေသနှင့် အဆောက်အအုံများသည် ကမ္ဘာ့အဆင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကို ခံယူခွင့်ရရှိထားသောကြောင့် လူသားအားလုံးနှင့်သက်ဆိုင်သော အမွေအနှစ်ဖြစ်သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရာတွင် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးပေါ်တွင် အခြေခံကာ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး၏သဘောမှာ ခိုင်မာမှုရှိခြင်းနှင့် စစ်မှန်မှုရှိခြင်းတို့အပေါ်၌ အဓိက စဉ်းစားဆုံးဖြတ်ခြင်းဖြစ်သည့်အပြင် အမွေအနှစ်တစ်ခုသည် လူသားမျိုးနွယ်အားလုံးနှင့် သက်ဆိုင်ပြီး အစွန့်ရှည်တည်တံ့အောင် အတူတကွ ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ နောက်မျိုးဆက်ဆီသို့ လက်ဆင့်ကမ်းပေးခြင်းတို့ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော ပျူမြို့ဟောင်းသုံးမြို့နှင့် ပုဂံဒေသတို့သည် ထိုစံတန်ဖိုးဖြင့် ဆုံးဖြတ်ပြီးမှ စာရင်းဝင်သွားခြင်းဖြစ်သည်။

အမွေအနှစ်ကို ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝအမွေအနှစ်ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အတိတ်၌ဖြစ်စေ၊ ပစ္စုပ္ပန်၌ဖြစ်စေ တည်ရှိနေပြီး နောက်မျိုးဆက်များအတွက် အဖိုးတန်စေ၍ လက်ဆင့်ကမ်းပေးအပ်သော ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်မှာ အနုပညာတန်ဖိုး၊ သမိုင်းတန်ဖိုး၊ လူမှုအဖွဲ့အစည်းနှင့် ဘာသာရေးဆိုင်ရာ သက်ဝင်ယုံကြည်မှုတန်ဖိုးများ စသည့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့အတွက် အရေးပါအရာရောက်သော တန်ဖိုးများပါဝင်နေပါသည်။

ယဉ်ကျေးမှုအမွေအနှစ်တွင် အကောင်အထည်ရှိပြီး ထိတွေ့ကိုင်တွယ်ခံစားနိုင်သော အမွေအနှစ်နှင့် အကောင်အထည်မရှိပေမယ့် ခံစားတွေ့ရှိနိုင်ပြီး ကျင့်သုံးခဲ့ (သို့မဟုတ်) ကျင့်သုံးဆဲ အမွေအနှစ်ဟူ၍ နှစ်မျိုးရှိပါသည်။ အကောင်အထည်ရှိပြီး ထိတွေ့ကိုင်တွယ်ခံစားနိုင်သော အမွေအနှစ်တွင် ရှေးဟောင်းသုတေသန တန်ဖိုးအရသော်လည်းကောင်း၊ သမိုင်းတန်ဖိုးအရသော်လည်းကောင်း၊ အနုပညာတန်ဖိုးအရသော်လည်းကောင်း တန်ဖိုးမြင့်မားသော အဆောက်အအုံများ၊ အရာဝတ္ထုပစ္စည်းများ၊ အနုပညာအတတ်ပညာလက်ရာများအပြင် ထိုအဆောက်အအုံများနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်ရှုခင်းများ ပါဝင်ပါသည်။ အမြင်သာဆုံး ဥပမာသည် မြောက်မြားစွာသော ယဉ်ကျေးမှုအမွေအနှစ်များရှိပြီး ကမ္ဘာပေါ်တွင် ထောင်ချီသော ဘာသာရေးဆိုင်ရာသမိုင်းဝင် အဆောက်အအုံများ တစုတဝေးတည်း တည်ရှိသော နေရာဖြစ်သည့် ပုဂံပင်ဖြစ်ပါသည်။

အကောင်အထည်မရှိပေမယ့် ခံစားတွေ့ရှိနိုင်ပြီး ကျင့်သုံးခဲ့(သို့မဟုတ်) ကျင့်သုံးဆဲ အမွေအနှစ်ဆိုသည်မှာ အစဉ်အဆက် ကျင့်သုံးလာခဲ့သော ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုဆိုင်ရာ အယူအဆများ၊ အလေ့အထများ၊ အသိပညာအတတ်ပညာနှင့် အတွေးအခေါ် အယူအဆများ၊ ကျင့်သုံးနေဆဲ စာပေနှင့် ဘာသာစကား၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရိုးရာပွဲလမ်းသဘင် အခမ်းအနားများ ဖြစ်ပါသည်။ ဥပမာဆိုရလျှင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော် စသည်တို့မှာ ကျွန်တော်တို့နိုင်ငံ၏ အကောင်အထည်မရှိပေမယ့် ခံစားတွေ့ရှိနိုင်ပြီး ကျင့်သုံးခဲ့(သို့မဟုတ်)ကျင့်သုံးဆဲ အမွေအနှစ်များ ဖြစ်ပါသည်။ အထူးသဖြင့် ယင်းပွဲတော်များ၏ စစ်မှန်သော အစဉ်အလာကျင့်ထုံးများနှင့် အငွေ့အသက်များကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရန် လိုအပ်ပါသည်။ ထို့အပြင် နောက်မျိုးဆက်သစ်များ တန်ဖိုးထားနိုင်ရန်အတွက် ထိုပွဲတော်များ မည်သို့ဖြစ်လာပုံနှင့် ကျင်းပရခြင်း ရည်ရွယ်ချက် စသည်တို့ကို လက်ဆင့်ကမ်း ပြောပြသင့်ပါသည်။

သဘာဝအမွေအနှစ်သည် ဒေသရင်းရှားပါးမျိုးစိတ်ဝင် သတ္တဝါများနှင့် အပင်များ၊ ဂေဟစနစ်၊ အနုပညာတန်ဖိုးအရနှင့် သိပ္ပံနည်းကျအရဖြစ်စေ သဘာဝအတိုင်း လှပစွာတည်ရှိနေသော တောတောင်၊ မြစ်ချောင်း၊ အင်းအိုင်များအပြင် ပျောက်ကွယ်လုနီးပါး (သို့မဟုတ်) မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသော သက်ရှိမျိုးစိတ်များ စသည်တို့ဖြစ်ပါသည်။ ထိုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရာတွင် ၎င်းသက်ရှိများနှင့်တကွ သူတို့ရှင်သန်ရာသဘာဝပတ်ဝန်းကျင်တစ်ခုလုံးကို ကာကွယ်ထိန်းသိမ်းရပါသည်။ သို့မှသာ ယင်းသက်ရှိများနှင့်အတူ ဂေဟစနစ်ကိုလည်း ထိန်းသိမ်းပြီးသား ဖြစ်သွားပါမည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် ဖြစ်လာမည့် အန္တရာယ်များကိုလည်း ကာကွယ်ပြီးသားဖြစ်သွားပါသည်။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝ အမွေအနှစ်များစွာရှိပါသည်။ အင်းတော်ကြီးအိုင်နှင့် ဘေးမဲ့တော (ကချင်ပြည်နယ်)၊ မြောက်ပိုင်းတောတောင်အစုအဝေးဖြစ်သော ခါကာဘိုရာဇီတောင်နှင့် ပတ်ဝန်းကျင် ထင်းရှူးတောများ၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ ဟူကောင်းတောင်ကြားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (ကချင်ပြည်နယ်)၊ ရောဂတီမြစ် (မန္တလေးတိုင်းဒေသကြီး)၊ နတ်မ,တောင် အမျိုးသားဥယျာဉ်(ချင်းပြည်နယ်)၊ တနင်္သာရီအမြဲစိမ်းသစ်တောနှင့် မြိတ်ကျွန်းစု(တနင်္သာရီတိုင်းဒေသကြီး)တို့သည် ထင်ရှားသောသဘာဝအမွေအနှစ်များ ဖြစ်ပါသည်။

အမွေအနှစ်များနှင့်ပတ်သက်၍ အနည်းငယ်သိပြီးနောက်တွင် "ဘာဖြစ်မလဲ"ဟူသော အတွေးကလည်း တစ်ဆက်တည်း ပေါ်လာပါသည်။ သိရုံမျှဖြင့် ဘာမှမဖြစ်သေးပါ။ တန်ဖိုးထားတတ်မှ ဖြစ်လာပါမည်။ ကျွန်တော်တို့သည် အမွေအနှစ်များကို ဖုန်းထဲက ဂိမ်းလောက်ကို တန်ဖိုးမထားတတ်ကြပါ။ အဖြေကတော့ "အမွေအနှစ်ဆိုတာဘာလဲ" လောက်တောင် မသိခဲ့ကြလို့ ဖြစ်ပါလိမ့်မည်။ ထို့ထက်ပိုဆိုးသည်မှာ အမွေအနှစ်များနှင့် ပတ်သက်လျှင် ကိုယ့်အတွက် ဘာမှမရဘူး၊ နောက်ဆုံးဂိမ်းဆော့တာလောက်တောင် ပျော်ရွှင်မှုမရဘူးလို့ ထင်ကြပါသည်။ အကြောင်းမှာ ရှေးဟောင်းသုတေသန၊ ယဉ်ကျေးမှုအမွေအနှစ်စသည်တို့မှာ ကျွန်တော်တို့အတွက် စကားလုံးအဆန်းများဖြစ်နေပြီး သမိုင်းဆိုသည်ကို လက်ဖက်ရည်ဆိုင်တွင် ငြင်းခုံသည့်အဆင့်ထက် မပိုခဲ့သောကြောင့် ဖြစ်ပါသည်။ (ပညာရပ်ဆိုင်ရာ အသိုင်းအဝန်းမှာ ခြွင်းချက်ဖြစ်ပါသည်။) ထိုသို့ဖြစ်ရခြင်းမှာလည်း အဘက်ဘက်မှ အားနည်းခဲ့သောကြောင့်ဖြစ်ပါသည်။ သို့သော် နောက်ပိုင်းကာလများ၌ ထိုပညာရပ်များနှင့်ပတ်သက်၍ အသိပညာနှင့်အတတ်ပညာဆိုင်ရာ ပညာပေးခြင်းများနှင့် ဆွေးနွေးပွဲများကို သက်ဆိုင်ရာလုပ်ငန်းများ၌ ကျယ်ပြန့်စွာ လုပ်ဆောင်လာကြပါသည်။ ထို့ကြောင့် ပညာရပ်အသိုင်းအဝိုင်းအတွက် သာမက ပြည်သူလူထုအတွက်ပါ လေ့လာဖို့ရာ ပိုမိုအဆင်ပြေလာပါသည်။ ထိုသို့လေ့လာရင်းနှင့် အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းချင်စိတ်များ ဖြစ်လာပါလိမ့်မည်။

အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရာတွင် အရင်ဆုံးသိရပါမည်။ ထို့နောက် တန်ဖိုးထားတတ်ရပါမည်။ ကျွန်တော်တို့သည် ကိုယ့်ဖုန်းထဲမှာ ဆော့ဖို့ဂိမ်းနှင့်ပတ်သက်၍ မည်သို့မည်ပုံကောင်းကြောင်းကို ပြောကြသလို မပျက်အောင်လည်း ထိန်းသိမ်းတတ်ကြပါသည်။ ထိုဂိမ်းနှင့်ပတ်သက်၍ ကောင်းသည်ကို ပြောချင်သောကြောင့်နှင့် တန်ဖိုးထားသောကြောင့်ဖြစ်ပါသည်။ အမွေအနှစ်များအပေါ်မှာလည်း ထိုကဲ့သို့ စိတ်လေးထားနိုင်မည်ဆိုလျှင် အလွန်တန်ဖိုးရှိပါမည်။ ထိုသို့ဖြစ်လာဖို့လည်း တိုက်တွန်းမျှော်လင့်ပါသည်။

ထို့ပြင် ကျွန်တော်တို့နိုင်ငံသည် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ပေါကြွယ်ဝသဖြင့် မီးခိုးမထွက်သော စက်ရုံကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ ထိုအမွေအနှစ်များကို တန်ဖိုးထားကာကွယ်ထိန်းသိမ်းလျက် ခရီးသွားလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ လူမှုဘဝကို တိုးတက်အောင် ဆောင်ရွက်သင့်ပါသည်။ အမွေအနှစ်များသည် အစားပြန်မရနိုင်သော အရာများဖြစ်သောကြောင့် နိုင်ငံတော်အနေနှင့် မှန်ကန်၍ စနစ်ကျသော စီမံခန့်ခွဲမှုများ၊ တိကျသော ဥပဒေနှင့် နည်းဥပဒေများ၊ ပြဋ္ဌာန်းထားသော ဥပဒေများကို လိုက်နာရန် ဆောင်ရွက်မှုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုများ စသည်တို့ကို ဆောင်ရွက်လျက် စနစ်တကျကာကွယ်ထိန်းသိမ်းသင့်ပါသည်။ နိုင်ငံတကာမှာလည်း ကိုယ့်နိုင်ငံ၌ရှိသော အမွေအနှစ်များကို ပြစားနေကြပါသည်။ အလားတူ မြန်မာနိုင်ငံလည်း ပြစားနိုင်ပါသည်။ သို့သော် ပညာနှင့် တန်ဖိုးထားမှုတော့ရှိရပါမည်။ ကိုယ်ကိုယ်တိုင်မှစ၍ တန်ဖိုးမထားလျှင် သူများကလည်း တန်ဖိုးထားလိမ့်မည်မဟုတ်ကြောင်းကို သတိပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဝတ္ထုတို

## အေးချမ်းအောင် (ခမိုင်း)



(၁)

လောကကြီးတွင် မိမိ၏ လျှို့ဝှက်ချက်ထက် အခြားသူတစ်ယောက်၏ လျှို့ဝှက်စေချင်သည့် အရာကို ထိန်းသိမ်းထားရသည်က ပိုပင်ပန်းမည်ဟု ကျွန်တော် ထင်မိသည်။ ထိုလျှို့ဝှက်ချက်ကို ထိန်းသိမ်းထားခြင်းဖြင့် အများသူငါ အကျိုးရှိသည်ဖြစ်ပါက ထိန်းသိမ်းသင့်ပါသည်။ ယခုမှု ထိုသို့မဟုတ်ပေ။ လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားပါက အခြားသူတစ်ယောက်မှာ ထိခိုက်နစ်နာနိုင်ပြီး ထုတ်ဖော် ပြောပြလိုက်ပါက လျှို့ဝှက်ချက်ပိုင်ရှင်မှာ ထိခိုက်နိုင်ပြန်သည်။ မောင်မောင်သည် ထိုကဲ့သို့သော လျှို့ဝှက်ချက်ကို ကျွန်တော့်ထံ အပ်နှံထားခဲ့သည်။

(၂)

မောင်မောင်နှင့် ကျွန်တော်သည် သူငယ်ချင်းများဖြစ်သည်။ သူငယ်တန်းကတည်းက သိကျွမ်းခင်မင်ခဲ့သည်။

ငယ်သူငယ်ချင်းများဖြစ်သည့် အလျောက် အလွန်ခင်မင်ခဲ့သည်။ သို့သော် တစ်ယောက်နှင့် တစ်ယောက် ဝါသနာချင်း၊ လူပုံစံချင်း မတူညီပေ။ မောင်မောင်က ရုပ်ရည်ချောမောပြီး ငွေကြေးပြည့်စုံသည်။ ထို့ကြောင့် ဆော်ကြည်ဘဲ ဖြစ်သည်။ ဆော်ကြည်ဘဲ နာမည်နှင့်လိုက်အောင် ရည်းစားအလွန်များသည်။

သူငယ်ချင်းမောင်မောင်တွင် ရည်းစားများသော်လည်း ကျွန်တော့်မှာ ဘွဲ့ရပြီးသည့်တိုင် ရည်းစားတစ်ယောက်မျှ မထားခဲ့ဖူးပါ။

ကျွန်တော်၏ ရုပ်ရည်မှာလည်း ရွက်ကြမ်းရေကျို အဆင့်သာရှိသည်။ သို့သော် စာဖတ်အလွန်ဝါသနာပါသောကြောင့် ရည်းစားစာကို ရွှန်းရွှန်းဝေအောင် ရေးနိုင်ပါသည်။ မောင်မောင်ကမူ ထိုသို့မရေး၊ မပြောရဘဲ ကောင်မလေးများက ဝိုင်းကြိုက်ကြသည်။ အားကစားထူးချွန်၍ ဉာဏ်ကောင်းသော မောင်မောင်သည် ကိုယ်ခန္ဓာ ထွားကြိုင်းသန်မာရုံသာမက လူမှုဆက်ဆံရေးလည်း အလွန်ကောင်းသည်။ ထို့ကြောင့် မောင်မောင်သည် ဆယ်တန်းနှစ်တွင် ရည်းစားနှစ်ယောက် ရခဲ့သည်။ ဆယ်တန်းစာမေးပွဲအတွက် စိုးရိမ်ပြီး ကျွန်တော်က သတိပေးသောအခါ "ငါက ကြိုက်လို့ ရည်းစားထားတာမှ မဟုတ်တာ။ သူတို့က ငါ့ကို ကြိုက်နေမှန်းသိလို့ ကုသိုလ်ရအောင် ပြန်ကြိုက်ပေးတာ။ စာမေးပွဲအတွက် ဘာမှ စိတ်မပူနဲ့"ဟု ပြောခဲ့သည်။

မောင်မောင်၏စကားကို ကြားလိုက်သောအခါ ကျွန်တော် အံ့သြသွားသည်။ ချစ်သူရည်းစားဟူသည် နှစ်ကိုယ်တူချစ်မှ တွဲကြသည်ဟု ကျွန်တော်က ထင်ထားခဲ့သည်။ မောင်မောင်အတွက်မူ အတွဲဖြစ်တာကပင် ချစ်သူဖြစ်နေမည်လား သို့တည်းမဟုတ် အပျော်တွဲ ရည်းစားဆိုတာမျိုး ဖြစ်နေမည်လား မသိပေ။ ရည်းစားများလွန်းသည့် မောင်မောင်ကို တစ်ခါတစ်ရံ ကျွန်တော်သိပ်ပြီး ကြည့်မရချင်ခဲ့။ မောင်မောင်၏ ရည်းစားများနေခြင်းအပေါ် မနာလိုခြင်းလည်း မဟုတ်ပေ ။

(၃)

ဘွဲ့ရပြီးချိန်၌ ကျွန်တော်သည် ဝါသနာပါသည့် ကျောင်းဆရာလောကသို့ ဝင်ရောက်ခဲ့သည်။ မွေးရပ်မြေ မုံရွာမြို့နှင့် အလှမ်းဝေးသည့် ချင်းတွင်းမြစ်အထက်ပိုင်း ဖောင်းပြင်မြို့နယ်တွင် တာဝန်ကျသည်။ မောင်မောင်က မုံရွာမြို့ပေါ်ရှိ သူ၏အဖေပိုင်ဆိုင်သည့် ဆိုင်ကယ်ဝပ်ရှော့ဆိုင်ကို ဦးစီးလုပ်ကိုင်သည်။

နွေရာသီကျောင်းပိတ်၍ မုံရွာသို့ ကျွန်တော်ပြန်ရောက်နေစဉ် မောင်မောင်က မန္တလေးသို့သူနှင့်အတူ လိုက်ခဲ့ရန် ဆိုင်ကယ်ဖြင့် လာခေါ်သည်။ မောင်မောင်၏ရည်းစားရှိရာ မန္တလေးသို့သွားရန်ဖြစ်သည်။ ကိုယ်တိုင်ရည်းစားမရှိသေးသော်လည်း ထိုကဲ့သို့ မောင်မောင်ကခေါ်တိုင်း ကျွန်တော် ဘယ်တော့မှ ငြင်းလေ့မရှိပေ။

မန္တလေးမြို့ရှိ ဘုရားကြီးအရှေ့ဘက်မုခ်တွင် မောင်မောင်၏ ရည်းစားနှင့်တွေ့သည်။ ပြုံးရွှင်စွာစောင့်နေသည့် သူ၏ရည်းစားနှင့် ကျွန်တော့်ကို မောင်မောင်က မိတ်ဆက်ပေးသည်။

"ဒါက ကျွန်တော့်သူငယ်ချင်း အောင်ထွန်းသာတဲ့" ကျွန်တော်ကပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

"ထွေန်း ဒါက စန္ဒီနွယ်တဲ့ "

စန္ဒီနွယ်က ကျွန်တော့်ကို ပြန်လည်ပြုံးပြ နှုတ်ဆက်သည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ စန္ဒီကိုလည်း မောင်မောင်လိုပဲ ခင်ပါနော်"

ပြုံးပြရင်း သွက်လက်စွာပြောနေသည့် စန္ဒီကို ကျွန်တော်ခင်မင်သွားမိသည်။

စန္ဒီသည် မျက်ခုံးမွေးကောင်းကောင်း၊ မျက်တောင် ရှည်ရှည်ကော့ကော့၊ မျက်နှာက အနည်းငယ်ဝိုင်းသည်။ အသားအရေက မဖြူသော်လည်း အညိုရောင်ဟု မဆိုသာပြန်။ အသားရောင် စိုစိုဝင်းဝင်းဟု ပြောလျှင် ပိုမှန်လိမ့်မည်ထင်သည်။ ဆံပင်အရင်းတွင် ခေါင်းစည်းကြိုးဖြင့်စည်း၍ နောက်ဘက်သို့ ချထားသည်။ လည်တိုင်ရှင်းရှင်းဖြင့် အရပ်မြင့်သည့်ဟန်ရှိသော စန္ဒီသည် သေးသွယ်သည့်ခါးကြောင့် သူမ၏ ရင်နှင့်တင်တို့မှာ ပိုမိုဖွံ့ထွားသယောင်ထင်ရသည်။ ထို့ကြောင့် လိမ္မော်ရောင် ဝတ်စုံဝမ်းဆက်ဖြင့် ခန္ဓာကိုယ်ကောက်ကြောင်းများက မို့မောက်တင်းရင်း လှပလျက်ရှိသည်။ ပြုံးလိုက်သည့်အခါ ပေါ်ထွက်လာသည့် သွားတက်ကလေး နှစ်ခုကလည်း စန္ဒီ၏ အလှကို ကူပင့်နေသကဲ့သို့ ဖြစ်နေသည်။ ကျွန်တော်တို့နှင့် အသက်အရွယ်တူ ၂၃ နှစ်ဖြစ်နေသောကြောင့် လှသွေးများက ကြွလျက်၊ ကြွယ်လျက်ရှိနေသည်။

တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပြီး ဘုရားကြီးမြောက်ဘက်ရှိ စားသောက်ဆိုင်တစ်ခုတွင် ဝင်ရောက် စားသောက်ကာ စကားပြောရင်း စန္ဒီနှင့် ကျွန်တော် ခင်မင်သွားခဲ့သည်။ ထို့နောက် မောင်မောင်နှင့် စန္ဒီက မြို့ထဲသို့ လျှောက်လည်သည်။ ကျွန်တော်သည် ဘုရားကြီး အရှေ့မြောက်ဘက်ရှိ သိကျွမ်းသည့် ဘုန်းတော်ကြီးကျောင်းတိုက်တစ်ခုသို့ သွား၍ မောင်မောင်ကို စောင့်နေလိုက်သည်။

မုံရွာသို့ ပြန်လာကြစဉ် မောင်မောင်က သူ၏ရည်းစားနှင့် လျှောက်လည်ခဲ့သည်ကို ပြန်လည်ပြောပြသည်။ သူတို့နှစ်ယောက် အချစ်နယ်ကျွံမိခဲ့ပြီဖြစ်သည်။

"မထိန်းသိမ်းနိုင်ကြလို့ ဖြစ်ခဲ့ကြပြီပဲ။ လက်ထပ်ဖို့ စီစဉ်ကြပေါ့ကွာ။ ဖုံးမရဖိမရဖြစ်မှ မင်္ဂလာဆောင်နေရရင် မကောင်းပါဘူးကွာ"

"ဟေ့ကောင် ထွေန်း။ မင်းက တောမှာ သွားပြီး ကျောင်းဆရာလုပ်နေတော့ ဒီလို အထာတွေကို မင်း မသိသေးပါဘူးကွာ။ ဆေးသိဖို့ လိုတယ်ကွ "

မောင်မောင်၏ စကားအဓိပ္ပာယ်ကို ကျွန်တော် သဘောပေါက်သွားသည်။ ကျွန်တော့်မှာ ညီအစ်ကိုနှစ်ယောက်သာ ရှိသော်လည်း နှမချင်းကိုယ်ချင်းစာသည်။ ကိုယ်ကျူးလွန်မိသည့် အပြစ်အတွက် တာဝန်ယူစေချင်သည် ။ မောင်မောင်က ထိုသို့မဟုတ်။ ဆေးဝါးဖြင့် ဖြေရှင်းရန်ကြိုးစားသည်။ မောင်မောင်၏ ရည်းစားများခြင်းအပေါ် ကျွန်တော် တစ်ခါတစ်ရံကြည့်မရ ဖြစ်ခဲ့သည်မှာ ထိုအချက်ကြောင့် ဖြစ်နိုင်သည်။

(၄)

နွေကျောင်းပိတ်ရက် ကုန်ဆုံး၍ မေလထဲသို့ ရောက်ရှိခဲ့ပြီ။ တာဝန်ကျသည့် ဖောင်းပြင်မြို့ကို ပြန်သွားရတော့မည်။ အိပ်ခန်းထဲတွင် ပန်ကာကိုဖွင့်ပြီးထိုင်ရင်း ဟန်းဆက်ထဲမှ လေးတန်းကျောင်းသားကျောင်းသူလေးများ၏ ပုံကို သတိရစွာ ကြည့်နေမိသည်။

ထိုစဉ် အိမ်ရှေ့မှ ဆိုင်ကယ်ဟွန်းတီးသံကြားလိုက်ရသဖြင့် ထွက်ကြည့်ရာ ဆိုင်ကယ်ပေါ်မှ ရေးကြီးသုတ်ပြာဖြင့် ဆင်းလာသည့် မောင်မောင်ကို တွေ့လိုက်ရသည်။

"လာ မောင်မောင်။ ဘယ်က လှည့်လာတာလဲ "

"မင်းဆီ လာတာပဲ"

"ကဲ ပြော၊ ဘာကိစ္စလဲ "

"စန္ဒီက မင်းဆီ ဖုန်းဆက်ပြီး ငါ့အကြောင်း မေးရင် မုံရွာမှာမရှိဘူး။ အလုပ်ကိစ္စနဲ့ ခန္တီးဘက်တက်သွားတယ်လို့ ပြောလိုက်ဦး"

"မင်း ပြောလည်းရတာပဲ"

"ငါပြောထားပြီးပြီ။ သူက ငါ့ကို သိပ်မယုံချင်ဘူး။ မင်းကို မေးလာလိမ့်မယ်။ မင်းက မုံရွာမှာ ငါရှိတယ်ဆိုပြီး ပြောလိုက်မှာ စိုးရိမ်လို့"

မောင်မောင်၏ ဆိုလိုရင်းစကားကို ကျွန်တော်နားမလည်နိုင်အောင် ဖြစ်သွားပါသည်။ နားမလည်သည့် ကျွန်တော်၏ အမူအရာကို ကြည့်ပြီး မောင်မောင်က နားလည်သွားကာ ရှင်းပြသည်။

"မင်းမပါဘဲနဲ့ ငါတစ်ယောက်တည်း စန္ဒီဆီ ခဏ ခဏရောက်ဖြစ်တယ် ။ အဲဒီလို သွားရင်း စန္ဒီရဲ့သူငယ်ချင်း လဲ့ဇာခြည်နဲ့ပါ ခင်ခဲ့တယ်။ အခု လဲ့ဇာခြည်နဲ့ ငါကချစ်သူတွေ ဖြစ်နေကြပြီ"

ကျွန်တော် ဒေါသတွေ အစိမ်းလိုက်ထွက်သွားသည်။ စားလက်စပန်းသီးကို အိမ်အပြင်သို့ အားကုန်ပစ်ပေါက်လိုက်သည်။

"တော်တော် ယုတ်မာတဲ့အကောင်။ စန္ဒီကို လက်ထပ်ဖို့ မတွေးတဲ့အပြင် စန္ဒီရဲ့ သူငယ်ချင်းနဲ့ပါ ရည်းစားဖြစ်နေတယ်။ ဘယ်လောက်တောင် အောက်တန်းကျ ယုတ်မာပက်စက်လွန်းတဲ့ လူစားမျိုးလဲကွာ "

ထိုစကားတွေကား ကျွန်တော်၏ စိတ်တွင်း၌သာ ပြောနေခဲ့သည်။ နှုတ်ဖျားက ထွက်လာသည်ကား

" ထွီ...။ ပန်းသီးတွေကလဲ အပြင်ပန်းသာ လှနေတာ။ အတွင်းထဲက လောက်ကောင်တွေနဲ့ ကွာ "

မောင်မောင်သည် ကျွန်တော်၏အဖြစ်ကို မရိပ်မိဘဲ စကားဆက်ပြန်သည်။

"နောက် ၅ ရက်နေရင် ဇာခြည်က ငါ့ဆီ လာမှာတဲ့"

"လဲ့ဇာခြည်နဲ့ မင်းကိစ္စကို စန္ဒီက သိပြီးပြီလား "

"ဘယ်သိမှာလဲကွ။ သိတယ်မဟုတ်လား မောင်မောင်က ဒီကိစ္စတွေမှာ ကျွမ်းပြီးသား။ အခုလဲ မင်းဆီ ဖုန်းဆက်မေးနေရင် ပေါ်သွားမှာ စိုးရိမ်လို့ ကြိုပြောထားတာ။ ခန္တီးကို ဒီနေ့ သွားမယ်။ ဟိုမှာဖုန်းလိုင်းမမိဘူးလို့ ပြောထားတယ်။ ညနေဆို ငါ့ရဲ့ ဖုန်းကတ်ထုတ်ထားလိုက်တော့မှာ"

မောင်မောင်က သူ၏ လျှို့ဝှက်ချက်အား ကျွန်တော့်ထံ အပ်နှံထားခဲ့သည်။

"မင်း အဲလိုတော့ မလုပ်သင့်ဘူး " ဟု မောင်မောင်ကို တားချင်သော်လည်း သူလက်ခံမှာ မဟုတ်သည့်အတွက် ကျွန်တော် မပြောလိုက်တော့ပေ။ မိမိ၏ချစ်သူကို သူငယ်ချင်းနှင့် မိတ်ဆက်ပေးမိကာမှ သူငယ်ချင်းက စနိုက်ကျော်သွားသည်ကိုပင် မသိလိုက်သည့် စန္ဒီနွယ်ကို ကျွန်တော် အလွန်သနားမိသည်။

မောင်မောင်က နှုတ်ဆက်ပြီး ပေါ့ပါးမြူးထူးစွာ ပြန်သွားသော်လည်း ကျွန်တော့်မှာ မွန်းကျပ်စွာ ကျန်ရစ်ခဲ့သည်။

စိတ်ပြေလက်ပျောက်ဖြစ်စေရန် ကမ်းနားလမ်းဘက်သို့ ဆိုင်ကယ်မောင်း၍ ထွက်လာခဲ့သည်။ လျှပ်စစ်ရုံးဘေးရှိ ကုက္ကိုပင်တန်းအောက်အရောက်တွင် ခါး၌ထိုးထားသည့် လက်ကိုင်ဖုန်းက ဖုန်းဝင်လာသဖြင့် ဆိုင်ကယ်ကို ရပ်လိုက်ရသည်။ ဖုန်းကိုင်မည်ပြုစဉ် ဖုန်းတီးလုံးသံက ရပ်သွားခဲ့သည်။

ဖုန်းကိုထုတ်၍ လွတ်သွားသော နံပါတ်ကို ကြည့်လိုက်ရာ စန္ဒီ၏ ဖုန်း ဖြစ်နေသည်။

ထိုစဉ် ကုက္ကိုပင်ခြေရင်းဘက်မှ ဖားအော်သံကြားလိုက်ရသည်။ အသံလာရာဆီ ကြည့်လိုက်သောအခါ မြွေက ဖားငယ်အား ကိုက်ထားသည်ကို တွေ့လိုက်ရသည်။ ဖား၏ အသက်ကို ကယ်တင်လျှင် မြွေကအစာငတ်လိမ့်မည်။ မြွေကိုအစာဝစေလိုလျှင် ဖားကို အသေခံခိုင်းရမည်။ မည်သူ့ကို ကယ်တင်ရမည်နည်း။ ကျွန်တော် ဝေခွဲမရနိုင်အောင် ဖြစ်နေသည်။

စန္ဒီနွယ်ထံမှ ဖုန်းဝင်လာပြန်သည်။ ဖုန်းကိုင်လိုက်သည်နှင့် စန္ဒီက မောင်မောင်အကြောင်း စမေးသည်။ ကျွန်တော်မည်သို့ ဖြေရမည်နည်း။ ကျွန်တော်ဝေခွဲမရအောင် ဖြစ်ရပြန်သည်။ ထိုစဉ် မြွေကိုက်ခံရ၍ နာကျင်စွာအော်နေသည့်ဖားငယ်၏ သေလုမျောပါး အော်မြည်သံကို ကြားရပြန်သည်။

"ဟယ်လို စန္ဒီနွယ်၊ ခဏကိုင်ထားပေးနော်။ ဒီမှာ ကျွန်တော်လုပ်စရာလေးရှိလို့"

မြွေပါးစပ်အတွင်းမှဖားကို ကျွန်တော် ကယ်တင်လိုက်သည်။ မြွေကိုမသတ်ဘဲ ခြောက်လှန့်ရုံဖြင့် ဖားကိုကယ်တင်နိုင်သည်။ သို့သော် မြွေသည်အခြားဖားများကို ထပ်ပြီး ရှာစားဦးမည်ဖြစ်သည်။ ကျွန်တော်သည် အနီးရှိ တုတ်ချောင်းဖြင့် မြွေကို စိတ်ရှိလက်ရှိ ရိုက်သတ်ပစ်ခဲ့သည်။

( ၅ )

မောင်မောင်သည် စန္ဒီနွယ်အား လက်ထပ်ယူရန် စိတ်ကူးမရှိပါ။ ထို့ကြောင့် စန္ဒီနွယ်ကို လက်ထပ်ဖြစ်လိမ့်မည်ဟု မောင်မောင်တွေးထားခဲ့မည် မဟုတ်ပေ။ နှစ်ရက်ခန့်အကြာတွင် မောင်မောင်သည် ကိုယ်ဝန်ဖြင့် မုံရွာအထိ လိုက်လာသည့် စန္ဒီနွယ်ကို မြို့နယ်တရားရုံးတွင် လက်မှတ်ထိုး၍ အလျင်အမြန် လက်ထပ်လိုက်ရသည်။ ။

**တို့ချစ်တဲ့ မြစ်ရော**

တို့ချစ်တဲ့ မြစ်ရော
လှပစွာ သွယ်တန်း...။
မြစ်နှစ်သွယ် ပေါင်းဆုံကျလို့
နှီးထလျှောက်လှမ်း...။
တို့ချစ်တဲ့ မြစ်ရော
မှိုင်းရီကာ
တောင်ညိုကြား.....။
သမိုင်းတည်
သက်သေဖြစ်လို့
လှစစ်ဝင့်ကြွား.....။
တို့ချစ်တဲ့ မြစ်ရော
မရှားပါ သယံဇာတ.....။
စားဝတ်နေ
ဂုဏ်ရှိန်တိုးအောင်
ဖြိုးမောက်ပေစ.....။
တို့ချစ်တဲ့ မြစ်ရော
မြင်ရတာ ရင်ပီတိ.....။
တိုင်းရင်းတွေ ညီနောင်
တွဲလျက် မခွဲမြဲဘိ.....။
တို့ချစ်တဲ့ မြစ်ရော
မြန်ပြည်သာ
ရွှေရောင်တောက်.....။
ရာဇဝင် အံ့မခန်းနှင့်
သွယ်တန်း
တောင်မြောက်.....။
တို့ချစ်တဲ့ မြစ်ရော
ရှည်ကြာစွာ
တည်တံ့ရေး.....။
ညီနောင်ဆွေ ဖွဲ့မပျက်နှင့်
တွဲယှက်ကြလေး.....။

သစ္စာစေတမာန် (မြင်သာ)

ဆောင်းပါး

# အတ္တမာနကို ပြုပြင်ကြည့်ပါ

■ နတ်သျှင်(ရွှေဂူ)

လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖတ်ဖူးတဲ့ပုံပြင်လေးတစ်ပုဒ်အကြောင်း သတိရနေမိပါတယ်။ ဖတ်ခဲ့ဖူးတာအတော်ကြာခဲ့ပါပြီ။ ဒါပေမယ့် ဒီနေ့ခေတ်မှာရော နောင်ခေတ်တွေတိုင်အောင် အသက်ဝင်လှုပ်ရှားနေဦးမယ့် ပုံပြင်လေးဖြစ်တာမို့ ရင်ထဲမှာ နှစ်နှစ်ကာကာ စွဲလမ်းနေခဲ့မိတာပါ။

ပုံပြင်လေးက ဒီလိုပါ။ တစ်ခါတုန်းက နွားမွေးမြူတဲ့လူတစ်ယောက်ဟာ သူမွေးထားတဲ့နွားတွေကို အစာကျွေးဖို့အတွက် တောထဲကို မြက်ရိတ်ထွက်လာခဲ့ပါတယ်။ တောထဲရောက်တဲ့အခါ သူမြက်ရိတ်နေကျနေရာမှာ တခြားမြက်ရိတ်သမားတွေက သူ့အရင်ဦးသွားကြလို့ နွားစာရိတ်ဖို့ အဆင်မပြေ ဖြစ်နေပါသတဲ့။ မြက်ရိတ်သမားလည်း တခြားရနိုင်မယ့်နေရာသစ်တွေကို လိုက်လံရှာဖွေရင်း တစ်ဖက်ရွာရဲ့တောဘက်ကို ရောက်လာခဲ့ပါတော့တယ်။ နောက်တော့ သူလိုချင်တဲ့မြက်တွေကို အရင်နေ့တွေထက်ပိုပြီး ရိတ်ဖြတ်ပါတယ်။ ရိတ်ဖြတ်ပြီးသွားတဲ့မြက်တွေကို ကြိုးနဲ့ စည်းပြီး ပခုံးပေါ်ကို ထမ်းလိုက်ချိန်မှာ မြက်ထုံးက အတော်ကြီးနေတာကြောင့် မနိုင်မနင်းဖြစ်နေပါတော့ပါတယ်။

ဒါနဲ့ အနီးအနားမှာရှိတဲ့ ဝါးလုံးတိုကိုယူ တစ်ဖက်က မြက်ထုံး တစ်ဖက်က မြက်ထုံးနဲ့ အလေးချိန်ညီမယ့် ကျောက်တုံးတစ်တုံးကိုချည်ပြီး လျှိုထမ်းကာအိမ်ပြန်ခဲ့ပါတယ်။ လမ်းတစ်နေရာရောက်တော့ မျက်နှာစိမ်းလူတစ်ယောက်က မသက်မသာနဲ့ ထမ်းလာတဲ့သူ့ကိုကြည့်ပြီး အကြံပေးပါသတဲ့။ "ကိုယ့်ဆရာက အတော်ဒုက္ခရှာတာကိုး။ မြက်ထုံးကို တစ်ဝက်စီခွဲ ရှေ့နဲ့နောက် ချည်လိုက်ရင်ရတာပဲလေဗျာ"။ ဒီတော့မှ "ဟုတ်သားပဲနော်။ ကျုပ်မတွေးမိဘူးဗျာ"။ အဲဒီလူအကြံပေးတဲ့အတိုင်း ကျောက်တုံးကိုဖယ် မြက်ထုံးကို ရှေ့နောက်တစ်ဝက်စီခွဲချည်လို့ သက်သက်သာသာ ပြန်လာခဲ့ပါတယ်။ ခမ်းလှမ်းလှမ်းရောက်တယ်ဆိုရင်ပဲ သတိရတာနဲ့ အကြံပေးတဲ့သူစီကို ပြန်သွားပြီး "မိတ်ဆွေ ခဏနေပါဦးဗျ။ ခင်ဗျားပေးတဲ့အကြံဉာဏ်က အတော်လေးအဆင်ပြေပါတယ်။ ဒါပေမယ့် ကျုပ်ကိုဒီလိုလုပ်ရင်ကောင်းမယ်လို့ အကြံပေးတဲ့ခင်ဗျားက ဘယ်သူလဲ" လို့ မေးလိုက်တော့ အကြံပေးသူက "ကျွန်တော်က ရွာစဉ်လှည့်တောင်းစားနေတဲ့ သူတောင်းစားပါ"။ "ဘာကွ

“မြက်ရိတ်သမားလည်း စိတ်ဆိုးမာန်ဆိုးနဲ့ "စောစောကမင်းကို သူတောင်းစားမှန်းမသိလို့ မင်းပေးတဲ့အကြံကိုယူလိုက်မိတာ။ အခု မင်းကို သူတောင်းစားမှန်း သိသွားပြီ။ မင်းလိုသူတောင်းစားပေးတဲ့ အကြံကို ငါကလက်ခံရမှာလား။ မလိုဘူးဟေ့"လို့ ဒေါသတကြီးနဲ့ပြန်ပြောပြီး မြက်ထုံးကို ပြန်ပေါင်း ကျောက်တုံးကို တစ်ဖက်မှာချည်ပြီး အိမ်ကိုပြန်ခဲ့ပါတော့တယ်”

မင်းကသူတောင်းစား"။ "ဟုတ်ပါတယ်"။ မြက်ရိတ်သမားလည်း စိတ်ဆိုးမာန်ဆိုးနဲ့ "စောစောက မင်းကိုသူတောင်းစားမှန်းမသိလို့ မင်းပေးတဲ့အကြံကိုယူလိုက်မိတာ။ အခု မင်းကို သူတောင်းစားမှန်း သိသွားပြီ။ မင်းလိုသူတောင်းစားပေးတဲ့ အကြံကို ငါကလက်ခံရမှာလား။ မလိုဘူးဟေ့"လို့ ဒေါသတကြီးနဲ့ပြန်ပြောပြီး မြက်ထုံးကိုပြန်ပေါင်း ကျောက်တုံးကို တစ်ဖက်မှာချည်ပြီး အိမ်ကိုပြန်ခဲ့ပါတော့တယ်။

ပုံပြင်လေးက ဒီလောက်ပါပဲ။ စာဖတ်သူအနေနဲ့ ဒီပုံပြင်လေးဟာ ဟာသတစ်ခုလို ရူးကြောင်ကြောင်ဇာတ်လမ်းအဖြစ် ထင်မိကောင်း ထင်မိနိုင်ပါတယ်။ ဒါပေမယ့် ဒီပုံပြင်လေးထဲက မြက်ရိတ်သမားလို လူစားမျိုးတွေ ဟောဒီလောကကြီးမှာ အများကြီးရှိနေတယ်ဆိုတာကိုတော့ လက်မခံလို့မရပါဘူး။ လူအမျိုးမျိုး စိတ်အထွေထွေဆိုတာလို လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ခံယူချက်ခြင်း မတူညီကြသလို ယုံကြည်မှုခြင်းလည်း မတူညီကြပါဘူး။ တချို့သောလူတွေက ကိုယ်ပြောတာမှ အဟုတ်ထင်တတ်ကြသလို ကိုယ်လုပ်တာကိုမှ အမှန်လို့ တရားသေယူဆနေသူတွေလည်း ဒီလောကမှာ အများကြီးပါ။ အဲဒီလိုလူတွေကိုသွားပြီး စေတနာဗလပွနဲ့ ဘယ်လောက်ပဲကောင်းတဲ့ နည်းလမ်းတွေ ပေးဝေနေပါစေသူတို့အဖို့တော့ လက်ခံဆောင်ရွက်ဖို့ ခက်ခဲနေတတ်တာ အမှန်ပါပဲ။ မြက်ရိတ်သမားနဲ့တူတဲ့ တချို့သောသူတွေ ရှိပါသေးတယ်။ ကိုယ်လုပ်တာကို မှားမှန်းသိနေပါလျက်နဲ့ အမြင်မတော်လို့ အကြံဉာဏ်ပေးသူကို မခံချင်စိတ်ထားပြီး ပြုပြင်ဖို့လက်တွန့်နေတာတွေလည်း ဒီလောကမှာ အများကြီးရှိနေပါတယ်။ ကိုယ့်ထက်ငယ်ရွယ်သူက အကြံဉာဏ်ပေးလို့ ကိုယ့်ထက်ရာထူးနိမ့်သူက အကြံဉာဏ်ပြုလို့ ကိုယ့်တပည့်ကပြောလာလို့ ကိုယ့်လောက်မချမ်းသာသူက အမှားထောက်ပြလို့ ကိုယ်လောက်တောင် အောင်မြင်မှုမရှိသူက အကြံပေးလာလို့ဆိုတဲ့ သဘာဝမကျတဲ့ စိတ်ခံစားမှုတွေ အဆင့်အတန်းဆိုတာကြီးတွေကိုကိုင်ဆွဲပြီး လက်ခံခြင်းမပြုပါဘဲ အတ္တတွေခေါင်စိုက် မာနတွေမြင့်ထည်နေသူတွေ ဒုနဲ့ဒေးပါ။ အသိမိတ်ဆွေတစ်ယောက်ဆိုရင် သူ့ကိုကောင်းစေချင်တဲ့ စေတနာနဲ့ နည်းလမ်းလေးတွေ ပေးဝေမိပါတယ်။ သူက ဆရာလုပ်တယ်အမှတ်နဲ့ လက်မခံရုံတင်မက စကားပြောဆိုခြင်း မရှိတော့တဲ့အပြင် အဆက်အသွယ်ပါ ဖြတ်တောက်သွားပါတယ်။

ပုထုဇဉ်လူသားဆိုတာ အတ္တမကင်းကြသလို မာနလည်း မကင်းကြပါဘူး။ အတ္တမာန မကင်းသူတွေဖြစ်နေလို့လည်း အမှားဆိုတာ အနည်းနဲ့အများတော့ ပြုလုပ်မိကြမှာဖြစ်ပါတယ်။ ပုထုဇဉ်ပီပီ အတ္တမာနတွေ မကင်းနိုင်သေးဘူးဆိုပေမယ့်လည်း မြက်ရိတ်သမားလို အတ္တ မာနမျိုးတော့ မထားရှိစေချင်ပါဘူး။ ကိုယ်လုပ်နေတဲ့ အလုပ်ကိစ္စ၊ ကိုယ်ပြောနေတဲ့စကား၊ ကြံစည်နေတဲ့အတွေးတွေမှာ အမှန်တွေချည်း မဖြစ်နိုင်သလို အမှားဆိုတာလည်း အနည်းနဲ့အများတော့ ပါဝင်ပတ်သက်နေမှာအမှန်ပါပဲ။ အဲဒီအမှားတွေဟာ ပြုပြင် သွားရင် အောင်မြင်ဆုံးဘဝ အကောင်းဆုံးဘဝကို ပိုင်ဆိုင်နိုင်ပေမယ့် မပြုမပြင်ဘဲ ဆက်လက်ပြီး မှားယွင်းနေဦးမယ် ဆိုခဲ့ရင် နစ်နာသူဟာ ကိုယ်ပဲဖြစ်ပါတယ်။ "အမှားကြာ အမှန်ဖြစ်" ဆိုတာလို အမှားတွေထဲမှာ နေသားတကျဖြစ်လာခဲ့ရင် အဲဒီအမှားတွေကိုပဲ အမှန်တရားအဖြစ် ခံယူလာတတ်ပါတယ်။ အမှားတွေကို အမှန်တရားအဖြစ် ထင်နေမြင်နေသမျှ အမှန်တရားတွေဟာ ကိုယ်ဘဝထဲကနေ ဝေးသထက်ဝေးရာကို ထွက်ခွာသွားကြတော့မှာ ဖြစ်ပါတယ်။ အမှန်တရားနဲ့ဝေးကွာလာပြီဆိုတာနဲ့ စစ်မှန်တဲ့ပျော်ရွှင်စရာတွေနဲ့ ဝေးလာမယ်။ ပြည့်စုံခြင်းတွေနဲ့ ဆန့်ကျင်လာမယ်။ အောင်မြင်မှုတွေ ပျောက်ဆုံးလာပါတော့မယ်။ မိတ်ဆွေကောင်းတွေ ပျောက်ဆုံးလာမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင် အပေါင်းအသင်းတွေက ကိုယ်နဲ့ ပေါင်းသင်းဆက်ဆံဖို့ ငြင်းဆိုလာပါလိမ့်မယ်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ ကိုယ့်ကိုအလိုမရှိကြတော့ဘူးဆိုရင် ကိုယ့်ဘဝ ကိုယ့်စိတ်ဟာ အထီးကျန်ဆန်လာပြီး အစစအရာရာ အဆင်မပြေမှုတွေက ဆီးလို့ကြိုဆိုနေတော့မှာလည်း ဖြစ်ပါတယ်။

ကိုယ့်ဘဝကို တကယ်ကောင်းစေချင်တယ်၊ တိုးတက်စေချင်တယ်၊ ပေါင်းသင်းဆက်ဆံရေးမှာ အဆင်ပြေချင်တယ်ဆိုရင် မကောင်းတဲ့စိတ် မှားယွင်းနေတဲ့နည်းလမ်းတွေကို ပြုပြင်လွယ်သူဖြစ်ဖို့ လိုပါတယ်။ ကိုယ့်လုပ်နေတဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိသားစုအရေးစတဲ့ အရေးကိစ္စတွေနဲ့ပတ်သက်ပြီး မိတ်ဆွေအပေါင်းအသင်း ဆရာသမား တပည့်လက်သား မိသားစုဝင်တွေက အကြံဉာဏ်ပေးလာရင် နားထောင်နိုင်စွမ်းရှိအောင် လေ့ကျင့်ထားရပါမယ်။ ငါလူကြီး၊ ငါမိဘ၊ ငါဆရာပဲဆိုတာတွေနဲ့ တခြားသူတွေပြောတာကို ဂရုစိုက်စရာမလိုဘူး။ တပည့်တွေပြောတာ နားထောင်နေစရာမလိုဘူး။ သားသမီးတွေပြောတာကို အရေးလုပ်စရာလားလို့ မအောက်မေ့စေချင်ပါဘူး။ ကိုယ်လုပ်နေတဲ့လုပ်ငန်းတွေမှာ အားနည်းချက်၊ အားသာချက် အမှားအမှန်ဆိုတာတွေ ရှိနေတတ်သလို တစ်ခါတလေမှာ တစ်ဖက်လူရဲ့ အကြံဉာဏ်လေးတွေကို လေးလေးစားစား နားထောင်လက်ခံပေးသင့်ပါတယ်။ နားထောင်ပြီးတဲ့အခါ သူတို့ပြောတဲ့စကား သူတို့ပေးတဲ့ အကြံဉာဏ်တွေဟာ ကောင်းလား၊ ဆိုးလားဆိုတဲ့ ကာလ ဒေသ ပုဂ္ဂလကိုကြည့်ပြီး အကျိုးအကြောင်း အဆိုးအကောင်းကို သဘာဝကျကျ ပိုင်းခြားစိစစ်ရပါမယ်။ ပိုင်းခြားစိစစ်ပြီး ထွက်ပေါ်လာတဲ့ အမှားနဲ့အမှန်အဖြေပေါ်မှာ အမှားကို စွန့်လွှတ်နိုင်ပြီး အမှန်ဆိုရင်ကျင့်သုံးလိုက်နာနိုင်အောင် ကြိုးစားရပါလိမ့်မယ်။ ဒါမှသာ ကိုယ်နဲ့လူမှုပတ်ဝန်းကျင်ဟာ သဟဇာတညီမျှပြီး ကိုယ့်ရဲ့အကျိုးကိစ္စတွေလည်း ပြီးမြောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ကိုယ်တွေ့ကြုံခဲ့ရတဲ့ မိသားစုတစ်စုအကြောင်း ပြောပြချင်ပါတယ်။ သူတို့မိသားစုဟာ ဆင်းရဲလွန်းသူတွေ မဟုတ်ပေမယ့်လည်း ချမ်းသာသူတွေလည်း မဟုတ်ကြပါဘူး။ အထိုက်အလျောက် အဆင်ပြေပြေ နေနိုင်စားနိုင်သူတွေဖြစ်ပါတယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်းမှာ ဘဝကိုအတော်လေးရုန်းကန်ခဲ့ကြရသူတွေဆိုလည်း မမှားပါဘူး။ လက်ရှိအခြေအနေကိုရောက်လာဖို့ တော်တော်လေးကြိုးစားခဲ့ရသူတွေ ဖြစ်ပါတယ်။ ပြဿနာက သားသမီးတွေ အရွယ်ရောက်လာခဲ့တာပါပဲ။ ဘွဲ့တွေလည်းရ၊ ခေတ်ပညာလည်းတတ် ထိုက်သင့်တဲ့ ဝင်ငွေလေးတွေလည်းရလာကြတော့ သူတို့ရတဲ့ဝင်ငွေလေးတွေနဲ့ သူတို့ရဲ့မိသားစုဘဝလေးကို ပြောင်းလဲချင်တဲ့စိတ်ကူးလေးတွေ သားသမီးတွေမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ အဓိကက သူတို့နေတဲ့အိမ်အိုလေးကို အသစ်ဆောက်လုပ်ချင်ကြတာပါ။ သားသမီးတွေဟာ ငယ်ရွယ်သူဖြစ်တာနဲ့အညီ သူတို့စိတ်ကူးလေးတွေနဲ့ အိမ်ပုံစံအနေအထား၊ မီးဖိုဆောင်၊ မျက်နှာသာစတဲ့ ခေတ်အမြင်ခေတ်အတွေးလေးတွေနဲ့ ဆောက်လုပ်ချင်ကြတယ်။ မိဘတွေကိုလည်း အကြိမ်ကြိမ်အခါခါ တိုင်ပင်ပါတယ်။ တိုင်ပင်တဲ့အဆင့်မှာပဲ သူတို့စိတ်ကူးဆန္ဒတွေဟာ အောင်မြင်မှုမရှိ ပျက်ပျယ်ခဲ့ကြရတာချည်းပါပဲ။ မအောင်မြင်တဲ့အကြောင်းက ဖခင်ဖြစ်သူဟာ သားသမီးတွေရဲ့ စိတ်ကူးဆန္ဒတွေကို အသိအမှတ်မပြုဘဲ သူဆောက်လုပ်ချင်တဲ့ ပုံစံကိုသာ အမြဲလိုလို ပြောနေပါတယ်။ နောက်တော့ သားသမီးတွေက ဖခင်ရဲ့ဆန္ဒကို မငြင်းဆိုချင်တာကြောင့် ဘာမှမပြောတော့ဘဲ နေခဲ့ကြတာ ဒီနေ့အချိန်ထိ ပြောင်းလဲမှုမရှိလာတော့ပါဘူး။

လူတိုင်းဟာ အတ္တမာန မကင်းကြပါဘူး။ အတ္တ မာန မကင်းသူတိုင်း အမှားဆိုတာ ရှိပါတယ်။ မှားတာဟာ အပြစ်လို့မဆိုသာပေမယ့် အမှားကိုအမှားမှန်း မသိခဲ့ရင် အမှားကို အမှားမှန်းသိပါလျက်နဲ့ မပြုပြင်နိုင်ခဲ့ရင် မြက်ရိတ်သမားလို ဆင်းရဲပင်ပန်းမှုတွေနဲ့ ဘဝကိုဖြတ်သန်းရပါလိမ့်မယ်။ အောင်မြင်မှုတွေနဲ့လည်း ဝေးကွာလာပါလိမ့်မယ်။ ကိုယ့်ဘဝထဲမှာ ဆင်းရဲမှုတွေ အထီးကျန်ဆန်မှုတွေ ကျရှုံးမှုတွေနည်းသွားဖို့ဆိုရင် သူတစ်ပါးတို့ရဲ့ ဝေဖန်ထောက်ပြလမ်းညွှန်ပြသမှုကို နားထောင်နိုင်စွမ်းနဲ့ အမှားအမှန် စိစစ်နိုင်စွမ်းရှိရမယ်။ အမှန်တရားထွက်ပေါ်လာပြီဆိုရင်လည်း အမှားကိုစွန့်လွှတ်ပြီး အမှန်တရားကို လက်ခံကျင့်သုံးရဲသူဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်ကြိုးစားပြီး တည်ဆောက်နိုင်ဖို့ လိုပါတယ်။

လူဆိုတာ တစ်ဦးတစ်ယောက်တည်း နေထိုင်တဲ့သတ္တဝါမဟုတ်ပါဘူး။ အပေါင်းအသင်း မိသားစုစတဲ့ ပတ်ဝန်းကျင်အသိုင်းအဝန်းတွေနဲ့ နေထိုင်ရှင်သန်ရသူတွေပါ။ ကိုယ့်ဆန္ဒ၊ ကိုယ့်စိတ်ကူးတွေကို ရှေ့တန်းတင်နေပြီး တစ်ယူသန်၊ အစွဲအလမ်းတွေနဲ့ အမုန်းတွေ၊ အတ္တတွေ၊ မာနတွေကို ကိုင်စွဲထားဖို့ မသင့်ပါဘူး။ လူဆိုတာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား ရှိသူပီပီ တစ်ပါးသူတို့ရဲ့ ဝေဖန်အကြံပြုမှုတွေကို သတိတရားနဲ့ အလေးထားတတ်ပါမှ အမှားနည်းပြီး မြက်ရိတ်သမားလို ဆင်းရဲပင်ပန်းမှုတွေကင်းဝေးကာ ပစ္စုပ္ပန်သံသရာနှစ်ဖြာသော အောင်မြင်မှုချမ်းသာမှုတွေကို ပိုင်ဆိုင်ကြမှာ ဖြစ်ပါတယ်။

## အမျိုးသားအောင်ပွဲနေ့

အမျိုးသားနေ့ တို့မမေ့
မှတ်ကြ အောင်ပွဲနေ့... ။
နယ်ချဲ့တို့ရဲ့ ဇာတိအမှန်
ပြကြ အချိန်တန်...။
ပညာရေးမှာ ဖိနှိပ်ထား
ခွဲခြား သင်စို့လား ... ။
ထိုခေတ်အခါက လူရည်တော်
ကြိုးစားခဲ့လို့ အောင်ပွဲပျော်
ရင်းခဲ့ရတဲ့ သွေးချွေးများ
တို့တွေအားလုံး မမေ့ထား ... ။
တော်လှန်ရေးတို့ ပေါ်ထွန်းရာ
မုန်းဆုတ် ၁၀ ရက်မှာ
ဆောင်းနှင်းဖွေးဖွေး ဆီးနှင်းအေး
အမျိုးသားနေ့လို့ သတ်မှတ်ပေး ... ။
ဘိုးဘွားတို့ရဲ့ ပညာအမွေ
ထိန်းသိမ်းစောင့်ရှောက်နေ
ကြုံဆုံလာ မမေ့ကြ
အမျိုးသားနေ့လို့ မှတ်ယူကြ ... ။
အောင်ပွဲများနဲ့ ခြိမ့်ခြိမ့်ပျော်
မြန်ပြည်တစ်ခွင်နော်
တို့များရင်ဝယ် မမေ့ဖို့
လက်ဆင့်ကမ်းလို့ ပြောပြစို့ ... ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

## ကောက်ဦးပေါ်စ ဆောင်းအလှ

ငွေရည်နှင်းစက် တဖျက်ဖျက်ကြွေ
မြောက်ပြန်လေညင်း နွဲ့နွဲ့သင်းသော်
လယ်ကွင်းလယ်ယာ ရွှေဆင်းဝါ၍
တစ်သင်းလုံးမေ ရိတ်သိမ်းနေပြီ
ကောက်ဦးပေါ်တဲ့ ဒီရာသီ။
ဆောင်းလရာသီ နှင်းငွေရည်ဖျန်း
တုန်ချမ်းခိုက်ခိုက်
သွားကိုက်အောင်အေး
အပူမေးဖျော့ မြူကြေ့ကြေ့ထဲ
နော့နော့သီဆို သံချိုတေးချင်း
ရင့်ကျူးရင်းဖြင့် ပန်းခြင်းမထင်
ငန်းစဉ်ရိတ်ထုံး ရွှင်အပြုံးနှင့်
တစ်သင်းလုံးမေ မြူးကြွနေပြီ
ကောက်ဦးပေါ်တဲ့ ဒီရာသီ။
ကောက်ဦးပေါ်စ ဤဆောင်းလဝယ်
မြူးကြွတောင်သူ စိတ်ထားဖြူဖွေး
မနှေးသဒ္ဓါ ဒါနမျိုးစေ့
ပြန်၍စိုက်ကာ လှူဒါန်းရှာသည်
ကောက်ဦးပေါ်တဲ့ ဒီရာသီ။

နောင်ရိုး(ကန့်ဘလူ)